

www.burmeseclassic.com
နိုးမိုးစာပေ
BURMESE CLASSIC .com
လုံးချင်းဝတ္ထုသစ်
မြပုလဲသွယ်
တို့နှစ်ယောက်ရဲ့ကောင်းကင်
L လင်း
www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

★ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

★ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
★ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်မှုခိုင်မာရေး
★ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင်တည်ဆောက်ရေး
★ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄) ရပ်

★ စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
★ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
★ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
★ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄) ရပ်

★ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
★ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
★ စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
★ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

14 NOV 2012

မြပုလဲသွယ်

# တို့နှစ်ယောက်ရဲ့ကောင်းကင်

www.burmeseclassic.com

www.burmeseclassic.com


| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၅၀၀၄၇၄၀၅၁၂ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၅၀၀၄၅၂၀၆၁၂ |
| အဖုံးဒီဇိုင်း | - | L လင်း |
| ထုတ်ဝေသူ | - | ဒေါ်မိုးသီတာ (စိုးမိုးစာပေ)<br>(မြဲ-၀၃၇၅၁)<br>အမှတ် ၁၃၊ ၁၀၇ လမ်း၊<br>မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။ |
| ပုံနှိပ်သူ | - | ဦးမြင့်သန်း (မြဲ-၀၄၉၀၂)<br>စံယဉ်အော့ဖ်ဆက်<br>၆၈၊ ကားဝါလမ်း၊<br>အုံမြို့နယ်။ |
| အတွင်းဖလင် | - | ဦးထွန်းဆိုင် |
| စာအုပ်ချုပ် | - | ကိုသန်းငွေ |
| ပုံနှိပ်ခြင်း | - | ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ။ |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၁၅၀ ကျပ် |

မြပုလဲသွယ်
တို့နှစ်ယောက်ရဲ့ကောင်းကင်/မြပုလဲသွယ်။ - ရန်ကုန်
စိုးမိုးစာပေ၊ ၂၀၁၂
၂၈၈- စာ၊ ၁၂ × ၁၈ စင်တီ။
(၁) တို့နှစ်ယောက်ရဲ့ကောင်းကင်


## အခန်း (၁)

ပင်လယ်ပြင်ကို ဖြတ်သန်းတိုက်ခတ်လာသော အေးမြသည့် လေနုအေးတို့က သွယ်လျလှပအိန္ဒြေရှိစွာ ဖြာဝေနေသော နှင်း၏ဆံနွယ်နှင့် လုံချည်အနားစများကို တဖျတ်ဖျတ် လွင့်မျောရိုက်ခတ်နေ၏။

ပင်လယ်ပြင်ကို မျက်နှာမူထားသည့် ဘန်ဂလို၏ဝရန်တာလက်ရမ်းကို မှီနွဲ့ရပ်လျက် အဆုံးအစမရှိသော ရေပြင်နှင့် ပင်လယ်ကမ်းခြေ သဘာဝအလှမြင်ကွင်းကို မလှုပ်မယှက် ငြိမ်သက်တိတ်ဆိတ်စွာ ငေးမောကြည့်နေမိ၏။

ယခု နှင်းရောက်ရှိသောနေရာက နှင်း၏ချစ်သူရှိသော

www.burmeseclassic.com



နေရာနှင့် မိုင်ပေါင်းများစွာဝေးသော ပင်လယ်ကမ်းခြေတစ်နေရာတွင် ဖြစ်သည်။

လရောင်လွှမ်းခြုံထားသော ရေပြင်က ကဗျာဆန်လျက်။ လှပသော ပန်းချီကားတစ်ချပ်နှယ်။

သို့သော်လည်း လှသောညနှင့် လတို့၏အလှကောင်းကင်နှင့် ရေပြင်တို့၏ သဘာဝအလှများကို ဖမ်းစားနိုင်လောက်အောင် နှိုင်း စိတ်နှင့်ကိုယ် ကင်းကွာလျက်။ နှလုံးသားတို့ အစိတ်စိတ် အမွှာမွှာ ကွဲကြေလျက်ရှိ၏။

နှိုင်း၏ ဘဝသက်တမ်းတစ်လျှောက်တွင် အခုလောက် အကြီးအကျယ် စိတ်ထိခိုက်ရတာမျိုး၊ ဝမ်းနည်းကြေကွဲရသော ခံစားမှုမျိုး မရှိခဲ့ဘူး။

လူသားအားလုံး နှစ်ခြိုက်စွာ အိပ်မောကျနေချိန်မှာ နှိုင်းသာလျှင် အိပ်စက်ရန် မေ့လျော့နေသူဖြစ်သည်။

နှိုင်းရဲ့ဘဝ၊ နှိုင်းရဲ့နှလုံးသားတစ်ခုလုံးဖြင့် ပေးအပ်၍ မြတ်နိုးစွာချစ်ခဲ့ရသော နှိုင်း၏ချစ်သူကတော့ နှိုင်းလိုအိပ်မပျော်နိုင်အောင် ခံစားနာကျင်ရသော နှလုံးသားရှိနေမည့်သူမျိုး မဟုတ်။





နောင်တကင်းကင်းနှင့် ဘာခံစားချက်မှမရှိသလို နေပြနိုင်သည့်သူ။

နှိုင်းဆိုတဲ့ သူမကသာ··။

အရှုံးတွေကိုရင်မှာပိုက်ထားရသည့် အဖြစ်တွေနဲ့လေ။

မောင့်ကို နှိုင်း မုန်းချင်သည်။ မေ့ပစ်ချင်သည်။

မောင်ဆိုတဲ့ လူတစ်ယောက်ကို နှိုင်း ဘယ်တော့မှ သတိမရနိုင်တော့မယ့် မေ့ခြင်းမျိုးဖြင့် ဘယ်တော့မှ သတိမရရင် ဘယ်လောက်များ ကောင်းလိုက်မလဲ။ အခုတော့ နှိုင်း ရင်နာစွာ မောင့်ကို သတိရနေမိသည်။ မုန်းချင်မေ့ချင်ပေမယ့် မုန်းမေ့လို့ မရနိုင်သေး။

ဒါကိုပဲ နှိုင်း ရင်နာရတာပါ။

"နှိုင်း"

"ညီမလေး"

နောက်ပါးဆီမှ တိုးတိတ်စွာ ထွက်ပေါ်လာသည့် မမလှိုင်း၏ခေါ်သံကို ကြားပေမယ့် နှိုင်း လှည့်မကြည့်မိ။

ဖွဖွနင်းလျှောက်လာသော မမလှိုင်းခြေသံက နှိုင်းအနားမှာ ရပ်တန့်သွား၏။

"နှိုင်းရယ် ဘာတွေ တွေးနေတာလဲ၊ မမလှိုင်း နှိုင်းကို

www.burmeseclassic.com



ကြည့်နေတာ ကြာပြီ၊ နှင်းပုံစံက စိတ်နဲ့ကိုယ် ကင်းကွာနေသလိုပဲ"

"ဟုတ်လား မမလှိုင်း၊ နှင်းပုံစံက အဲဒီလိုဖြစ်နေပြီလား"

နေရာတွင် မလှုပ်မယှက်ရပ်လျက် နောက်သို့လှည့်မကြည့်ဘဲ ပြောလိုက်သည့်နှင်းအသံက တိုးတိတ်အက်ကွဲလျက်။ ကိုယ့်အသံကိုပင် နှင်း မမှတ်မိသည်အထိ နာကျင်မှုတွေက နင့်နေ၏။

မမလှိုင်းထံမှ သက်ပြင်းချသံကို ကြားရသည်။

"အပြင်မှာ သိပ်အေးနေပြီ နှင်း၊ အခန်းထဲဝင်ပြီး နွေးနွေးထွေးထွေး အနားယူလိုက်ပါလား ကလေးရယ်"

မမလှိုင်းအသံက နှင်းအပေါ် ချစ်ခင်ကြင်နာ နွေးထွေးမှုအပြည့်။ လောကကြီးမှာ မမလှိုင်းလောက် နှင်းကို ချစ်နိုင်၊ ကြင်နာနိုင်မည့်သူမရှိ။ ဒါကလည်း နှင်းနှင့်ပတ်သက်လာတိုင်း မမလှိုင်းထံတွင် အမြဲလိုလိုရှိနေတတ်သည့် ချစ်ခြင်းမေတ္တာဖြစ်သည်။

ထို့အတွက် မမလှိုင်းကို နှင်း အမြဲကျေးဇူးတင်နေမှာပါ။

မောင်သာ နှင်းအပေါ်မှာ မမလှိုင်းလို မြတ်မြတ်နိုးနိုးချစ်ခဲ့၊ ဂရုစိုက်ခဲ့မယ်ဆိုရင် နှင်းဘဝ ဘယ်လောက်များ ပျော်လိုက်မည်မသိ။





အခုတော့..။

မောင်က နှင်းနှင့်ပတ်သက်ပြီး ထိုအတွေး ထိုစိတ်ကူးမျိုးပင် မရှိခဲ့။

ပြည့်တင်းနီရဲသော နှင်းနှုတ်ခမ်းဖူးဖူးလေးထက် နာကျင်သောအပြုံးလေးတစ်ခု ကြေကွဲစွာ ဖွန်းထင်သွားသည်။

"နှင်း"

မမလှိုင်းအသံက စိုးရိမ်ကြင်နာမှုတွေနှင့်။

"နှင်း ဘာမှမဖြစ်ပါဘူး မမလှိုင်း"

အလိုက်သိစွာပင် မမလှိုင်းက နှင်းက ဘာစကားမှမပြော။ နှင်းအနားမှာ တိတ်ဆိတ်စွာရပ်နေ၏။

အချိန်တို့ တရွေ့ရွေ့ကုန်သွားသည်။ နှင်းက နေရာမှာ တိတ်ဆိတ်စွာ ရပ်နေမြဲ။

မမလှိုင်းက နှင်းအနားမှာအတူရပ်လျက် ညအမှောင်ထုကို ငေးနေ၏။

နက်မှောင်သော ကောင်းကင်ပေါ်ရှိ လင်းလက်တောက်ပသော ငွေကြယ်ပွင့်ပေါင်းများစွာက နှင်းကို သနားကြင်နာစွာ ကြည့်



www.burmeseclassic.com

www.burmeseclassic.com



နေ၏။

ရေပြင်ဆီမှ လှိုင်းပုတ်သံသဲ့သဲ့ကို ကြားရသည်။ မမလှိုင်း အကြည့်တွေက နှိုင်းထံ ရောက်လာ၏။

"နောင်တ ရနေပြီလား နှိုင်း"

ထုံးစံအတိုင်း မမလှိုင်းအသံက နူးညံ့လျက်။ အပြစ်တင်လိုမှု အရိပ်အငွေ့မျှပင် မပါဝင်။

ထိုအတွက် နှိုင်းမှာ သူမကိုယ်သူမ အပြစ်မကင်းသလို ခံစားလိုက်ရသည်။ မာနနှင့် ဆုံးဖြတ်ခဲ့သော နှိုင်းရဲ့ဆုံးဖြတ်ချက်တွေ တကယ်ရော မှန်ကန်ရဲ့လား။

ထိုအတွေးက နှိုင်းနှလုံးသားကို အဆုံးအစမရှိ နာကျင်သွားစေသည်။

ဒါဟာ နှိုင်းအတွက်လား။

မောင့် အတွက်လား။

နှိုင်းကိုယ်နှိုင်း မခွဲခြားနိုင်တော့ပါ။ သေချာတာကတော့ မောင်နဲ့ပတ်သက်ပြီး နှိုင်း နောင်တမရ။ ဒါကိုတော့ မမလှိုင်းကို သိစေချင်၏။





"သူနဲ့ပတ်သက်ပြီး နှိုင်းရင်ထဲမှာ နောင်တဆိုတာ ဘယ်တော့မှ ရှိလာမှာမဟုတ်ပါဘူး မမလှိုင်း၊ ဒါပေမဲ့ နှိုင်း ဝန်ခံပါတယ်၊ နှိုင်းရင်ထဲမှာ သူ့အကြောင်းတွေနဲ့ ရှုပ်ထွေးနေတယ်"

နှိုင်းအသံက ဟိုးအဝေးက ပျံ့လွင့်လာသလိုမျိုး တိုးတိတ်လျက်။

"ဒီလိုကိစ္စမျိုးဆိုတာ အားလုံးကို ချက်ချင်းမေ့ပစ်ဖို့ လွယ်တာမှမဟုတ်တာဘဲ နှိုင်းရယ်"

"နှိုင်းအနေနဲ့ ခေါင်းအေးအေးထားပြီး အချိန်ယူသင့်တယ်လို့ မမလှိုင်း ထင်တယ်၊ ပြီးတော့ အခုအဖြစ်အပျက်တွေနဲ့ပတ်သက်ပြီး နှိုင်း ဘယ်တော့မှ နောင်တမရဘူးဆိုတာလည်း မမလှိုင်း သိတယ်"

"ဒါပေမဲ့ သေချာတာတစ်ခုတော့ မမလှိုင်း ပြောရတယ်၊ အဲဒါက နှိုင်းဆီမှာရှိတဲ့ ပျော်ရွှင်မှုမှန်သမျှ အားလုံး ပျောက်ဆုံးသွားပြီဆိုတာပဲ"

"ဒါကို ဘယ်လိုအကြောင်းပြချက်နဲ့မှ မဟုတ်ဘူးလို့ မငြင်းနဲ့နော် နှိုင်း၊ မမလှိုင်းက နှိုင်းကို အမြဲတမ်းပျော်ရွှင်စေချင်တဲ့သူ



www.burmeseclassic.com

www.burmeseclassic.com



ဆိုတော့ ညီမလေးအတွက် စိုးရိမ်မိတယ်၊ အခုလို တစ်ယောက်တည်းကြိတ်ပြီး ခံစားနေရတာကိုလည်း မမလှိုင်း မကြည့်ရက်ဘူးကွယ်''

ဝမ်းနည်းကြေကွဲရသည့် နှင်းနှလုံးသားအတွက် ဒီထက်ပိုပြီး နှင်း ဆက်ပြီး ဟန်မဆောင်ချင်တော့။

နာကျင်ကြေကွဲသည့် နှလုံးသားမှ ခံစားမှုတွေကြောင့် နှင်းမျက်ဝန်းမှာ မျက်ရည်တွေပြည့်လာတာကို ချက်ချင်းထိန်းလိုက်နိုင်၏။

''တော်ပါတော့ မမလှိုင်းရယ်၊ သူနဲ့ပတ်သက်ပြီး အားလုံးဟာ ပြီးခဲ့ပါပြီ၊ နှင်းဘက်က သူနဲ့ပတ်သက်ပြီး ဘယ်တုန်းကမှ မမှားခဲ့ဘူး''

တစ်ယောက်ကိုတစ်ယောက် အသည်းနှင့်အောင် ချစ်ခဲ့သော ချစ်သူနှစ်ဦး၏ နောက်ဆုံးဇာတ်သိမ်းက ဒီလိုမျိုးဖြစ်လာလိမ့်မည်လို့ မထင်ခဲ့။

နှင်း..မမှားဘူး။

ဒီလိုပြောလိုက်သည့်ခဏမှာ နှင်း နှလုံးသားတစ်ခုလုံးကို





လက်ကြမ်းကြမ်းနှင့် ဆုပ်ချေဖျစ်ညှစ်လိုက်သလို နင့်စူးသောဝေဒနာက ရင်မှာပြင်းထန်စွာဖြစ်လာ၏။

ဘုရားရေ..။

ဒါဟာ နှင်း သိပ်ချစ်တဲ့ချစ်သူက ပေးလိုက်တဲ့ ဝေဒနာတွေတဲ့လား။

နှင်းချစ်သူက ပေးအပ်လိုက်တဲ့ ဝေဒနာတွေဟာ ဘဝတစ်သက်တာအတွက် ပြည့်စုံလုံလောက်သွားပြီ ထင်ပါရဲ့။

နေထွဋ်သွေးဆိုသော ယောကျာ်းတစ်ယောက် နှင်းဘဝထဲကို အချစ်တွေနဲ့အတူ ဝင်ရောက်လာသလို ဝမ်းနည်းကြေကွဲရခြင်းတွေများကိုပါ တစ်ပြိုင်တည်း ပေးအပ်ခဲ့သူဖြစ်သည်။

နေထွဋ်သွေးအပေါ်ချစ်ခဲ့သော နှင်းအချစ်တွေက နှင်းနှလုံးသားမှာ နေရာပြည့်။ မြတ်နိုးနှင့်သည်းစွာ ရူးလောက်အောင်ချစ်ခဲ့မိသူ။

ထိုအတွက် အပြစ်ရှိသူက နှင်းပဲဖြစ်မည်ထင်သည်။

နှင်း ချစ်ခဲ့မိသူက ကိုယ့်ကိုယ်ကို အထင်ကြီးစွာ၊ တစ်ကိုယ်ကောင်းဆန်စွာ၊ အတ္တကြီးစွာ ရယူလိုသူဖြစ်ပြီး သူ့ထံက ပေးဆပ်မှု



www.burmeseclassic.com

www.burmeseclassic.com



များကိုတော့ ပြန်လည်တုံ့ပြန်ရန် ဝန်လေးတတ်သူ၊ ကြောက်ရွံ့တတ်သူတစ်ယောက်။

နှင်းကိုကြည့်တတ်သော မောင့်အကြည့်တွေက နှင်းဆိုတာသူ့အတွက် အချိန်မရွေးသောက်စားစရာ၊ အပျင်းပြေစရာ အရုပ်လေးတစ်ရုပ်လို အမြဲတမ်းအပေါ်စီးမှ အသာစီးရသော အပြုံးမျိုးနှင့် နှင်းကို မထိတရိကြည့်တတ်သည်။

နှင်းကတော့ မောင့်အကြည့်တွေကို ကြိုက်နှစ်သက်ခြင်းမရှိသည့်တိုင် ထိုအကြည့်များအောက်က ရုန်းထွက်ရန်ကိုလည်း မကြိုးစားခဲ့။

မောင့်ကို နှလုံးသားက နက်ရှိုင်းစွာ ချစ်မိသွားသည့်အတွက် မိန်းမတစ်ယောက်တွင် ရှိသင့်ရှိထိုက်သော ဂုဏ်သိက္ခာ၊ မာန်မာနတို့ လျှော့ချပြီး မောင့်ခြေဖဝါးအောက်မှာ ထားရစ်ခဲ့ဖို့ အထိများ ဖြစ်သွားခဲ့ပြီလား။

ဟင့်အင်း..။

ဒီလိုအဖြစ်မျိုးကို နှင်း မုန်းသည်။ အဖြစ်လည်း မခံနိုင်။ မောင့်ကို နှင်း သေလောက်အောင် ချစ်နေပါစေ။ မိန်းမတစ်ယောက်





၏ဂုဏ်သိက္ခာ၊ မာန်မာနတို့ကို ထိခိုက်နစ်နာစေမည့်အဖြစ်မျိုး နှင်းခွင့်မပြု။

နှင်း ဆုံးဖြတ်ချက်ကို နှင်း နောင်တမရ။ နှင်း အခုလိုဆုံးဖြတ်လိုက်လို့ ကိုယ့်ကိုယ်ကို အထင်ကြီးစွာ၊ အတ္တကြီးမားသောမောင်ဟာ နှင်းနောက်ကွယ်မှာ ကြိတ်ပြီး ပေါက်ကွဲမနေဘူးလို့ ဘယ်သူပြောနိုင်လဲ။

အတွေးတွေနှင့် နှင်း မျက်ဝန်းအစုံကို ဖျတ်ခနဲမှိတ်ချလိုက်တော့ ပူနွေးစိုစွတ်သော မျက်ရည်စတွေက နှင်းပါးပြင်ဆီသို့ စီးဆင်းလိမ့်ကျလာ၏။

နှင်း မျက်ရည်တွေကိုမြင်တော့ မမလှိုင်း မျက်နှာပျက်သွား၏။

"နှင်း..ညီမလေး"

"ကျေးဇူးပြုပြီး နှင်းကို ဘာမှမပြောပါနဲ့ မမလှိုင်းရယ်၊ နှင်းနှလုံးသားတွေ မခံစားနိုင်တော့လို့ပါ"

တုန်ခါအက်ကွဲနေသော စကားသံတွေ နှင်းနှလုံးသားသွေးစက်တွေနှင့်အတူ ထွက်ပေါ်လာရခြင်းဆိုတာ နှင်းပဲသိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဝမ်းနည်းနေပြီလား လှိုင်း"

မမလှိုင်းစကားကို နှိုင်း ရုတ်တရက် မဖြေနိုင်။

ဝမ်းနည်းနေပြီလားတဲ့။

ဟင့်အင်း..နှိုင်းကိုယ်တိုင်လည်း သေချာမသိ။ နှိုင်းအခု ခံစားနေရတာ ဝမ်းနည်းခြင်းတွေလား။ မမလှိုင်းက နှိုင်း၏ အေးစက်နေသောလက်လေးကို ညင်သာစွာ ဆုပ်ကိုင်လိုက်၏။

"မမလှိုင်း ဘာလုပ်ပေးရမလဲ ညီမလေး"

"ဟင့်အင်း..နှိုင်းကို မမလှိုင်း ဘာမှလုပ်ပေးလို့မရပါဘူး မမရယ်"

"ညီမလေးရယ်"

မမထံမှ အားပေးနှစ်သိမ့်မှုက နှိုင်းရင်ထဲက ဝေဒနာကို ဖြေသိမ့်နိုင်စွမ်း မရှိခဲ့။

မောင်နှင့်ပတ်သက်ပြီး နှိုင်းရင်ထဲက ဝေဒနာတွေကို ကြိုးစားမေ့ပစ်ပေမယ့် မအောင်မြင်နိုင်တာကို နှိုင်းလည်းမတတ်နိုင်။

ဒါဟာ နှိုင်းရဲ့ရှုံးနိမ့်မှုဆိုတာသိရတော့ နှိုင်းရင်အစုံမှာ ပို၍ နာကျင်သွားသည်။





နှိုင်း မောင့်အနားကခွဲခွာရန် ဆုံးဖြတ်ခဲ့ခြင်းမှာလည်း ရှုံးနိမ့်မှုကို ကြောက်ရွံ့၍ဖြစ်သည်။

ဒါဖြင့် ဘာကြောင့် မောင့်ပုံရိပ်တွေ နှိုင်းမျက်ဝန်းထဲ တရစ်ဝဲဝဲ ရှိနေရသနည်း။

သေချာတာက နှိုင်း နေထွင့်သွေးဆိုသည့် မောင့်ကို ခုချိန်ထိတိုင် နှိုင်း နှလုံးသားမှနေ မေ့၍မရသေးခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

"မမလှိုင်း အခု ညွှန်ခံပွဲက နိုင်ငံခြားမှာနေတဲ့ အန်တီသန့်ရဲ့သား နေထွဋ်သွေး မြန်မာပြည်ရောက်တဲ့ နှုတ်ဆက်ပွဲဆို"

"ဟုတ်တယ်..နှိုင်း၊ နေထွဋ်သွေး မြန်မာပြည်ကို ပြန်လာတဲ့ နှုတ်ဆက်ပွဲ ညီမလေးရဲ့"

"သူက မြန်မာပြည်ကို ပြန်လာတာဆိုတော့ ဒီမှာ အပြီးနေတော့မှာပေါ့နော် မမလှိုင်း"

"သြော်..နှိုင်းရယ်၊ မြန်မာတစ်ယောက်က မြန်မာပြည်မှာနေတာ ဘာဆန်းလို့လဲကွယ်၊ ဟိုမှာ သူနေတယ်ဆိုတာကလည်း



www.burmeseclassic.com

www.burmeseclassic.com



မိသားစုစီးပွားရေးလုပ်ငန်းတွေကြောင့် နေရတာ၊ ပြီးတော့ နှိုင်းကို ပြောထားရဦးမယ်နော်၊ ခုပွဲမှာ မမလှိုင်း နှိုင်းကိုခေါ်တာ နှိုင်းအတွက် အတွေ့အကြုံဗဟုသုတရအောင်လို့ ခေါ်လာတာ"

"ပြောရရင်တော့ မမလှိုင်းညီမလေးက လူတွေနဲ့ ဝင်ဝင် ဆံ့ဆံ့မရှိတော့ အတွေ့အကြုံရအောင် လူတွေနဲ့ ပြောဆိုပေါင်းသင်း တတ်အောင် ခေါ်လာတာ၊ နောက်ဆို ဒီပွဲမျိုး နှိုင်းအတွက် အတွေ့ အကြုံရသွားပြီ"

မမလှိုင်းက နှိုင်းအပေါ်ထားသော စေတနာစကားမှန်းသို့ မမလှိုင်းကို နှိုင်း ချစ်စဖွယ်အပြုံးလေးနှင့် ကြည့်လိုက်၏။

"ဟုတ်ကဲ့ပါ မမလှိုင်းရဲ့၊ မမစေတနာကို နှိုင်း သိ တယ်၊ ဒါပေမဲ့ ဒီပွဲကို နှိုင်းမလိုက်ချင်ဘူး"

"နှိုင်းက လူတွေနဲ့ ရောနှောမနေတတ်တာ မမသိတ သိလို့လည်း မမလှိုင်းက နှိုင်းကို မပါပါအောင်ခေါ်နေရတာ၊ မလိုက်ချင်လို့မရဘူး"

"ဒီလိုပွဲမျိုး မမက နှိုင်းကို တမင်ခေါ်တာ၊ ဘယ့် ကွယ်၊ ကိုယ်က ခုမှ အသက်ကလေး ငယ်ငယ်ရှိသေးတာ၊





နေတာ အတွားအိုလေးလို၊ ဟိုပွဲဆိုလည်း မလိုက်ချင်၊ ဒီပွဲဆိုလည်း မသွားချင်နဲ့၊ ကြာရင် နှိုင်းလေး လူတွေနဲ့ အဆက်အသွယ်ပြတ်သွား မယ်··သိလား"

"နှိုင်းက အဲဒီလောက်ကြီးလည်း မဟုတ်သေးပါဘူး မရယ်၊ ပြီးတော့ နှိုင်းက ကျောင်းသူ၊ ကျောင်းတက်နေရတာ"

"ကျောင်း··ဘာကျောင်းလဲ၊ အမှတ်ကောင်းကောင်းနဲ့ အောင်ပြီး လိုင်းကောင်းကောင်းရပါရက်နဲ့ ရိုးရိုးမေဂျာနဲ့ အဝေးသင် တက်နေတဲ့ မိန်းကလေးက လူတွေနဲ့ ဘယ်လောက်များ ဆက်ဆံမှု ရှိမှာမို့လို့လဲ၊ နှိုင်းကို မပြောသာလို့ ကြည့်နေရတာနော်၊ ဖေဖေနဲ့ မေမေကလည်း အဲဒီကိစ္စနဲ့ပတ်သက်ပြီး နှိုင်းကို သိပ်ကြည့်တာ မဟုတ်ဘူး"

"အဟင်း··ဟင်း··ဟင်း··မမကလဲ၊ နှိုင်းအကြောင်း သိရက်နဲ့၊ နှိုင်းကို စိတ်ဆိုးစရာလားလို့"

နှိုင်းက သူမနှင့် အသက်ဆယ်နှစ်ခန့်ကွာသော အစ်မ ဖြစ်သူ လှိုင်းကို ချော့မော့ဟန်အပြုံးနုနုလေးနှင့် ချစ်စဖွယ်ဆိုလိုက် သည်။



www.burmeseclassic.com

www.burmeseclassic.com



ချစ်စရာလှပလွန်းသည့် ညီမချောကိုကြည့်၍ လှိုင်းသက်ပြင်းချလိုက်သည်။

နှိုင်းဆိုတာ လှိုင်းတို့မိသားစုရဲ့ အသည်း။ မေမေက လှိုင်းနှင့် နှိုင်းကို ဆယ်နှစ်ခန့်ခြားပြီးမှ မွေးလာခဲ့ရသူအဖြစ် မိသားစုအားလုံးက မျက်စိအောက်က အပျောက်မခံနိုင်အောင် ချစ်ခင်အလိုလိုက်ခံလာရသည့်ကလေး။ နှိုင်း ဘာလုပ်လုပ်၊ ဘာပြောပြော အားလုံးက ခွင့်လွှတ်မှုတွေနှင့် အချစ်တိုးနေရသော အချစ်ကံကောင်းသူ။

ချစ်စရာ သမီး၊ ချစ်စရာ ညီမအငယ်အဖြစ်နှင့် နှိုင်းကို ဘာမှမပြောရက်။ မိဘနှစ်ပါးက အစိုးရဝန်ထမ်းတွေ။ လှိုင်းကိုယ်တိုင်ကတော့ ကျောင်းပြီးကတည်းက စိန့်ပွဲစားလုပ်ခဲ့သူအဖြစ် မိတ်ဆွေအပေါင်းအသင်း ဆုံသည်။

စီးပွားဥစ္စာဆိုတာက နှိုင်းတို့ မိသားစုအတွက် ပူစရာမရှိခဲ့။ အဘိုးအဘွားများထားခဲ့သည့် ပစ္စည်းဥစ္စာက လှိုင်းတို့မိသားစုလေးယောက်အတွက် ပြည့်စုံလုံလောက်သည်။ ပူစရာမလို။

လှိုင်း စိတ်ပူတာက ညီမငယ် နှိုင်းအတွက်ဖြစ်သည်။





နှိုင်းက လှိုင်းနှင့်မတူ။ အလှဆုတောင်း ကောင်းသူလေးဖြစ်၍ နှိုင်းအလှကို စိတ်မဝင်စားသူမရှိ။ တစ်ခါမြင်ရုံဖြင့် မေ့မရနိုင်သော အလှပိုင်ရှင်မလေးဖြစ်ပေမယ့် နှိုင်းက တခြားမိန်းကလေးတွေလို သူ့အလှကို ဖုံကြွားဂုဏ်ယူတတ်သူမဟုတ်။ အကြောင်းကိစ္စမရှိဘဲ အိမ်ထဲကအိမ်ပြင် မထွက်တတ်၍ နှိုင်းမှာ အပေါင်းအသင်းကသိပ်မရှိ။ ရိုးသော၊ အေးသော နှိုင်းကို လှိုင်း ဘယ်လိုမှစိတ်ချကြည့်၍မရ။

နှိုင်းကြောင့် လှိုင်းမှာ ချစ်သူရှိပါလျက် ခုချိန်ထိ အိမ်ထောင်မပြုဘဲ နှိုင်းအနားမှာ ရှိနေခြင်းဖြစ်သည်။

အားလျှင် နှိုင်းက စာအုပ်တစ်အုပ်နှင့် အချိန်ကုန်နေသူအဖြစ် သူတစ်ယောက်တည်း သီးသန့်ဆန်စွာ နေတတ်သည်။ လူစိမ်းတစ်ယောက်နှင့် စကားပြောဆိုဖို့ဆိုတာ နှိုင်းအတွက် ခက်ခဲသောအလုပ် ဖြစ်နေတတ်ရုံမက နှိုင်းက သူမသိချင်သူနှင့်ဆိုဘယ်သူ့ကိုမှ စကားမပြောတတ်၍ ဆက်ဆံရေးညံ့သည်အထဲ ပါသူဖြစ်သည်။

ဒါပေမဲ့ နှိုင်းက အိမ်မှာတော့ မိသားစု၏ အိမ်ဆည်းလည်း



www.burmeseclassic.com

www.burmeseclassic.com



လေးဖြစ်သည်။

တစ်အိမ်လုံး နှိုင်းရယ်သံ၊ နှိုင်းလှုပ်ရှားသံလေးတွေနှင့် အမြဲ ချစ်စရာကောင်းနေတတ်သူ။

လိမ္မာယဉ်ကျေး၍ ချစ်စဖွယ်စကားဆိုတတ်သော နှိုင်း၏ အပြုအမူလေးတွေက မိဘနဲ့အစ်မအတွက်ဖြစ်ပေမယ့် လှိုင်းတို့အိမ်ကို လူစိမ်းတစ်ယောက် ရောက်လာသည်နှင့် နှိုင်းကို မတွေ့ရတော့ပါ။ လှစ်ခနဲပျောက်သွားကာ ပုန်းနေတတ်သူဖြစ်သည်။

လှိုင်းမှာ နှိုင်း၏ ထိုအပြုအမူလေးများပေါ်တွင် အားမလို အားမရ စိတ်မောရပေမယ့် နှိုင်းက လှိုင်း ဆုံးမစကားကို နားမထောင်။ ပြုံးပြုံးလေးနှင့် သူမ နေတတ်သလို နေ၏။

လှိုင်း ဖြစ်စေချင်သလို ဘာတစ်ခုမှမဖြစ်။

"မမလှိုင်းကလဲ နှိုင်းက ဒီလိုပဲနေတတ်တာကို"

"မမလှိုင်းရှိတုန်းတော့ ဟုတ်တာပေါ့ညီမရယ်၊ ဘဝဆိုတာ ဘယ်အရာကိုမှ ပုံသေကားချပ် တွက်လို့မရတာ"

"နောက်တော့ သူ့ဘာသာ ဖြစ်လာမှာပေါ့ မမရယ်"

လှိုင်း ဘာပြောပြော နှိုင်းက သူ့အကြောင်းပြချက်နှင့်





သူ့ပုံစံအတိုင်း နေမြဲ၊ သွားလာလှုပ်ရှားမြဲ။ ကြားထဲက ရင်မောရသူက လှိုင်း။

အခုအစီအစဉ်ကိုလည်း လှိုင်းဘာသာ စီစဉ်နေရပေမယ့် နှိုင်းက ညှိခံပွဲကို လှိုင်းနှင့်အတူတကဖို့ စိတ်မပါ။ ပြောလို့လည်း မရ။ လှိုင်းက နှိုင်းကို လူတောထဲ ဝင်စေချင်သည်။ ဒါကြောင့် နှိုင်းကို မဖြစ်ဖြစ်အောင် ဒီညှိခံပွဲတက်ဖြစ်အောင် ပြောဆိုစည်းရုံးနေရခြင်းဖြစ်သည်။

လှိုင်းနှင့် နေထွဋ်သွေး၏မိခင် မမသန်းတို့က ဟိုးအရင်တည်းက ခင်မင်ရင်းနှီးပြီးသား မိတ်ဆွေများဖြစ်၍ လှိုင်းကို ညီမရင်းတစ်ယောက်လို ချစ်ခင်သံယောဇဉ်ရှိသူဖြစ်သည်။

မြန်မာပြည်ကို မမသန်း ပြန်လာတိုင်း လှိုင်းထံမှ ရတနာပစ္စည်းများကို ဝယ်ယူတတ်ရုံမက မမသန်းအတွက် လိုအပ်သည့် အကူအညီများကိုလည်း လှိုင်းကပဲ ကူညီခဲ့ရသည်။ တစ်ယောက်ကို တစ်ယောက် သွေးသားအရင်းအချာလို ချစ်ခင်ကြသူနှစ်ယောက်။

မမသန်းတွင် သားတစ်ယောက်ရှိမှန်းသိပေမယ့် လှိုင်း မမြင်ဖူး။ ဓာတ်ပုံနှင့် နေထွဋ်သွေးဆိုတာကိုတော့ ရင်းနှီးခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဖုန်းနှင့်လည်း စကားပြောဖူးသည်။ ခင်မင်ရင်းနှီးမှုလည်း ရှိခဲ့သည်။

နေထွဋ်သွေးကိုယ်တိုင် လှိုင်းကို မစိမ်းသလို လှိုင်းအတွက် နေထွဋ်သွေးဆိုတာ မောင်လေးတစ်ယောက် ကောက်ရသလိုဖြစ်ခဲ့သည်။

နေထွဋ်သွေးဆိုတာက လူတော်တစ်ယောက်။ လူငယ်ပေမယ့် စီးပွားရေးလုပ်ငန်းကုမ္ပဏီတစ်ခုကို အောင်မြင်စွာ တည်ထောင်ထားနိုင်သူ။ လူချင်းမရင်းနှီးပေမယ့် နေထွဋ်သွေး၏ အရည်အချင်းနှင့် နေထွဋ်သွေးရုပ်ရည်က ဖျိုတိုင်းကြိုက်နှင့်ဆီမိုင်စာရင်းဝင်ဖြစ်သည်။

စီးပွားရေးလုပ်ရာတွင် ထူးချွန်ထက်မြက်သော နေထွဋ်သွေးကိုယ်တိုင် မြန်မာပြည်ကို ပြန်လာကာ စီးပွားရေးလုပ်ငန်းများကို ဈေးကွက်အသစ်ဖွင့်ရန် စီစဉ်နေခြင်းဖြစ်သည်။

"မမ"

"ဟင်"

"မမပြောတဲ့ နေထွဋ်သွေးဆိုတဲ့လူက သဘောကောင်းရဲ့လားဟင်"





"ကောင်းပါတယ်၊ မမနဲ့ စကားပြောဖူးသလောက်တော့ လူယဉ်ကျေးတစ်ယောက်ပါ၊ နှင်းက ဘာဖြစ်လို့ မေးတာလဲ"

"ဒေါသကြီးတဲ့လူ၊ မာနကြီးတဲ့လူမျိုး နှင်း သဘောမကျလို့ပေါ့၊ နှင်းက လူကို လူလိုမြင်တတ်၊ ကြည့်တတ်တဲ့ ကိုယ်ချင်းစာတရားရှိတဲ့သူမျိုးဆိုရင် ဆင်းရဲချမ်းသာမဆိုင်ဘူး၊ နှင်းစိတ်ထဲ သူ့အလိုလို ခင်မင်ပြီးသားဖြစ်သွားတာပဲလေ"

"သြော်..သြော်"

ဂုဏ်သရေရှိ ပိုက်ဆံရှိ အသိုင်းအဝိုင်းမြင့်မားသူများမို့ ညှိခံပွဲက သူများပွဲတွေနှင့်မတူ။ အထူးပင် စည်ကားသည်။

ရောင်စုံမီးများက တဖျတ်ဖျတ် တလက်လက်နှင့်။ ထိုအလင်းရောင်ကြားတွင် လှိုင်းတစ်ယောက် အန်တီသန်းကိုရှာနေဆဲ..

"လှိုင်း"

"ဟင်"

များပြားလှသော စိန်ရောင် ရွှေရောင်တို့ ဖိတ်ဖိတ်လက်နေသည့် လူစုလူဝေးထဲမှာ လှိုင်းအမည်ကို ရင်းရင်းနှီးနှီး ခေါ်လိုက်သံကြား၍ လှည့်ကြည့်လိုက်တော့ လှိုင်းကို ပြုံးပြုံးကြီးကြည့်နေ

www.burmeseclassic.com



သည့် လှိုင်းသူငယ်ချင်း မချယ်ရီ။

"ဟယ်..ချယ်ရီ"

"တို့လှိုင်းက သိပ်လှနေပါလားကွ၊ ဘယ်လိုလဲ..လှိုင်းနဲ့ ကိုစိုးသတင်း ချယ်ရီ ကြားပါတယ်နော်"

ချယ်ရီစကားကြောင့် လှိုင်း ပြုံးလိုက်သည်။

"ဒီလိုပဲပေါ့ဟယ်၊ လှိုင်းက မိသားစုထဲမှာ အကြီးဆုံး ဆိုတော့ အိမ်ထောင်ရေးကိစ္စကို လွယ်လွယ်မဆုံးဖြတ်နိုင်တာ တစ်ခု တည်းပါ"

"ကိုစိုးကြီး သနားပါတယ်တယ် လှိုင်းရယ်"

ချယ်ရီ့စကားကို လှိုင်း ရယ်လိုက်သည်။ လှိုင်းကိုယ်တိုင် လည်း ချစ်သူကို သနားရပါသည်ဆိုလျှင် ချယ်ရီ ယုံပါ့မလား မသိ။ လှိုင်းက..

"ချယ်ရီ..ဒါ နှိုင်းလေ"

"ဟယ်..နှိုင်းက လှလိုက်တာဟယ်၊ မမချယ်ရီကို မှတ်မိ သေးရဲ့လား နှိုင်း"

"ဟုတ်ကဲ့"





"ချယ်ရီရော တစ်ယောက်တည်းလား၊ ကိုအောင်ထိုက် မပါဘူးလား"

"ကိုထိုက်က သူ့မိတ်ဆွေနဲ့ ကျန်ခဲ့တယ် လှိုင်းရေ၊ ကဲ.. လာ..ဟိုနေရာလေးမှာ အတူထိုင်ပြီး စကားလေးဘာလေး ပြောရ အောင်"

လှိုင်းတို့ လူရှင်းသည့်ဝိုင်းမှာ အတူထိုင်မိကြသည်။

"ဒါနဲ့ နေထွဋ်ရွှေသွေးကို ချယ်ရီတော့ မမြင်ဖူးသေးဘူး၊ လှိုင်းရော"

"လှိုင်းလည်း ချယ်ရီလိုပါပဲကွယ်၊ မမသန်းသားကို မမြင်ဖူးပါဘူး"

"ဓာတ်ပုံထဲမှာတော့ နေထွဋ်ရွှေသွေးက လူချောပဲ လှိုင်းရဲ့"

"အင်း..သူ့ဓာတ်ပုံကို လှိုင်းလည်း မြင်ဖူးတယ်"

"နှိုင်း..မုန့်တွေ စားလေ၊ အအေးလည်းသောက်"

"ဟုတ်ကဲ့"

နှိုင်းက မမလှိုင်းတို့ သူငယ်ချင်းနှစ်ယောက် စကားဝိုင်း ထဲမှာ ဝင်ပါခြင်းမရှိ။ ကိုယ့်ဘာသာ စားစရာစား၊ ငေးစရာငေးနေ



www.burmeseclassic.com

www.burmeseclassic.com



မိသည်။ လူကြားထဲ ကြာကြာနေလေ့မရှိတော့ မြင်သမျှကြားသမျှ အားလုံး အဆန်းဖြစ်နေ၏။

ပန်းတိုင်းမှာ အလှတစ်မျိုးစီ ရှိကြသည်မှန်သော်လည်း နှင်းအလှကတော့ အားလုံးထဲမှာ ထင်းရှင်းဝင်းပလျက်။ ထူးခြားစွာ ပေါ်လွင်သော အလှပိုင်ရှင်ဖြစ်၏။

"လမ်းမှာ နှင်းကိုတွေ့လို့ကတော့ ချယ်ရီ လုံးဝမှတ်မိမှာ မဟုတ်ဘူး လှိုင်းရေ"

"နှင်းကတော့ မမချယ်ရီကို မြင်မြင်ချင်း မှတ်မိပါတယ်"

" အေးပေါ့ကွယ်၊ ဒီလိုပဲဖြစ်ရမှာပေါ့၊ မမချယ်ရီကိုယ်ကြီး ကိုလည်း ကြည့်ဦး၊ အရင်ကထက် ပိုဝမလာဘူးလား"

ချယ်ရီက ပြောရင်းရယ်သဖြင့် နှင်းတို့ညီအစ်မ ပြုံးမိကြသည်။

"ဝပေမယ့် လှနေတုန်းပါပဲ ချယ်ရီရယ်၊ ကျက်သရေရှိနိုင်ညားတဲ့အလှပေါ့"

"အဟင်း··ဟင်း··ချယ်ရီလည်း ဒီစကားပေးလေးနဲ့ပဲ ကျေနပ်နေရတာပဲ လှိုင်းရေ"





"နှင်းအလှကတော့ ဒီပွဲထဲရှိသမျှ အလှအားလုံးရဲ့ ဘုရင်မပဲ"

"ဖြစ်နိုင်ရင် မမချယ်ရီကတော့ နှင်းလို လှလိုက်ချင် ပါရဲ့၊ အခုတော့ကြည့်ဦး၊ လူက ဘဲဥအဝတ်ပတ်ထားတဲ့အတိုင်းနဲ့"

"အဟင်း··ဟင်း"

ချယ်ရီမှာ အံ့သြချီးကျူးရင်း အပြုံးနှင့် နှင်းအလှကို အားကျသလို ငေးနေ၏။

နှင်းကို ချယ်ရီ သိခဲ့တုန်းက နှင်းဆိုတာ တကယ့်ချာတိတ် မလေးအဖြစ်နှင့်။

ခုတော့ နှင်းက လိုက်မမီနိုင်သောအလှတွေနှင့် မင်းသမီး လေးဖြစ်နေ၏။

အချိန်တွေပြောင်းလဲခဲ့သလို ချယ်ရီကိုယ်တိုင် ဟိုတုန်းက တက္ကသိုလ်ကျောင်းသူတစ်ယောက် မဟုတ်တော့။ နှင်းသည်လည်း ချာတိတ်မလေး မဟုတ်တော့။

"နှင်းက လှလေ မမချယ်ရီက ပိုအရုပ်ဆိုးလေပဲ လှိုင်းရေ"



www.burmeseclassic.com

www.burmeseclassic.com



“အဲဒီလောက်လဲ မဟုတ်ပါဘူး၊ မမချယ်ရီလည်း လှပါတယ်”

“သင့်ခ်ယူးပါကွယ်”

နှိုင်းက ချယ်ရီကို ချစ်စဖွယ်အပြုံးလေး ပြုံးပြလိုက်၍ နှိုင်းအပြုံးကို ချယ်ရီက သဘောကျစွာ ငေးခနဲကြည့်ဖြစ်သွား၏။

“ကြားလား‥လှိုင်း၊ လှိုင်းညီမက လူတစ်ဖက်သားကို ဘယ်လောက် စိတ်ချမ်းသာအောင် ပြောတတ်လဲ”

“ချယ်ရီ အကြားချင်ဆုံးစကားထဲမှာ ချယ်ရီအခုချိန်ထိ လှနေတုန်းပဲဆိုတဲ့ စကားပဲလှိုင်းရေ၊ သိတယ်မဟုတ်လား၊ ကိုယ် တကယ်မလှမှန်းသိပေမယ့် ဒီလိုပြောတာလေး ကြားရတိုင်း စိတ်ချမ်းသာမိတာ အမှန်ပဲ”

“ချယ်ရီ့မျက်နှာလေးက ဟိုတုန်းကလို လှနေတုန်းပါပဲကွယ်၊ လူက ဝနေတာကို ဝိတ်လျှော့လိုက်ရင် ချယ်ရီ ဒီထက်ပိုလှသွားမှာ တကယ်ပါ”

လှိုင်းက ဝင်ပြောတော့ ချယ်ရီက ရယ်သည်။ သူ့အဖြေသူ သဘောကျ၍ပါ။ မိန်းမသားပီပီ လှချင်သူတွေထဲမှာ ချယ်ရီ





လည်းပါသည်။ ဝနေတာကို ပိန်အောင်လုပ်ချင်ပေမယ့် အစားအသောက်ကို မရှောင်နိုင်တာနှင့် အခုလိုဖြစ်လာခြင်းဖြစ်သည်။

“ကိုယ်လည်း ကြိုးစားနေပါတယ် လှိုင်းရယ်၊ သိတဲ့အတိုင်း ချယ်ရီကြိုက်တဲ့ အစားအစာတွေကလည်း အချိုအဆိမ့်တွေချည်းပဲ၊ ဒီကြားထဲ ကိုယ်ကြိုက်တဲ့ အစားအစာတွေ့ရင် မရှောင်နိုင်ခဲ့ဘူး”

ဒီတစ်သက်တော့ ပြန်ပိန်ဖို့ဆိုတာ မလွယ်တော့ပါဘူးလှိုင်းရယ်”

“ကဲ‥ကဲ‥ချယ်ရီကြောင့် ညီအစ်မနှစ်ယောက် စိတ်ညစ်သွားပြီ၊ စားစရာရှိတာ စားကြ၊ ချယ်ရီလည်း စားမယ်”

လှိုင်းတို့ ညီအစ်မက အစားအသောက် ရွေးကြသူများဖြစ်သလို ကိုယ်နှင့်မတည့်လျှင် မစားဘဲနေနိုင်ကြသူတွေဖြစ်ပေမယ့် ချယ်ရီက လှိုင်းတို့နှင့်မတူ။

အချိုအဆိမ့် အစားအစာတွေကို ဟန်လောက် စားတာမဟုတ်။ အားပါးတရ တကယ်စားခြင်းဖြစ်၍ လှိုင်းတို့ ပြုံးမိကြသည်အထိ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"လှိုင်းတို့ မမသန်းကို နှုတ်ဆက်ပြီးပြီလား၊ ချယ်ရီတော့ မနှုတ်ဆက်ရသေးဘူး"

"ဟော..ပြောရင်းဆိုရင်း ချယ်ရီတို့ဘက် မမသန်း လာနေပြီ လှိုင်းရေ၊ ကြည့်ပါဦးဟယ်၊ ဝတ်ထားလိုက်တာ၊ စိန်တွေကို သီးနေတာပဲ၊ အဝါရောင်ဝမ်းဆက်နဲ့ တကယ့်စိန်မင်းသမီးပဲ"

ချယ်ရီပြရာဆီသို့ လှိုင်း အကြည့်ရောက်သွားသလို နှိုင်း အကြည့်တွေကလည်း အဝါရောင်ဝတ်ထားသည့် အန်တီသန်း ဆိုသည့် အမျိုးသမီးကြီးထံ ရောက်သွား၏။

ရွှေဝါရောင်ဝတ်စုံလှလှ၊ အပြုံးချိုချိုမြမြနှင့် ခန့်ညားချော မောသော အန်တီကြီးက စိန်တွေတဖျတ်ဖျတ်လက်နေပုံက မီးရောင် များနှင့် အပြိုင်ဖြစ်သည့်အတွက် လူတိုင်းသတိမထားမိဘဲ မနေနိုင်။

ဝင်းဝါသော အသားအရေမှာ ရွှေဝါရောင်ဝတ်စုံက အန်တီ သန်းဆိုသည့် အမျိုးသမီးကြီးနှင့် လိုက်ဖက်နေ၏။ စိန်တွေကလည်း အဝေးကပင် မျက်စိကျိန်းရသည်။

မမလှိုင်း ပြောထား၍ အန်တီသန်းတို့ ချမ်းသာကြွယ်ဝမှုကို နှိုင်း သိထားပြီးပါပြီ။





ဘိုးဘွားမိဘတွေ လက်ထက်ကတည်းက စီးပွားရေး သမားတွေပီပီ ငွေကြေးချမ်းသာသူများဖြစ်၍ ဝင်ငွေကို စိတ်ကြိုက် သုံးစွဲနိုင်ကြသူများဖြစ်သည်။

နိုင်ငံခြားမှာနေပေမယ့် အန်တီသန်းက မြန်မာပြည်ကို ကြာခဏ ရောက်သူဖြစ်သည်။

တစ်ဦးတည်းသောသား နေထွဋ်သွေးက နိုင်ငံခြားမှာ ကျောင်းပြီး၍ စီးပွားရေးလုပ်ငန်းများကို နိုင်ငံတကာနှင့် ဆက်သွယ် လုပ်ကိုင်နေသူဖြစ်သည်။

နှိုင်းသည် အန်တီသန်းဆိုသော အမျိုးသမီးကြီးကို ငေး ကြည့်နေဆဲ..

"မမသန်း"

"ဟော..လှိုင်းတို့ ချယ်ရီတို့ပါလား၊ အဆင်ပြေတယ်နော် ညီမတို့"

"ဟုတ်ကဲ့ မမသန်း"

"ဒါနဲ့ သူလေးက ဘယ်သူလဲကွယ်"

ဒေါ်သန်းသန်းအကြည့်က ထူးခြားစွာလှနေသည့် နှိုင်း



www.burmeseclassic.com

www.burmeseclassic.com



သားက နှိုင်းကို ချက်ချင်းသတိပြုမိသွားကာ လှိုင်းအလှကို သဘောကျစွာကြည့်ရင်း စိတ်ဝင်စားစွာ မေးလိုက်ခြင်းဖြစ်သည်။

"သြော်..သူက လှိုင်းညီမ နှိုင်းပါ မမသန်း"

"လှိုင်းရဲ့ ညီမလေးလားကွယ်၊ အသက်ချင်း တော်တော်ကွာမယ်ထင်တယ်၊ နှိုင်းမျက်နှာလေးက နုဖတ်နေတာ သိပ်သိသာလွန်းတယ်"

စီးပွားရေးသမားပီပီ အမြင်စူးရှထက်မြက်ရုံမက အကဲခတ်ရာမှာ တော်လွန်းသူအဖြစ် ဒေါ်သန်းသန်းစကားကို ချယ်ရီရော လှိုင်းပါ ပြုံးမိကြသည်။

"မမသန်းမှန်းရင် လွဲခဲတယ်ဆိုတာ ချယ်ရီတို့ လက်တွေ့ဖြစ်နေပြီ လှိုင်းရေ၊ နှိုင်းက လှိုင်းနဲ့ အသက်ဆယ်နှစ်ကွာတယ် မမသန်းရဲ့၊ လှိုင်းညီမက မချောဘူးလား မမသန်း"

"ချောလွန်း လှလွန်းလို့ မမသန်း စိတ်ဝင်စားမိတာပါ ချယ်ရီရယ်၊ လှိုင်းမှာ ညီမတစ်ယောက်ရှိတာ သိပေမယ့် ဒီလောက် ငယ်ငယ်ချောချော လှလှလေးဖြစ်နေလိမ့်မယ်လို့ မထင်ဘူး"

"မမသန်းပြောတာ လှိုင်းက ရုပ်ဆိုးတယ်ပေါ့လေ"





လှိုင်းစကားကြောင့် အားလုံး ရယ်မိကြသည်။

"လှိုင်းလည်း ချောပါတယ်ကွယ်၊ ဒါပေမဲ့ လှိုင်းရဲ့ညီမလေး နှိုင်းရဲ့အလှက နှိုင်းဆိုတဲ့အမည်နဲ့လိုက်အောင် နှိုင်းစရာမရှိအောင်လှလွန်းလို့ မမသန်းက ချီးကျူးစကား ဆိုမိတာပါ"

"မမသန်းတော့ ဘယ်ဘဝက ရေစက်လည်းမသိဘူး၊ နှိုင်းမျက်နှာလေးကို မြင်မြင်ချင်း ချစ်သွားမိပြီကွယ်"

"လှိုင်းညီမလေးကို မမသန်းကို ပေးပါလား"

"အို"

ဒေါ်သန်းသန်းစကားကြောင့် နှိုင်းမျက်နှာလှလှလေး နီးဆီခင်းဖြစ်သလို လှိုင်းကတော့ ညီမချောအတွက် ပီတိပြုံးတွေ ဝင့်။

"မမသန်းလိုချင်ရင် လှိုင်းညီမလေးကို ပေးပါတယ် မရယ်၊ ယူပါ"

"သမီး နှိုင်း..သမီး မလှိုင်းပြောတာကို ကြားတယ်နော်၊ သမီးမလှိုင်းက အန်တီသန်းကို သူ့ညီမပေးနေပြီ၊ အပိုင်သိမ်းထားလိုက်မှထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ရယ်စရာမဟုတ်ပေမယ့် အားလုံး သဘောကျစွာ ရယ်မိကြသည်။ နှိုင်းကတော့ လူကြီးတွေစကားထဲမှာ အနေခက်လျက်နေရာက ပြေးချင်နေသည်။

အထူးသဖြင့် နှိုင်းအလှကို တအံ့တဩချီးကျူးရင်း စကားတွေက ဟိုရောက်ဒီရောက် ညီမတောင်းသည်အထိ ဖြစ်လာသည်ဆိုတော့ စကားအဓိပ္ပာယ်တွေက ဘာလိုလိုဆိုတော့ ကြားထဲက အနေခက်သူက နှိုင်း။

"ချယ်ရီနဲ့လှိုင်းတို့ကို မမသန်းသားနဲ့ မိတ်ဆက်ပေးရဦးမယ်နော်၊ ခဏနော်··သားကို သွားခေါ်ခိုင်းလိုက်မယ်"

"ဖရက်ဒီရေ··ခဏလာပါဦးကွယ်၊ သားကို အန်တီဆီအခုလာခဲ့ပါဦးလို့ ပြောပေးပါဦး"

"ဟုတ်ကဲ့ အန်တီသန်း"

ဖရက်ဒီဆိုသည့် လူချောက ဒေါ်သန်းသန်းစကားကို နားထောင်ပေမယ့် သူ့မျက်လုံးတွေက ထင်ရှားသောအလှတွေနှင့် နှိုင်းထံမှာရောက်နေ၍ ဒေါ်သန်းသန်း ကျေနပ်စွာပြုံးလိုက်၏။

"ဖရက်ဒီက သားသူငယ်ချင်းလေ၊ ပြီးတော့ သားရဲ့



မန်နေဂျာလည်း သူပဲလုပ်တယ်"

"သားကို သိပ်ချစ်တာဆိုတော့ သားရဲ့အနံ့တာကိုလည်း ခံနိုင်ရှာတယ်"

"သြော်··ဟုတ်ကဲ့"

"မာမီ"

"သြော်··သား၊ လာပါဦးကွယ်၊ ဒီမှာ သားနဲ့မာမီ့မိတ်ဆွေတွေကို မိတ်ဆက်ပေးချင်လို့"

နှိုင်းဘဝ၊ နှိုင်းနှလုံးသားကို သိမ်းပိုက်စိုးမိုးမည့် ယောကျ်ားတစ်ယောက်ဖြစ်လာလိမ့်မည်ဟု ထိုစဉ်က နှိုင်းကိုယ်တိုင် ကံကြမ္မာ၏သိမ်မွေ့သော အပြောင်းအလဲကို သိခွင့်မရခဲ့ပါ။

များပြားလှသော လူများကြားမှာ အရောင်အဝါတစ်မျိုးဖြာထွက်နေသော ကိုယ့်ကိုယ်ကို ယုံကြည်စိတ်ချမှုအပြည့်ရှိသည့် အရိပ်များဖြင့် နှိုင်းတို့ကို ခပ်ပြုံးပြုံးဝေ့ဝဲကြည့်လိုက်သည့် နေထွန်းသွေး၏အကြည့်က သူ့မာမီစကားအဆုံးမှာ နှိုင်း၏မျက်နှာလှလှလေးထက်မှာ စူးနစ်စွာတည်လျက် ကျန်ရစ်၏။

ကော်ဖီရောင်ဖျော့ဖျော့ အနောက်တိုင်းဝတ်စုံကို သေသပ်ကျနစွာ





www.burmeseclassic.com

www.burmeseclassic.com



ဝတ်ဆင်ထားသော နေထွဋ်သွေး၏ပုံစံက သူ့ကိုယ်သူ ယုံကြည်မှု လွန်ကဲနေဟန်အပြည့်။ နှိုင်းအလှကို မြင်လျှင်မြင်ချင်း သူ့ကို မာမီ ဘာကြောင့်ခေါ်တာလဲဆိုတာ ချက်ချင်း သဘောပေါက်လိုက်၏။

မာမီက သားရှင်ပီပီ သမီးအချောအလှတွေ့တိုင်း ဒီလိုပဲ နေထွဋ်သွေးဆိုသည့် သူ့သားတော်မောင်နှင့် မိတ်ဆက်ပေးနေကြ၊ ချွေးမတော်ချင်နေကြဖြစ်သည့်အတွက် ဒီလိုအဖြစ်မျိုးက သူ့အတွက် ဖြစ်ရိုးဖြစ်စဉ် တစ်ခုထက်မပို။

ဒါပေမဲ့ အခုသူ့မျက်စိရှေ့မှာ ရောက်နေသည့် မိန်းမလှ၏ ပုံစံက တခြားသူတွေ့ဖူးနေကြ မိန်းမချောမိန်းမလှလေးတွေနှင့်မတူ။ တစ်မျိုးထူးခြားဆန်းကျယ်နေသည်ဟု ထင်သည်။ ထိုထူးခြားမှုက တခြားမဟုတ်။ မိန်းမလှလေးက နေထွဋ်သွေးကို လုံးဝမကြည့်။ မျက်လွှာချ အကြည့်လွှဲထားပုံက သူနှင့်အကြည့်ချင်းဆုံရမှာကိုပဲ စိုးရိမ်ကြောက်ရွံ့နေသည့်ဟန်က အပြည့်ဆိုတော့ သူ့လိုလူတစ် ယောက်ကို ကြောက်စရာသတ္တဝါဟု ထင်နေသူလေးကို ချစ်စနိုး စချင်နောက်ချင်စိတ် နေထွဋ်သွေးရင်မှာ ထူးခြားစွာဖြစ်လာရခြင်း ဖြစ်သည်။





"သား ဒါ မာမီ့မိတ်ဆွေ ချယ်ရီ၊ သူက လှိုင်း၊ ဒါက လှိုင်းရဲ့ ညီမလေး နှိုင်း"

"ဟုတ်ကဲ့ အားလုံးပဲ တွေ့ရတာဝမ်းသာပါတယ်"

"အစ်မတို့ကလည်း ဝမ်းသာပါတယ်ကွယ်၊ နာမည်ကို သာ ကြားဖူးပြီး လူကိုတော့ အခုမှပဲတွေ့ရတယ်၊ မမသန်းသားက လူချောပဲ"

"သင့်ခ်ယူးပါဗျာ"

နေထွဋ်သွေးကို ချီးကျူးနေသည့် ချယ်ရီကို နေထွဋ်သွေး ခပ်ပြုံးပြုံးကျေးဇူးတင်စကားဆိုပြီး တစ်ချိန်လုံး သူ့ကိုမကြည့်ဘဲ မျက်လွှာချငြိမ်နေသည့် နှိုင်းမျက်နှာလေးကို ခပ်ရဲရဲစူးစိုက်ကြည့်ပြီး မျက်ခုံးတစ်ချက် တွန့်လိုက်၏။

"ဒီက ညီမက နှိုင်းနော်"

"နှိုင်း"

"ရှင် မမလှိုင်း"

"ဒီမှာ မောင်နေသွေး စကားပြောနေတယ်ကွဲ့"

"ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



လှိုင်းက နှိုင်းလက်လေးကို လာထိမှ နှိုင်းအကြည့်လေးတွေက နေထွဋ်သွေးရှိရာ ဖျတ်ခနဲရောက်လာပြီး ချက်ချင်းအကြည့်လွှဲမျက်လွှာချသွားပုံကို သဘောကျစွာပြုံးမိသူက နေထွဋ်သွေး။

"ကိုယ် နှိုင်းကို တစ်နေရာရာမှာ ရင်းရင်းနှီးနှီးတွေ့ဖူးသလားလို့ဗျာ၊ နှိုင်းများ ကိုယ့်ကို သိနေမလား"

"ရှင်"

"ကိုယ့်ကို နှိုင်းရော မြင်ဖူးလား၊ သိနေသလားလို့ မေးတာပါဗျာ"

ဒီတစ်ခါတော့ နှိုင်းအကြည့်လေးတွေက အံ့သြခြင်းများစွာဖြင့် နေထွဋ်သွေးရှိရာ ရောက်လာ၍ သူ့ ကျေနပ်စွာပြုံးလိုက်သည်။ သူ့ကို မကြည့်ချင်သည့် မိန်းမလှလေး မင်းအခုတော့ ဘာများတတ်နိုင်သေးလဲ။

နှိုင်းနှင့် နေထွဋ်သွေး အကြည့်ချင်းဆုံသွားကြသလို အားလုံးအကြည့်တွေက ဒဲ့ဝ်လှသည့် နှိုင်းနှင့် ချောမောခန့်ညားသည့် နေထွဋ်သွေးကို စိတ်ဝင်စားစွာ ကြည့်နေကြသည်။

နေထွဋ်သွေးလို လူတစ်ယောက် နှိုင်းလို မိန်းမလှလေး





တစ်ယောက်ကို တစ်နေရာရာမှာ ရင်းရင်းနှီးနှီး မြင်ဖူးပါသည်ဆိုတော့ ဒေါ်သန်းသန်းအပါအဝင် အားလုံးစိတ်ဝင်စားသွားကြသည်။ နှိုင်း ဘာပြေမလဲဆိုတာကိုလည်း သိချင်နေ၏။

နှိုင်းကတော့ သူ့မ တစ်ကြိမ်တစ်ခါမှ မမြင်ဖူးသည့်လူက နှိုင်းကို တစ်နေရာမှာ ရင်းရင်းနှီးနှီး သိပါသည်ဆိုသောစကားကို မယုံနိုင်အောင် ဖြစ်နေ၏။

နှိုင်းဘဝမှာ နေထွဋ်သွေးလိုလူမျိုး အသိလည်းမရှိ။ မြင်လည်းမမြင်ဖူးပါ။ နေထွဋ်သွေးသိသည့်လူက နှိုင်းနှင့် ခွဲမရအောင် တူသူတစ်ယောက် ဖြစ်မည်ထင်သည့်အတွက် နှိုင်း ခေါင်းလေးကို ချက်ချင်းခါလိုက်သည်။

"ဟင့်အင်း...ဦးနေထွဋ်သွေးကို နှိုင်း မသိပါဘူးရှင်၊ မြင်လည်း မမြင်ဖူးပါဘူး"

နှိုင်း၏ မျက်ဝန်းများက အပြစ်ကင်းစွာ ဝိုင်းစက်မည်းနက်လှပနေသလို နှိုင်းအသံလေးကလည်း ချိုလွင်သာယာလျက် တိုးတိတ်ညင်သာစွာ နူးညံ့သိမ်မွေ့နေတာကို သူ ပြုံးလိုက်၏။

နှိုင်းက သူ ထင်ထားတာထက် ပိုနူးညံ့နေ၏။ ပိုလှသည်။



www.burmeseclassic.com

www.burmeseclassic.com



ပိုပြီး ခွဲခေါင်မှုရှိနေတာကို ဝန်မခံ၍ မရ။

တကယ်တော့ နေထွဋ်သွေးမှာ နှိုင်းလို ထူးခြားသည့် အလှပိုင်ရှင်ကို အခုမှ မြင်ဖူးခြင်းဖြစ်သည်။ နှိုင်းက သူ့ကိုမကြည့်၍ ကြည့်အောင် ကြံဖန်လုပ်ဇာတ်ခင်း၍ နှိုင်းနှင့် မျက်လုံးချင်းဆုံအောင် ကြည့်ခြင်းဖြစ်သလို နှိုင်းစသကားသံကို ကြားချင်၍ နှိုင်း စကား ပြောလာအောင် တမင်အကြောင်းရှာ ပြောနေခြင်းဖြစ်သည်။ ဒါကို ဘယ်သူမှ မရိပ်မိ။

“ဟုတ်လား၊ ကိုယ်ကတော့ နှိုင်းကို တစ်နေရာရာမှာ ရင်းရင်းနှီးနှီး တွေ့ဖူးမြင်ဖူးနေတာ သေချာတယ်၊ ဘယ်နေရာမှာလဲ ဆိုတာကိုတော့ ကိုယ် မမှတ်မိတော့ဘူး၊ နေဦး..ကိုယ် နိုင်ငံခြားမှာ ထင်တယ်”

“နှိုင်း ဩစတြေးလျကို ရောက်ဖူးလား”

“ဟင့်အင်း..နှိုင်း မြန်မာနိုင်ငံကလွဲပြီး တခြားဘယ်နိုင်ငံ ကိုမှ မရောက်ဖူးပါဘူး ဦးနေထွဋ်သွေး”

“ဆောရီး နှိုင်း၊ ဒါဆို ကိုယ် လူမှားတာပဲဖြစ်မယ်”

“သား လူမှားတဲ့မိန်းကလေးက နှိုင်းနဲ့ အဲဒီလောက်





တောင် တူသလားသားရယ်”

“သိပ်ကိုတူတာပဲ မာမီ၊ နှိုင်းက နိုင်ငံခြားမရောက်ဖူးဘူး ဆိုလို့၊ သားတွေ့တဲ့မိန်းကလေးက နှိုင်းမှနှိုင်းပဲ၊ ဘာပဲဖြစ်ဖြစ် နှိုင်းကို အခုလိုတွေ့ရတာ ကိုယ် သိပ်ဝမ်းသာတယ် နှိုင်း”

“ဟုတ်ကဲ့”

“အားလုံးပဲ အစားအသောက်တွေ သုံးဆောင်ကြပါဦး ဗျာ”

စိတ်တွေလှုပ်ရှားနေသော နှိုင်းက အအေးဖန်ခွက်ကို လှမ်း အယူ သူမလက်နှင့် မိမိရရ မကိုင်မိဘဲ လက်နှင့်တိုက်ချသလို လွတ်ကျသွား၏။

“အို”

“ဟယ်..လိမ္မော်ရည်တွေ နှိုင်းပေါ် ကျကုန်ပြီ”

ဖန်ခွက်လှလှလေးက ဘာမှဖြစ်မသွားပေမယ့် ဖန်ခွက်ထဲ က လိမ္မော်ရည်တွေက နှိုင်းကိုယ်ပေါ်ကျသွား၍ နှိုင်းမျက်နှာလေး သိသာစွာ ပျက်သွားကာ နေထွဋ်သွေးမျက်နှာကို ရှက်လန့်စွာ ကြည့်မိလျက်သား ဖြစ်သွား၏။ နှိုင်းကိုကြည့်နေသည့် နေထွဋ်သွေး



www.burmeseclassic.com

www.burmeseclassic.com



နှင့် မျက်လုံးချင်းအဆုံမှာ နှိုင်းမျက်နှာလေး ငိုမဲ့မဲ့ဖြစ်သွား၏။

အင်မတန်မှ ဉာဏ်ကောင်းပါသည်ဆိုသော လှိုင်းမင် နှိုင်းကိုကြည့်ပြီး ရုတ်တရက် ဘာလုပ်လို့ လုပ်ရမှန်းမသိအောင် ဖြစ်သွားသည်။

နှိုင်းကိုယ်ပေါ်မှ လိမ္မော်ရည်တွေကို လှိုင်း လက်လေးနှင့် ခါရင်းက..

"နှိုင်းကတော့ကွယ်..တကယ့်ကို ကလေးကျနေတာပဲ"

"နှိုင်း တောင်းပန်ပါတယ် မမလှိုင်း၊ နှိုင်းကားထဲကပဲ သွားစောင့်နေပါရစေ"

"ဘယ်ဖြစ်မလဲ"

"ရှင်"

နှိုင်းကို ဝင်ပြောလိုက်သူက မမလှိုင်းမဟုတ်။ နေထွဋ်သွေး ကိုယ်တိုင်ဖြစ်နေ၍ နှိုင်း ဘာဆက်ပြောရမှန်းမသိဘဲ နေထွဋ်သွေး မျက်နှာကို အလန့်တကြား ကြည့်လိုက်မိ၏။ ကြောက်ရိပ်ဝိုင်းနေသော နှိုင်း၏ မျက်ဝန်းလှလှလေးမှာ အားနာခြင်း၊ အနေခက်ရှက်ရွံ့ခြင်းတို့ကို တွေ့လိုက်ရ၍ နေထွဋ်သွေး တစ်စုံတစ်ခုကို ချက်ချင်း





ဆုံးဖြတ်လိုက်၏။

"နှိုင်း ကိုယ်နဲ့လိုက်ခဲ့"

"ရှင်..ဟင့်အင်း၊ နှိုင်း ဒီမှာပဲ မမလှိုင်းတို့နဲ့ နေပါ့မယ်"

နေထွဋ်သွေးက နှိုင်းကို သူနှင့်လိုက်ခဲ့ဟုဆိုသဖြင့် နှိုင်း ချက်ချင်းခေါင်းခါလိုက်တာကိုကြည့်ပြီး ဒေါ်သန်းသန်းက ကျေနပ်သဘောကျစွာ ပြုံးလိုက်၏။

"သမီးအင်္ကျီက အဖြူဆိုတော့ လိမ္မော်ရောင်အကွက်အစွန်းကြီးနဲ့ လူကြားထဲက ဖြတ်သွားရတော့ အနေရခက်မှာပေါ့ကွယ်"

"သွား..သွား၊ သမီးကိုကိုနဲ့ လိုက်သွား၊ အန်တီသန်း အဝတ်တွေထဲက နှိုင်း ကြိုက်တာ ယူဝတ်လိုက်၊ အန်တီသန်းကိုယ်တိုင် သမီးကို လိုက်ပို့မယ်၊ လာ..သမီး"

"လိုက်သွားလေ နှိုင်း"

"ရှင်"

"မာမီနောက် လိုက်သွားလို့ ပြောနေတာ"

"လာ..သမီးလေး၊ လှိုင်းလည်း လိုက်ခဲ့"



www.burmeseclassic.com

www.burmeseclassic.com



နှင်းကို တစ်ခုပြီးတစ်ခု အမိန့်ပေးနေသူက မမလှိုင်း မဟုတ်၊ ဦးနေထွန်းသွေးကိုယ်တိုင်ဖြစ်နေ၍ နှင်းမှာ အံ့သြပြီး အံ့သြ နေရပေမယ့် ဒေါ်သန်းသန်းနှင့် သားဖြစ်သူ နေထွန်းသွေးတို့၏ အမိန့်ကို မလွန်ဆန်ရဲသလို မမလှိုင်းနှင့်အတူ ဒေါ်သန်းသန်းအခန်းကို ရောက်ခဲ့ရပါပြီ။

အဆောင်ဆောင် အခန်းခန်း များပြားခမ်းနားလှသော အိမ်ကြီးအပြင်အဆင်တွေက အဖိုးတန်တွေချည်းဖြစ်ပေမယ့် နှင်း ဘာကိုမှ စိတ်မဝင်စား။ လှိုင်းလက်တွဲပြီး ဒေါ်သန်းသန်းနောက်က ခြေလှမ်းသွက်သွက်နှင့် လိုက်ခဲ့သည်။

ဘယ်ကိုမှလည်း နှင်း မကြည့်။ နှင်းကို သူမှာမီရှေ့မှာ မဆီမဆိုင် အမိန့်ပေးလာသူအကြောင်းတွေးပြီး လူက ချွေးပြန်ချင်နေတာပဲသိသည်။

ထိုည အပြန်လမ်းမှာ ဒေါ်သန်းသန်း အဝတ်အစားတွေက နှင်းကိုယ်ပေါ်ပါလာ၏။



## အခန်း (၃)

နောက်တစ်ကြိမ် ထပ်တွေ့ရမှာ နှင်းကြောက်လန့်နေမိသော နေထွန်းသွေးကို ဒုတိယအကြိမ် နှင်း ဆုံခွင့်ရသည့်အချိန် နှင်းအနားမှာ မမလှိုင်းအပါအဝင် တခြားဘယ်သူမှ ရှိမနေခဲ့ပါ။

ထိုနေ့က နှင်းတစ်ယောက်တည်း အလုပ်ကိစ္စစုံစမ်းရန် မြို့ထဲသို့ ထွက်ခဲ့သည်။

ကျောင်းပြီးတည်းက ဘွဲ့တစ်ခုရထားပေမယ့် နှင်းမှာ ဘာအလုပ်မှမရှိ။ မမလှိုင်းကလည်း နှင်း အလုပ်လုပ်မှာကို သဘောမတူ။



www.burmeseclassic.com

www.burmeseclassic.com



အိမ်တွင်းပုန်းလုပ်နေခဲ့သော နိုင်း၊ ယခုအလုပ်လုပ်ရ[illegible] ဆန္ဒရှိလာ၏။ နိုင်းဆန္ဒကို လူကြီးတွေကို ဖွင့်ပြောတော့ မိဘနှစ်ပါး နှင့် မမလှိုင်းက နိုင်းဆန္ဒကို လိုက်လျောကြည်ဖြူစွာ ခွင့်ပြု၏။

ထိုထဲတွင် ဝမ်းအသာဆုံးလူမှာ လှိုင်းဖြစ်သည်။

နိုင်းကို ယခုလိုဖြစ်စေချင်တာ ကြာလှပါပြီ။ လူများများနှင့် ပြောဆိုဆက်ဆံရဲသော သတ္တိရှိစေချင်သည်။

ယခု နိုင်းမှာ ထိုစိတ် ထိုသတ္တိရှိလာ၍ မိသားစုအားလုံး ဝမ်းသာနေကြသည်။ နိုင်းအတွက် လှိုင်း ကူညီ၍ရသည်။

သို့သော်..

နိုင်းက လှိုင်းအကူအညီကို လက်မခံခဲ့။ အလုပ်တစ်ခု[illegible] နိုင်းအရည်အချင်းနှင့် လုပ်ချင်ပါသည်ဆို၍ လှိုင်း လက်လျှော့ ခဲ့သည်။

တကယ်လည်း နိုင်းက ကိုယ့်အားကိုယ်ကိုး၍ အလုပ်[illegible] ရန် ကြိုးစားသည်။

ကိုယ့်အရည်အချင်းနှင့်ကိုယ် ဘယ်သူ့ကိုမှ အားကိုး[illegible] စိတ်မရှိသော နိုင်းသတ္တိ၊ နိုင်းစိတ်ဓာတ်ကို လှိုင်း သဘော[illegible]





[illegible]ည်၊ ချီးကျူးသည်။ အလုပ်အတွက် ပင်ပန်းနေသော ညီမကို [illegible]နိုင်း သနားပေမယ့် နိုင်းဆန္ဒအတိုင်း ကြည့်နေရသည်။

ညီမကိုသနား၍ လှိုင်းကူညီ၍လည်း နိုင်းက လက်ခံမည် [illegible]ဟုတ်။ နိုင်းက ကိုယ့်အရည်အချင်းနှင့်ကိုယ် လောကကို ရင်ဆိုင် [illegible]နိုင်သူ။

တကယ်လည်း နိုင်းက သူမနှင့်သင့်တော်မည့်အလုပ်ကို [illegible]ှာမနေ ရှာခဲ့သည်။

ခက်တာက ခုခေတ်ကြီးမှာ အလုပ်ကောင်းကောင်းတစ်ခု [illegible]ဆိုတာ ထင်သလောက် နိုင်းအတွက်မလွယ်။

နည်းပညာများစွာ အရမ်းကို တိုးတက်နေသော ခုခေတ် [illegible]ကြီးမှာ ဘွဲ့တစ်ခုရရုံနှင့် အလုပ်ကောင်းကောင်းရဖို့မဖြစ်နိုင်။

ဘွဲ့တစ်ခုအပြင် ဘာသာစကားနှင့် တခြားတတ်မြောက်မှု [illegible]ညာများစွာ နိုင်းမှာ လိုအပ်နေမှန်း နိုင်းသိသည့်အတွက် ကွန်ပျူတာ [illegible]ကို ကျွမ်းကျင်စွာသုံးနိုင်သူဖြစ်အောင် ကြိုးစားခဲ့သည်။ ကြိုးစား [illegible]သည့်အတိုင်းလည်း နိုင်း လုပ်ရမည့်အလုပ်မှာ အသုံးဝင်ခဲ့သည်။

ကွန်ပျူတာစာရင်းကိုင်အတွက် ကုမ္ပဏီတစ်ခုမှာ နိုင်း



www.burmeseclassic.com

www.burmeseclassic.com



အလုပ်ရသည်။ ရသည့်လစာ မများပေမယ့် နှိုင်း ထိုအလုပ်ကို
လုပ်ရန် ဆုံးဖြတ်လိုက်သည်။

နှိုင်း အလုပ်လုပ်သည့်ယန်သစ္စာကုမ္ပဏီက စီးပွားရေး
လောကတွင် အောင်မြင်သောကုမ္ပဏီဖြစ်၍ အလုပ်ကို နှိုင်း
ကိုယ်တိုင် သေချာဂရုစိုက်သည်။

အစပိုင်းမှာ စိတ်လှုပ်ရှားနေမိပေမယ့် နောက်တော့ အလု
ထဲမှာ နေသားကျလာ၍ အလုပ်ထဲမှာ နေပျော်လာသည်။

ငြိမ်းဆိုသော သူငယ်ချင်းတစ်ယောက်လည်း ရလိုက်၍
အလုပ်လုပ်ရတာ ပိုအဆင်ပြေသွားသည်။ ငြိမ်းက နှိုင်းကို လုပ်ငန်း
သဘောတရားများကို သင်ကြားကူညီပြသပေးသည်။

စိတ်ထားဖြူစင်သော ငြိမ်းကို နှိုင်း ခဏအတွင်းမှာ ခင်မင်
သွားသည်။ အလုပ်သွားအလုပ်ပြန် အတူတူဖြစ်အောင် အချိန်ညှိ
သွားကြသည်။

ငြိမ်းတို့မိသားစုက ငွေကြေးမပြည့်စုံ။ ငြိမ်း၏လုပ်အားခ
မိသားစုထဲမှာ ထည့်ဝင်သုံးစွဲရသူဖြစ်သည်။ နှိုင်းလို အလုပ်လု
ချင်၍ အပျော်လာလုပ်နေသူမဟုတ်။ တစ်နေ့တစ်နေ့ မိသားစု





ရိုတ်ကာမိအောင် တစ်မိသားစုလုံးနီးပါး အလုပ်လုပ်ကြသည့်
အကြောင်းသိရတော့ သူတို့ကိုယ်စား နှိုင်း ရင်မောရသည်။

"နှိုင်းတို့ဘဝကျတော့လည်း ကံကောင်းလိုက်တာကွယ်၊
ငြိမ်းသာ နှိုင်းနေရာမှာဆို အိမ်မှာနေပြီး ဘာမှမလုပ်ဘဲ အိပ်လိုက်
စားလိုက် ပျော်ပျော်ကြီး နေပစ်လိုက်မှာ သိလား"

နှိုင်းမိသားစုအကြောင်းသိတော့ ငြိမ်းက သူဖြစ်ချင်တာ
လေးတွေပြောပြီး တခစ်ခစ်ရယ်သည်။ နှိုင်းကတော့ ငြိမ်းကိုကြည့်
ပြီး ပြုံးရုံသာ ပြုံးနေလိုက်သည်။

"ဘဝဆိုတာ ဒီလိုပဲထင်ပါရဲ့ နှိုင်းရယ်၊ အလုပ်မလုပ်ပါနဲ့
ဆိုတဲ့လူက လုပ်ချင်တယ်၊ အလုပ် မလုပ်ချင်ပါဘူးဆိုတဲ့ လူကျ
တော့ အလုပ်နဲ့လက် မပြတ်ရဘူး၊ ငြိမ်းတော့ တစ်ခါတလေ
တွေးယုံဘာသာတွေးပြီး ပြုံးမိတယ်၊ ဟိုစကားပုံထဲကလိုလေ၊ လူ့
အကြိုက် နတ်မလိုက်နိုင်ဘူးဆိုတာ"

"ငြိမ်းတို့တွေရဲ့ဘဝကို တည့်တည့်ပြောထားတာကွ
ဲလား"

"တစ်နေ့တော့ ငြိမ်းဖြစ်ချင်တဲ့ဘဝမျိုး ဖြစ်လာမှာပါ



www.burmeseclassic.com

www.burmeseclassic.com



ငြိမ်းရယ်၊ လူဆိုတာ မျှော်လင့်ထားပေမယ့် ဖြစ်ချင်မှဖြစ်တတ်တာ မမျှော်လင့်ဘဲ ဖြစ်ချင်ရင် ဖြစ်နေတတ်ပြန်ရော"

"ငြိမ်းတော့ သိပ်မထင်ပါဘူး၊ ဒီလိုပဲ ဘဝမှာ ကိုယ်ဖြစ်ချင်တာမဖြစ်ရဘဲ သူဖြစ်ချင်တာဖြစ်ပြီး အဆုံးသတ်သွားရမှာပဲ ထင်တယ်"

ပြောပြီး ငြိမ်းက သူ့စကားသူ သဘောကျပြီး ရယ်သည်။

"မတတ်နိုင်ဘူး နှိုင်းရေ၊ ဖြစ်လာရတဲ့ဘဝမှာ ကိုယ့်ဘာသာရှာကြံပြီး မပျော်ပျော်အောင်နေရတာပဲ၊ ဒီလိုစိတ်မျိုးမှမထား နိုင်လို့ကတော့ ကြာရင်ရူးမှာပဲ"

ငြိမ်းက ပြောသည့်အတိုင်းလည်း ပျော်အောင်နေတတ်သူ ဖြစ်သည်။ သူ့ကိုကြည့်တိုင်း မျက်နှာလေးအမြဲပြုံးနေပြီး သီချင်း တစ်ပုဒ်ကို ခပ်တိုးတိုးဆိုနေတတ်သည်။

နှိုင်းမှာ ငြိမ်းကိုကြည့်ပြီး ချီးကျူးရသည်။ ငြိမ်းနေရာ နှိုင်းဆိုလျှင် သူ့လိုနေနိုင်ပါ့မလားမသိ။ ငြိမ်းမှာက အဖေ၊ အမေ၊ အပြင် အဘိုး၊ အဘွား၊ ညီအစ်ကိုမောင်နှမတွေက အများကြီးဆိုတော့ နှိုင်းကပဲ ငြိမ်းမိသားစုအတွက် သူမတတ်နိုင်သမျှ ဝယ်ခြမ်း





ထောက်ပံ့ပေးမိသည်။ ပထမတော့ ငြိမ်းက လက်မခံ။ နောက်တော့ နှိုင်းက ရွတ်အတင်းအကျပ် တောင်းဆိုမှ ငြိမ်းခမျာ လက်မခံချင် လည်း လက်ခံရရှာသည်။

"နှိုင်းကို သိပ်ကျေးဇူးတင်တယ်ကွယ်၊ ဒါပေမဲ့ ငြိမ်းကို ချစ်ရင် သနားရင် နောက်ကို ငြိမ်းအတွက် ဘာမှလုပ်မပေးပါနဲ့ သူငယ်ချင်းရယ်..နော်"

ဒီနေ့ ရုံးကို ငြိမ်းမလာပါ။ သူ့အမေ နေမကောင်းသဖြင့် ခွင့်ယူထားသည်။ ကနေ့ခေတ် ဆေးဝါးကုသစရိတ်က လွယ်ကူ သည်မဟုတ်။ ငြိမ်းက သူ့ကိုချစ်ရင် ဘာတစ်ခုမှမကူညီပါနှင့်ဟု ဆိုပေမယ့် နှိုင်းစိတ်ထဲမှာလည်း ငြိမ်းဒုက္ခကို ကူညီချင်နေ၍ ရုံး စောစောဆင်းပြီး ငြိမ်းအိမ်သို့ လူမမာမေးသွားရန် ဆုံးဖြတ်ထား သည်။

ငြိမ်းမိခင် လူမမာအတွက် ဆေးဝါးဓာတ်စာအပြင် တခြား စားသောက်စရာပစ္စည်းများကို ဝယ်ယူပြီး လမ်းတစ်ဖက်သို့အကူး..

"တီ..တီ"

"ကျွီး"



www.burmeseclassic.com

www.burmeseclassic.com



"အို..အမယ်လေး"

အတွေးတွေနှင့် လမ်းဖြတ်ကူးလာသူ နှိုင်းရှေ့မှာ ကား ဘရိတ်နင်းသံ ခပ်ပြင်းပြင်းနှင့်အတူ ကားတစ်စီး နီးကပ်စွာရပ်တန့် လာ၍ အလန့်တကြား နေရာမှတစ်ဖက်သို့ ကူးပြေးမှာ ခြေထောက် နှင့် တစ်စုံတစ်ရာ ခပ်ပြင်းပြင်းခိုက်မိပြီး နေရာမှာ ခွေခနဲပုံကျသွား၏။

ငြိမ်းတို့မိသားစုအတွက် ဝယ်လာသော ပစ္စည်းတွေက လည်း လမ်းပေါ်မှာပြန့်ကျဲသွား၍ နှိုင်းမှာ ခြေထောက်နာနေတာ ကိုပင် ဂရုမစိုက်နိုင်။ သူမမျက်စိရှေ့မှာ ပြန့်ကျဲနေသည့် ပောလင် ဘူး ကျကွဲမသွားတာကိုပင် ဝမ်းသာနေရသေးသည်။ မုန့်ပုံးနှင့် လိမ္မော်သီး၊ ပန်းသီး၊ နို့ဆီနှင့် တခြားပြန့်ကျဲနေသောပစ္စည်းတွေကို တစ်ခုချင်းလိုက် အကောက်မှာ နှိုင်းရှေ့သို့ ဖြူဖွေးရှင်းသန့်နေသည့် ကတ္တီပါဖိနပ်စီးထားသည့် ယောကျ်ားခြေအစုံက လာရပ်၏။

"ခဏနေပါဦးရှင်၊ ဒီမှာ နှိုင်းပစ္စည်းတွေ ကောက်ရဦး မယ်"

ကားပိုင်ရှင်ဟု ထင်ရသူကို ဖျတ်ခနဲမော့ကြည့်လိုက်ပြီး နှိုင်းက သူမ ဝယ်လာသည့်ပစ္စည်းတွေကို ကောက်ပြီး အိတ်ထဲ





ပြန်ထည့်သည်။

"အား..ကျွတ်..ကျွတ်"

အရေးထဲမှာ ခြေထောက်တစ်ဖက်က ဆစ်ခနဲထိုးနာသွား၍ အသံလေးထွက်ညည်းရင်း ပန်းသီးတစ်လုံးကို ကမန်းကတန်း လှမ်း အကောက်..

"အို"

နှိုင်းလက်လေးပေါ်သို့ အုပ်မိုးကျလာသည့် သန်မာနွေး ထွေးသော ယောကျ်ားတစ်ယောက်၏ လက်ကြောင့် လက်ပိုင်ရှင်ကို အလန့်တကြားလေး မော့အကြည့်..

"ဆောရီး၊ ကိုယ်က မင်းကိုကူပြီး ပစ္စည်းကောက်ပေး ပေးမလို့ပါ"

အသံက ကြည်လင်အောင်မြင်သလို ရုပ်ရည်ကလည်း ယောကျ်ားပီသ ချောမောသော ထိုသူကို တစ်နေရာရာမှာ မြင်ဖူး တွေ့ဖူးသလို စိတ်ကထင်ပေမယ့် ဘယ်နေရာဟု မမှတ်မိ။

ပြန့်ကျဲနေသည့် ပစ္စည်းတွေကို အိတ်ထဲကိုစုထည့်ပြီး နေရာ ကအထ..



www.burmeseclassic.com

www.burmeseclassic.com



"အိုး..အမယ်လေး"

ခြေထောက်ထဲမှ စူးခနဲဝေဒနာနှင့်အတူ ပန်းစည်းထုပ်ကြီးအတူလဲပြိုတော့မည့်ဟန် ဖြစ်သွားသည့် နှိုင်းကိုယ်လေးကို တစ်ဖက်လူက လျှင်မြန်စွာဖမ်းထိန်းလိုက်သဖြင့် ရုပ်ပျက်ဆင်းပျက်ဖြစ်မသွားဘဲ သူ့ရင်ခွင်ထဲ ထွေးခနဲပစ်ကျသွား၏။

"ဆောရီး..ကိုယ်က မင်း လဲသွားမှာစိုးလို့"

"ဟုတ်ကဲ့..ကျေးဇူး"

ရှက်ရှက်ဖြင့် ကျေးဇူးတင်စကားဆိုရင်း နှိုင်းက ခြေထောက်အနာခံပြီး သူမကိုယ်သူမ ခိုင်ခိုင်ရပ်လိုက်၏။

"နေပါဦး၊ မင်းကို ကိုယ် သိနေသလားလို့ပါ၊ ဒီမျက်နှာလေးကို ကိုယ် ကောင်းကောင်းမှတ်မိပါတယ်"

"မင်းရော ကိုယ့်ကို သိလား"

"ဟင့်အင်း..ရှင့်ကို နှိုင်း မသိဘူး"

"နှိုင်း..ဟုတ်ပြီ၊ မင်းက နှိုင်းပဲ၊ ကိုယ့်ညီမ့်ခံပွဲမှာ မင်းနဲ့ဆုံဖူးတယ်၊ လိမ္မော်ရည်တွေ မင်းကိုယ်ပေါ်မှောက်ကျတာ မှတ်မိလား"





"ဦးနေထွန်းသွေး"

"ဟုတ်ပြီ၊ ဒီလိုမှပေါ့၊ ကိုယ့်ကို နှိုင်း မမေ့သေးဘူးပဲ၊ တစ်ခုပဲဆိုးတယ်၊ နှိုင်းကို ကိုယ်က ရုတ်တရက် မမှတ်မိသလို နှိုင်းကလည်း ကိုယ့်ကို မမှတ်မိဘူး၊ အခုတော့ ကျေပြီပေါ့ ဟုတ်လား"

"နှိုင်းလက်ထဲက ပန်းစည်းတွေ ကိုယ့်ကိုပေး၊ နှိုင်း သွားချင်တဲ့နေရာကို ကိုယ်လိုက်ပို့မယ်"

"ဟင့်အင်း"

နှိုင်းပန်းစည်းများကို ကူညီသယ်ပေးရန် လက်လှမ်းလိုက်သည့် နေထွန်းသွေးကို တစ်ချက်ကြည့်ပြီး သူမလက်ထဲကပန်းစည်းထုပ်ကို ဆုပ်ကိုင်လျက် ခေါင်းခါငြင်းပယ်လိုက်မိသူက နှိုင်း။

ဘာကြောင့်မှန်းမသိ။ နှိုင်းစိတ်ထဲမှာ ဦးနေထွန်းသွေးနှင့်မပတ်သက်ချင်။

"အို..နှိုင်းဘာသာပဲ ကားငှားသွားပါ့မယ်၊ ကျေးဇူးတင်ပါတယ်"

နှိုင်းစကားတွေက စီစဉ်မကျ။ ဒါပေမဲ့ လိုရင်းကိုရောက်



www.burmeseclassic.com

www.burmeseclassic.com



အောင်ပြောနိုင်တာကို ကျေနပ်သည်။ နေထွင်သွေးက သူ့ကမ်းလှမ်းချက်ကို ချက်ချင်းတုံ့ပြန်ငြင်းဆန်လိုက်သည့် နှင်းဆိုသည့် မိန်းမလှလေးကိုကြည့်ကာ အံ့သြသွားသည်။ နှင်းနေရာမှာ တခြားမိန်းကလေးတစ်ယောက်ဆိုလျှင် နေထွင်သွေးလို လူတစ်ယောက်၏ ဖိတ်ခေါ်ချက်ကို ဝမ်းသာအားရ လက်ခံကြမှာ သေချာပေမယ့် နှင်းကျတော့ ထိုသို့မဟုတ်။

သူ့လိုလူတစ်ယောက်နှင့် ပတ်သက်ရမှာကိုပဲ ကြောက်နေသလိုလို၊ သဘောမကျသလိုလိုဆိုတော့ သူ့မျက်ခုံးအစုံပင့်ခနဲဖြစ်သွားသလို နှင်းမျက်နှာလှလှလေးကို သဘောကျစွာ စူးစိုက်ကြည့်လိုက်၏။

"ကိုယ်က ပို့ပေးချင်နေတယ်ဆိုရင်ရော"

"နှင်း တက္ကစီနဲ့ပဲ သွားပါ့မယ်"

လက်မခံပါဟု မငြင်း။ ဒါပေမဲ့ သူ့ကားနှင့် မလိုက်ဘဲ တက္ကစီနှင့်ပဲ သွားမှာဆိုတော့ နှင်းဘက်က နေထွင်သွေးနှင့် မပတ်သက်ချင်တာ ပိုသေချာသွား၏။

"နှင်း ကားငှားသွားမှာဆို ကိုယ့်ကားကို ငှားလေ၊ ပြီးရင် ဒိုက်ဆံပေးပေါ့၊ ကဲ..လာ၊ သွားကြမယ်"

"အို..နှင်းလက်ကို ဘာလို့ လာဆွဲတာလဲရှင့်၊ ရှင့်ကားကို နှင်း မစီးချင်ဘူးဆို"

"သိတယ်၊ နှင်း မစီးချင်မှန်းသိလို့ ကိုယ်က တမင်ခေါ်တာ၊ ပေး..အဲဒီလက်ထဲက အထုပ်"

"ဦးနေထွင်သွေး"

နှင်း ဘာပြောပြော နေထွင်သွေးက ဂရုမစိုက်။ နှင်းလက်ထဲက ဝယ်ခြမ်းလာသည့် ပစ္စည်းထုပ်ကိုဆွဲယူပြီး သူ့ကားပေါ်တင်လိုက်၍ နှင်းမှာ ယောင်ချာချာလေးရပ်လျက် တအံ့တသြလေး ရှိနေခိုက်..

"ကားပေါ်တက်လေ နှင်း၊ ဘာလုပ်နေတာလဲ"

"ဟို..နှင်း သွားရမှာက အဝေးကြီးရှင့်"

"ကမ္ဘာ့အပြင်ဘက်အထိလား"

"အို"

"စိတ်ချပါ၊ နှင်း သွားချင်တဲ့နေရာ ဘယ်နေရာဖြစ်ဖြစ် ကိုယ် လိုက်ပို့မယ်၊ ကဲ..ကားပေါ်တက်တော့"






www.burmeseclassic.com

www.burmeseclassic.com



ဒီတစ်ခါတော့ သူ့စကားကို နှိုင်း မငြင်းနိုင်တော့။ စိတ်ရှုပ်ထွေးသော အမူအရာလေးဖြင့် ကားပေါ်တက်လိုက်ရသည်။

နှိုင်း ကားပေါ်ရောက်တာနှင့် သူ့ကားကြီးက နေရာမှ ညင်သာစွာထွက်သွားသလို နှိုင်းလည်း သက်ပြင်းကျိတ်ချမိလျက်သား ဖြစ်သွားသည်။

"ကဲ..ပြော၊ နှိုင်းကို ဘယ်ပို့ပေးရမလဲ"

"တောင်ဥက္ကလာ"

"ဟုတ်ပြီ"

"ဘယ်သူ့ဆီသွားမှာလဲ"

"နှိုင်းသူငယ်ချင်းဆီကိုပါ"

"နှိုင်းသူငယ်ချင်းဆိုတာ ယောကျ်ားလား၊ မိန်းမလား"

"မိန်းကလေးသူငယ်ချင်းပါ၊ သူ့အမေ နေမကောင်းဘူးဆိုလို့ နှိုင်းက သွားမေးမှာ၊ နေပါဦး..ဦးနေထွဋ်သွေးက နှိုင်းကို ဘာလို့အဲဒါတွေ လိုက်မေးနေတာလဲ"

"သိချင်လို့"

မေးတဲ့လူမေးတုန်းက နှိုင်းက ဖြေခဲ့ပြီးပြီ၊ အခုမှ ဒါတော့ ဘာကိစ္စလိုက်မေးနေရတာလဲဆိုတာ ပြန်တွေးမိပြီး ပြန်မေးတော့ နေထွဋ်သွေး အဖြေက ရှင်းနေ၏။

သိချင်လို့..တဲ့။

နှိုင်း ဘာဆက်ပြောရမှန်းမသိ ဖြစ်သွားကာ မျက်ခုံးလေး တွန့်ပြီး နှုတ်ဆိတ်သွားတော့ နေထွဋ်သွေးက ကားမောင်းနေရင်းက နှိုင်းကို လှမ်းကြည့်သည်။

"ဘာလဲ..နှိုင်းက ကိုယ့်ကို မကျေနပ်လို့လား"

"အဲဒီလိုတော့ မဟုတ်ပါဘူး"

"ဒါဖြင့် ဘယ်လိုလဲ"

သူ့အမေးကို နှိုင်း မဖြေတတ်။ နေထွဋ်သွေး ကားပေါ် နှိုင်း လိုက်လာရတာကို စိတ်ထဲမှာမွန်းကျပ်ပြီး မနေတတ်အောင် ဖြစ်နေ၏။

"နှိုင်းမှာ ချစ်သူရှိလား"

"ရှင်"

"နှိုင်းမှာ ချစ်သူရှိလားလို့ မေးတာလေ"

ပတ်သက်ခဲ့တာမှန်ပေမယ့် ရင်းနှီးခဲ့ကြသူများမဟုတ်။





www.burmeseclassic.com

www.burmeseclassic.com



ဒီကြားထဲ နှိုင်းရဲ့ ကိုယ်ရေးကိုယ်တာတွေကိုပါ စပ်စပ်စုစု သိချင်လာသူကို နှိုင်း ဖျတ်ခနဲလှမ်းအကြည့် သူကလည်းနှိုင်းကို ကြည့်တာနှင့် အကြည့်ချင်းဆုံသည်နှင့် အဖြေတစ်ခုကို နှိုင်း ရဲဝံ့စွာဖြေလိုက်၏။

“နှိုင်းမှာ ချစ်သူရှိပါတယ်၊ မကြာခင် လက်ထပ်ကြတော့မှာ”

“သြော်”

နောက်ထပ် နှိုင်းကို ဘာမှထပ်မပြောနိုင်အောင် နှိုင်းဘက် အပြတ်ပြောလိုက်ပေမယ့် တကယ်တမ်း နှိုင်းမှာ ချစ်သူရည်းစား ဆိုတာမရှိ။ လက်ထပ်ဖို့ဆိုတာ ဟိုးအဝေးကြီးမှာ။

“ဟော..ဟိုရှေ့ကလမ်းပဲ၊ ညာဘက်က ချိုးကွေ့ပေး ပေးပါနော်”

နှိုင်းမှာ သူမရောက်ချင်သည့်နေရာကို ရောက်ရပြီးမှ စိတ်ထဲ လွတ်လပ်ပေါ့ပါးသွားကာ ပတ်ဝန်းကျင်ကို ဟိုဒီကြည့်ရင်း အနားမှာ အတူရှိနေသည့် နေထွဋ်သွေးကို မေ့သွားသည်။

ငြိမ်းတို့အိမ်ကို တစ်ခါရောက်ဖူးပေမယ့် အိမ်ကို ရှာတ်





ရက် မမှတ်မိ။

“နှိုင်း”

“ငြိမ်း”

“ဦးနေထွဋ်သွေး..ဟိုမှာ နှိုင်း သူငယ်ချင်း၊ အပြင်ထွက် စောင့်နေတယ်”

နေထွဋ်သွေးက နှိုင်းသူငယ်ချင်းအိမ်ရှေ့မှာ ကားကိုရပ်ပေးရင်း မိသားစုအခြေအနေကို တစ်ချက်အကဲခတ်လိုက်ရုံနှင့် နှိုင်း ဘာဖြစ်လို့ ဤမျှပစ္စည်းတွေ ဝယ်လာသလဲဆိုတာ သဘောပေါက်လိုက်၏။

“ငြိမ်းရေ..ဒီမှာ အန်တီ့အတွက် နှိုင်း ဝယ်လာတာတွေ ကူသယ်ပေးပါဦး”

“အားနာစရာ နှိုင်းရယ်၊ ဝယ်မလာနဲ့ဆိုတာကို နားမထောင်ဘူး”

“အို..အမေ”

“ဟယ်..နှိုင်း ခြေခေါက်လဲသွားပြီ၊ ဘာဖြစ်သွားလဲ၊ ငြိမ်းကို ပြစမ်း”



www.burmeseclassic.com

www.burmeseclassic.com



"အား..ကျွတ်..ကျွတ်..နှင်းခြေထောက်ကို မထိနဲ့ ငြိမ်း
လမ်းမှာ ချော်လဲလာလို့ ပိုနာသွားတာပါ၊ နှင်း ဘာမှမဖြစ်ဘူး"

နှင်းက သူမနားကို အပြေးရောက်လာသော ငြိမ်း
အပြုံးဖြင့်နှစ်သိမ့်ရင်း ခြေထောက်အနာလေးကို ဖိပြီး နေရာမှအထ

"အို"

"လာ..ကိုယ့်ကို တွဲထား၊ ဒါမှ နှင်းခြေထောက်မနာမှာ"

နှင်းကိုယ်လေးကို သန်မာသောလက်များဖြင့် ဆွဲယူ
မတ်လိုက်သူက ဦးနေထွဋ်သွေး။

"ဟို..နှင်းဘာသာ လျှောက်နိုင်ပါတယ်"

"လာစမ်းပါ၊ ကိုယ့်လက်မောင်းကို ကိုင်ပြီး ရဲရဲလျှော
ဩော်..ဒီက နှင်းသူငယ်ချင်း ငြိမ်းဆိုတာလား"

"ဟုတ်ပါတယ်ရှင်"

"ကိုယ်က နှင်းရဲ့ နေထွဋ်သွေးပါ"

"ဟုတ်ကဲ့"

"လာပါ ဦးနေထွဋ်သွေး၊ နှင်း ဖြည်းဖြည်းလျှော
နော်"





ငြိမ်းက ဘယ်လိုနားလည်သည်မသိ။ နှင်းကတော့ ဦးနေ
ထွဋ်သွေးထံမှ ဘာလိုလိုစကားကိုသာ စိတ်မှာ ဘဝင်မကျဖြစ်
သွက်။ အနေခက်ခက်နှင့် သူ့ ဆွဲခေါ်ရာပါလာရ၏။

"အခုလို လိုက်ပို့တာ ကျေးဇူးတင်ပါတယ် ဦးနေထွဋ်
သွေး၊ အပြန်တော့ နှင်းဘာသာပဲ ကားငှားပြန်ပါ့မယ်"

နှင်းက ငြိမ်းတို့မကြားအောင် တိုးတိုးကပ်ပြောပြီး နေထွဋ်
သွေးကို ပြန်ခိုင်းနေတာကိုသိပေမယ့် နေထွဋ်သွေးက နှင်းနားက
သွား။

"ကိုယ့်ကားကို အခုလည်း နှင်း ငှားလာတာမဟုတ်လား၊
သွားအပြန် ပို့ပေးမယ်၊ အလကားတော့ မဟုတ်ဘူးနော်၊ တန်ရာ
ခန့်ကြေးပေးရမှာ"

"ဩော်..လာကြပါ၊ ထိုင်ပါ"

"အန်တီ သက်သာတယ်နော်"

"ဒီလိုပါပဲကွယ်၊ ဒီအထိအောင်လာရတာ နှင်းတို့ကို
အားနာလိုက်တာ"

ငြိမ်းတို့ တစ်မိသားစုလုံးက နှင်းနှင့် နေထွဋ်သွေးကို



www.burmeseclassic.com

www.burmeseclassic.com



အားနာ၍ အနေရခက်နေကြမှန်း သိသောကြောင့် နှိုင်းသည် ခပ်မြန်မြန်နှုတ်ဆက်ပြီး ပြန်ခဲ့သည်။

"ကဲ..ပြော၊ ဒီတစ်ခါရော ဘယ်ကို ပို့ပေးရမှာလဲ"

"သံလွင်လမ်းကိုပါ"

နှိုင်း မပြောချင်၍လည်း မရသဖြင့် ခြံနံပါတ်ကိုပြောလိုက်ရ၏။ အိမ်ရောက်လို့ မမလှိုင်းသာ နေထွဋ်သွေးကိုတွေ့လျှင် ဘာပြောမည်မသိ။

နှိုင်းတို့အိမ်ကိုရောက်တော့ မိဘနှစ်ပါးပဲရှိ၍ မမလှိုင်းက မရှိ။ နှိုင်းကပဲ နေထွဋ်သွေးနှင့် သူ့မိဘများကို မိတ်ဆက်ပေးရသည်။ လူကြီးတို့ထုံးစံအတိုင်း နှိုင်း ဖေဖေက နေထွဋ်သွေး၏ အလုပ်အကိုင်၊ မိသားစုအားလုံး အင်တာဗျူးနေ၍ နှိုင်းက မျက်မျက်နှာပျက် အားနာနေသလောက် သူက စိတ်ရှည်လက်ရှည် ခပ်ပြုံးပြုံးဖြေနေ၍ ကြားထဲက နှိုင်းပဲ စိတ်ရှုပ်မိ၏။

"ဖေဖေ..ဟိုလေ ဦးနေထွဋ်သွေးမှာက တခြားအလုပ်တွေရှိသေးတယ်"

"အေးကွာ..စကားပြောလို့ ကောင်းပါရဲ့၊ အလုပ်ရှိ





သွားလေ၊ သမီးမိတ်ဆွေဆိုတော့ နောက်လည်း ဝင်ပါထွက်ပါ"

"ဟုတ်ကဲ့ ဦး၊ နောက်မှပဲ ဦးနဲ့ စကားပြောရအောင် အေးအေးဆေးဆေး လာခဲ့ပါဦးမယ်၊ အခုတော့ တခြားအလုပ်လေးတွေရှိလို့ ခွင့်ပြုပါဦး"

"ကောင်းပါပြီကွယ်"

"နှိုင်း ကိုယ် ပြန်မယ်"

"ဟုတ်ကဲ့"

နေထွဋ်သွေး ရှေ့ကထွက်သွား၍ သူ့နောက်က နှိုင်း လိုက်ခဲ့သည်။ နေထွဋ်သွေးက ကားပေါ်တက်ပြီး နှိုင်းကို တစ်ချက်လှမ်းကြည့်ကာ..

"နှိုင်း ခဏလာပါဦး"

"ရှင်..ဟုတ်ကဲ့"

နှိုင်းကို လှမ်းခေါ်နေ၍ သူ့ကားနား နှိုင်း ရောက်သွားသည်နှင့် နေထွဋ်သွေးက နှိုင်းမျက်နှာလေးကို စေ့စေ့ကြည့်ကာ..

"ကိုယ့်ကို ကားခမပေးရသေးဘူးနော်"

"အို..ဟုတ်ပါရဲ့၊ နှိုင်း ဦးနေထွဋ်သွေးကို ဘယ်လော



www.burmeseclassic.com

www.burmeseclassic.com



ပေးရမလဲဟင်''

''ဩော်··ဒီမှာ ကိုယ့်နာရီကို တစ်ချက်ကြည့်ပါဦး''

''ဘာဖြစ်လို့လဲဟင်''

ရုတ်တရက် နေထွဋ်သွေးက သူ့လက်မှာပတ်ထားသည် နာရီကို မြှောက်ပြနေ၍ နှိုင်းက သူ့နာရီ နှိုင်းကြောင့် တစ်ခုခုမှာ ဖြစ်သွားပြီလားဆိုသည့်အတွေးနှင့် သူညွှန်ပြသည့်နေရာသို့ အနီးကပ် တိုးကပ်သွားကာ မျက်နှာလှလှလေးကို ရှေ့ကိုတိုးပြီးငုံ့ကြည့်သည်

''ဒီမှာလေ··သေချာကြည့်''

''ဘာကိုကြည့်ရမှာလဲ·အို''

အလစ်အငိုက်မိသွားသော နှိုင်း ပါးမို့မို့လေးပေါ်သို့ ရုတ် တရက်ရောက်လာသည့် အနမ်းတစ်ခုကြောင့် နှိုင်းမှာ အံ့ဩရှ လန့်စွာ နေထွဋ်သွေးမျက်နှာကို ပါးပြင်ကို လက်နှင့်အုပ်မိုးပြီ ဝိုင်းစက်လှပသော မျက်လုံးများဖြင့် မော့အကြည့်··

''ကားခ ကိုယ် ယူလိုက်ပြီနော် နှိုင်း''

''ကိုယ်သွားပြီ''

နှိုင်း ဘာမှမပြောနိုင်ခင် သူ့ကားက နှိုင်းအပါးမှ ညင်သာ





စွာ ထွက်သွားပြီဖြစ်၍ နှိုင်းမှာသာ နေထွဋ်သွေး၏ အပြုအမူအတွက် ပြင်းဒေါသလေးတွေနှင့် ရင်ခုန်စိတ်လှုပ်ရှားစွာ ကျန်ခဲ့သည်။

ကြည့်စမ်း··ဒီလူ နှိုင်းရဲ့အပျိုစင်ပါးပြင်ကို ရက်စက်စွာ အနမ်းဦးခြွေသွားရက်သည်။ ပြီးတော့ ပြောသွားလိုက်သေးသည်။ ကားခ ယူလိုက်ပြီနော်တဲ့။

နှိုင်းဘာသာ သွားပါရစေဆိုတာလည်း မရ။ သူ့သဘောနဲ့ သူ နှိုင်းကို ဖွတ်အတင်းလိုက်ပို့ပြီး နှိုင်း သဘောမတူဘဲ နှိုင်းပါး ပြင်ကို အနမ်းဦးခြွေကာ ဒေါသဖြစ်အောင် ပြောသွားသည်။

သူ့စိတ်ထဲမှာ နှိုင်းကိုများ ဘယ်လိုထင်နေသည်မသိ။ အခြားမိန်းကလေးတွေကိုလည်း အခုလို အခွင့်အရေးယူနေကြပဲ သားမသိ။

အို··ဘာပဲဖြစ်ဖြစ် နှိုင်းကို သူ စိတ်ထင်တိုင်းပြုမူသွား ဘာကို နှိုင်း မကျေနပ်ပါ။

ဘယ်လို ရန်တွေ့ရမှန်းလည်း မသိ။ မမလှိုင်းကို နေထွဋ် သွေးဆိုသည့်လူက နှိုင်းပါးလေးကို ခွင့်မတောင်းဘဲ ဘာမပြော ညာမပြော နမ်းသွားပါသည်လို့ ကလေးတစ်ယောက်လို ငိုပြီ



www.burmeseclassic.com

www.burmeseclassic.com



တိုင်ရမည်လား။

ဒီလိုတော့ မဖြစ်သေးပါ။

နှင်း နှုတ်ဖျားက ထိုအကြောင်းကို ဖွင့်ပြောရအောင် သ မရှိ။ ရှက်ပါသည်။ မမလှိုင်းမလာခင် မိဘနှစ်ပါးကို လုပ် ရှိတာ လုပ်ပေးပြီး နှင်း အိပ်ရာဝင်ခဲ့သည်။ အိပ်ချင်၍တော့ မဟု နေထွဋ်သွေးဆိုသည့်လူကို မကျေနပ်၍ ဖြစ်သည်။

အိပ်ရာထက်မှာ လူးလိမ့်နေပေမယ့် နှင်းရင်ထဲက ခံပြ ဒေါသကြောင့် အိပ်မပျော်။ မမလှိုင်း မိုးချုပ်မှ ပြန်လာတာ ပေမယ့် ထွက်နှုတ်မဆက်ဘဲ အိပ်ချင်ဟန်ဆောင်နေလိုက်သည်

ဒါတောင် မမလှိုင်းက နှင်းအခန်းတံခါးကို လာခေါ် သေးသည်။ နှင်းက အသံမပေးဘဲ တိတ်နေမှ မမလှိုင်းက နှ အိပ်သွားပြီဟု စိတ်ချကာ ဆက်မနှိုးတော့ဘဲ ငြိမ်သွားသည်။

ဦးနေထွဋ်သွေး။

ရှင့်ကို နှင်း မုန်းတယ် သိလား။

ကားခဆိုပြီး နှင်းပါးကို ညာနမ်းသွားရအောင် ရှင်နဲ့ ဆိုတာ မနေ့တစ်နေ့ကမှ တွေ့ဖူးမြင်ဖူးကြတဲ့ သူစိမ်းတွေ။





နှင်းအပေါ် ရှင့်ဘက်က အခွင့်အရေးသိပ်ယူသွားတာကို နှင်း ခွင့်မလွှတ်ဘူး။

နှင်းပါးကို နမ်းတဲ့သူဟာ နှင်းရဲ့အချစ်ဦး၊ အချစ်ဆုံးချစ်သူ ကလွဲပြီး တခြားတစ်ယောက်ယောက်အတွက် မဖြစ်စေရလို့ ဆုံးဖြတ် ထားသည့် နှင်းရဲ့ အပျိုစင်ပါးကိုမှ။

ရှင်က နှင်းရဲ့ ချစ်သူမို့လို့လား။

အို..ဒီလိုပုံနှင့် ဒီလူကို နှင်း ဘယ်လိုတဲ့ပြန်ရမှာပါလိမ့်။

ရှင်ဘာလို့ နှင်းရဲ့ပါးကို နမ်းတာလဲလို့ နောက်တစ်ခါ သူ့ကိုတွေ့ရင် နှင်းဘက်က ရန်ပြန်တွေ့ရမှာလား။

သူနဲ့ နှင်းဆိုတာကလည်း ဘယ်အချိန်ကျမှ ပြန်တွေ့ရ မှန်းလည်း သိတာမဟုတ်။ တော်ကြာ အချိန်အကြာကြီးနေမှ ပြန်တွေ့လို့လည်း အဲဒီစကားမျိုးက အစပြန်ဖော်သင့်သည်ထဲမှာ မပါ။

ပြီးတော့ နှင်းက အခုချိန်ထိ ချစ်သူရည်းစား ထားဖူးတာ လည်းမဟုတ်။

ကြည့်စမ်း...။



www.burmeseclassic.com

www.burmeseclassic.com



ချစ်သူရည်းစားဆိုမှ နှိုင်း သူ့ကိုပြောခဲ့သည့်စကားကို ပြန်သတိရသွားသည်။ သူကားပေါ်မှာ နှိုင်းမှာ ချစ်သူရည်းစား ရှိသည့်အကြောင်း ပြောခဲ့သေးတာပဲ။ ဒါကို သိရက်နဲ့ ဒီလူ··။

နှိုင်းမှာသာ တကယ်ချစ်သူရှိနေရင် နေထွန်းသွေးရဲ့ အပြုအမူဟာ သိပ်ပြီး ရိုင်းစိုင်းရဲတင်းလွန်းရာ ရောက်နေပြီ။

သူတစ်ပါးချစ်သူကို ကျူးကျော်စော်ကားနေပြီ။ ဒီလူကို နှိုင်း ဘယ်လိုအပြစ်ပေးရမလဲ။ ဘယ်လိုရှုံ့တွေ့စကား ပြောရမလဲလို့ စိုက်ကာစဉ်ကာ စဉ်းစားနေခိုက်မှာပဲ နှိုင်းရဲ့ဖုန်းလေးက အသံမြည်လာ၏။

ဖုန်းနံပါတ်ကို ကြည့်လိုက်တော့ နှိုင်း သိသော နံပါတ် မဟုတ်။ ဒါပေမဲ့ နှိုင်း ဖုန်းထူးလိုက်သည်။

"ဟဲလို"

"နှိုင်း···ကိုယ်ပါ"

"ဟင်"

"ဦးနေထွန်းသွေး···ရှင်···ရှင်··စောစောက နှိုင်းကို"

"ကိုယ့်ကို နှိုင်း သိပ်စိတ်ဆိုးသွားလား"





"စိတ်ဆိုးတာ မဟုတ်ဘူးရှင့်၊ သတ်ပစ်ချင်တာ၊ နှိုင်းမှာ ချစ်သူရှိတာကို သိရက်နဲ့"

"ဟိတ်···နေဦး···နေဦး"

"ကိုယ့်ကို နှိုင်း စိတ်ဆိုးဒေါသဖြစ်ပြီး ရှုံ့တွေ့တာမှန်တယ်၊ ဒါပေမဲ့ နှိုင်းမှာ ချစ်သူရှိတယ်ဆိုတဲ့ စကားကတော့ မမှန်ဘူးကွ၊ မှားနေတယ်"

"ဘာပြောတယ်၊ ရှင်က နှိုင်းမှာ ချစ်သူရှိပါတယ်လို့ ပြောနေတာကို မယုံဘူးလို့ ပြောတာလား"

ဒေါသလေးများဖြင့် မခံချိမခံသာ ရှုံ့တွေ့နေရာမှ နှိုင်း ကိုယ်တိုင်ပြောသည့်စကားကို နေထွန်းသွေးက လက်မခံပါဟုဆိုတော့ နှိုင်းမှ ဒေါသမဖြစ်လျှင် ဘယ်သူဖြစ်ရဦးမည်နည်း။

"ဟုတ်တယ်···မယုံဘူး၊ ကောင်မလေးတစ်ယောက် ကိုယ့်ကိုညာနေတာ ကိုယ် သိတာပေါ့"

"နှိုင်းမှာ ချစ်သူမရှိဘူးဆိုတာ ရှင့်ကို ဘယ်သူပြောလဲ"

"လှိုင်းက"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"ရှင်နဲ့ မမလှိုင်း ဘယ်တုန်းက တွေ့ကြတာလဲ"

"အဟွန်း…ဟွန်း…ဟွန်း"

"တွေ့လား…လှိုင်းကလို့ ပြောလိုက်တာနဲ့ အမှန်တွေ ပေါ်လာပြီ"

"ကြည့်စမ်း…ရှင် နှင်းကို ညာပြောတာပေါ့လေ ဟုတ်လား"

"နှင်းကလည်း ကိုယ့်ကို ညာတာပဲကွ"

"အို…အဲဒါနဲ့ဘာဆိုင်လဲ၊ နှင်း ညာတယ်ဆိုတာက"

"ကိုယ်နဲ့မပတ်သက်ချင်လို့၊ ဟုတ်တယ်မဟုတ်လား"

"ဟုတ်တယ်ရှင့်…ဟုတ်တယ်၊ ရှင့်ကို အခွင့်အရေး သမားမှန်း မသိခင်ကတည်းက မပတ်သက်ချင်တာ၊ အခုတော့ ပိုဆိုးတယ် သိလား"

"ကိုယ် နှင်းပါးလေးကို နမ်းလိုက်တာက နှင်းကို စော်ကားချင်လို့ အခွင့်အရေးယူချင်လို့ မဟုတ်ဘူး နှင်း၊ ရုတ်တရက်ကြီး ကိုယ့်စိတ်ထဲမှာ ဘယ်လိုဖြစ်သွားမှန်း မသိဘူး၊ နှင်းမျက်နှာ





လေးကို ကြည့်ရင်းကြည့်ရင်း နှင်းပါးလေးကို နမ်းချင်စိတ်ပေါက် လာတာနဲ့"

"အို…တော်ပါတော့"

အနမ်းရာဇဝင်ခင်းနေသူက ခင်းနေပေမယ့် နားထောင်နေရသည့် နှင်းမှာက မကြားရဲ။

"မဟုတ်ဘူးလေ၊ ကိုယ့်အပေါ်မှာ နှင်းက အထင်လွဲနေလို့ ကိုယ်က ရှင်းပြနေတာကွ"

"ဒီကိစ္စက ရှင်းပြစရာလားရှင့်၊ စိတ်သွားတိုင်း ကိုယ်ပါရအောင် ရှင်က ကလေးမို့လို့လား"

နှင်းထံမှ ရန်တွေ့စကားလေးများကို နားထောင်ရင်း ချစ်စနိုး ပြုံးနေမိသူက နေထွင့်သွေး။

နှင်းက သူထင်ထားတာထက် ပိုချစ်စရာကောင်းသလို ပိုအသည်းယားစရာကောင်းသော ချစ်စရာကလေးမဖြစ်သည်။

"မပြောတတ်ဘူးကွာ၊ ကိုယ့်စိတ်ထဲ ဘယ်မိန်းကလေးကိုမှ အခုလို နမ်းချင်စိတ်ဖြစ်လာတာမျိုး မကြုံဖူးဘူး၊ နှင်းနဲ့ကျမှ"



www.burmeseclassic.com

www.burmeseclassic.com



"အို…တော်ပြီ…တော်ပြီ၊ နှိုင်းဆီကို နောက်ထပ် ဘယ်တော့မှ ဖုန်းမဆက်နဲ့၊ အိမ်ကိုလည်း မလာပါနဲ့"

"ဒါပဲ"

"ဟိတ်…နေဦးလေ"

တစ်ဖက်က နေထွင့်သွေးစကားကို နားမထောင်ဘဲ ဖုန်းကိုပါ စက်ပိတ်ပစ်၍ နေထွင့်သွေးတစ်ယောက်တည်း ပြုံးနေမိသည်။

နှိုင်း…။

မင်းလေးဟာ ဘာဖြစ်လို့များ ကိုယ့်ကို အသည်းယားစရာကောင်းအောင် ပြုမူနေရတာလဲကွာ။

နေထွင့်သွေးဆိုတဲ့ ကိုယ့်လိုလူကို မပတ်သက်ချင်တဲ့သူ၊ မခေါ်မပြောချင်တဲ့သူဆိုလို့ ဒီကမ္ဘာပေါ်မှာ မင်းတစ်ယောက်တည်းပဲ ရှိမယ်ထင်တယ်။

မျက်ဝန်းကိုမှိတ်လိုက်တော့ အံ့သြရှက်လန့်သွားသော ယန်းနုရောင် မျက်နှာလေးကို ပြင့်မော့လျက်။ မည်းနက်ဝိုင်းစက်သည့် မျက်ဝန်းရွှဲကြီးများဖြင့် နေထွင့်သွေးမျက်နှာကို ကြည့်လာ





သည့် နှိုင်းရဲ့အကြည့်လေးက မထင်မှတ်ဘဲ နေထွင့်သွေးရင်ကို စွဲငြိသွားစေသည်။

နေထွင့်သွေးဆိုတာ လူတစ်မျိုး။ အလွယ်တကူရနေသည့် အရာတွေကို စိတ်မဝင်စားတတ်သလို လှည့်၍ပင်မကြည့်တတ်သည့် လူစားမျိုး။

ဒါပေမဲ့ ခက်ခက်ခဲခဲရသည့် အရာတိုင်းပေါ်မှာ နေထွင့်သွေးက အလေးအနက်ထား၍ အမြတ်တနိုး တန်ဖိုးထားတတ်သည်။

နှိုင်းက နေထွင့်သွေးနှင့်ကိုက်ညီသော မိန်းမလှလေး တစ်ယောက်။

ကြည့်ကြသေးတာပေါ့ နှိုင်းရယ်။

မင်းကပဲ ကိုယ့်ကို မုန်းနိုင်မလား။

ကိုယ်ကပဲ မင်းအချစ်ကို ရအောင်ယူနိုင်မလားဆိုတာ။

သေချာတာကတော့ နေထွင့်သွေးဆိုတဲ့ ကိုယ်ဟာ ခက်ခက်ကိုမှ လိုချင်တယ်ဆိုတာပဲ။

ᒣ ᒣ ᒣ



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၄)

နှင်း ထိုကိစ္စတွေ ဖြစ်ပြီးသွားသည့်နောက်မှာတော့ နှင်း သူ နောက်ထပ်တွေ့ဆုံရန် ခက်ခဲသွားပြီလို့ ထင်ထားခဲ့၏။ တကယ်တမ်းမှာတော့ နှင်း ထင်သလို ဖြစ်မလာခဲ့။

ဒီတစ်ခါ နေထွင့်သွေးနှင့် နှင်း တွေ့ဆုံမိသည်က နှင်း ခြံထဲမှာဖြစ်သည်။

ခြံထဲရှိ ပန်းပင်များကို နှင်း ရေလောင်းနေစဉ် နှင်းတို့ ခြံထဲသို့ ငွေမှင်ရောင်ကားလှလှတစ်စီး မောင်းဝင်လာ၏။

နှင်းမှာ သူမနှင့်ရင်းနှီးခြင်းမရှိသည့် ထိုကားလှလှလေး



www.burmeseclassic.com

www.burmeseclassic.com



ကို ရှုးစမ်းသည့် မျက်ဝန်းလေးများဖြင့် ကြည့်နေခိုက် ကားလေးက ဆင်ဝင်အောက်မှာရပ်သွားပြီး ကားပေါ်က လူတစ်ယောက် ဆင်းလာ၏။

နှိုင်းဘက်ကို ကျောပေးထား၍ ရုတ်တရက် ဘယ်သူမှန်း နှိုင်း မသိ။ သို့သော် ဖြည်းဖြည်းချင်း နှိုင်းရှိရာဘက်သို့ လှည့်လာသည့် မျက်နှာကို တွေ့လိုက်ရချိန်မှာတော့ နှိုင်းလက်ထဲက ရေပိုက်လေးကို လွှတ်ကျမသွားအောင် မနည်းဆုပ်ကိုင်ထားလိုက်ရ၏။

နှိုင်း တွေ့လိုက်ရသည့်လူက တခြားသူ မဟုတ်။

နေထွဋ်သွေး ဆိုသည့်လူ။

နှိုင်းပါးလေးကို မညှာမတာ နမ်းသွားသည့်လူက ဒီ ဘာကြောင့်ရောက်လာရသနည်း။ နှိုင်းကိုယ်တိုင် သူ့ကို မတွေ့ချင်၊ မုန်းပါသည်ဟု ဆိုထားသည့်ကြားက နှိုင်းအိမ်ကို ရော လာတာကတော့ တဆိတ်လွန်လွန်းသည်ဟုထင်သည်။

နေထွဋ်သွေးက ပန်းချုံအကွယ်က နှိုင်းကိုမမြင်။ နှိုင်း ကြည့်နေဆဲမှာပင် တိုက်ထဲမှ မမလှိုင်း ထွက်လာပြီး နေထွဋ်သွေး





ရယ်ရယ်မောမော စကားတွေဆိုရင်း မမလှိုင်းက ဘာပြောတ်သည်မသိ။

အကြည့်တွေက နှိုင်းရှိနေသည့် ပန်းချုံရှိရာဘက် ဖျတ်ခနဲ က်လာ၍ နှိုင်းက သူမကိုယ်လေးကို သူတို့မမြင်အောင် က်သို့ ပိုတိုးကပ်ထားလိုက်၏။

ပြီးတော့ သူတို့ကိုမကြည့်တော့ဘဲ ထိုနေရာက ဘယ်သူ မြင်အောင် နှိုင်း ထွက်ခဲ့သည်။

နှိုင်းတစ်ကိုယ်လုံးမှာ ရေတွေစိုရွှဲနေသည့်အတွက် ခန္ဓာ ကောက်ကြောင်းအလှက အရှိကိုအရှိအတိုင်း ပေါ်လွင်နေ၏။ နေထွဋ်သွေးဆိုသည့်လူ မြင်တွေ့သွားမှာမျိုး အဖြစ်မခံနိုင်။ လည်း မျက်နှာချင်းမဆိုင်ချင်။

မမလှိုင်းနှင့်သူ စကားပြောပြောနှင့် နှိုင်းရှိရာဘက် တ်လာချိန်မှာ နှိုင်း အိမ်နောက်ဘက်မှပတ်လျက် အိမ်မကြီး ဝင်ကာ သူမအခန်းရှိရာသို့ ဘယ်သူမှမမြင်အောင် တက်လာ ည်။

မှန်ရှေ့မှာ နှိုင်း ရပ်လိုက်တော့ နှိုင်းပုံစံက ဘာမှမပြ



www.burmeseclassic.com

www.burmeseclassic.com



ဆင်ခြယ်သထားခြင်းမရှိဘဲ ရေစိုနေသည့် အဝတ်နှင့်ပင် ချစ်စ
ကောင်းအောင် နုဖပ်ဝင်းစိုလှပနေ၏။

ဒီအလှတွေကြောင့်ပဲ လူတွေက နှိုင်းကို သိမ်းပိုက်ရ
ချင်ကြသည်။ နှိုင်းရင်ထဲက နှိုင်းခံစားချက်၊ နှိုင်းနှလုံးသာ
ဘယ်သူမှစိတ်မဝင်စားကြ။

နှိုင်းအလှပေါ်မှာ သာယာယစ်မူးကြသူတွေရဲ့ အချစ်
နှိုင်း မယုံကြည်။ လက်ခံလိုစိတ်လည်းမရှိ။ နှိုင်းဖြစ်စေချင်တာ
နှိုင်းရဲ့ အပေါ်ယံအလှထက် လူတစ်ယောက်ရဲ့ စိတ်နေသဘော
ထား၊ ဖြူစင်ရိုးသားမှုနှင့် နှလုံးသားက လှိုက်လှဲစွာ တောင်း
လာမည့် ချစ်ခြင်းမေတ္တာဖြစ်ပေမယ့် လက်ရှိမှာ ယောကျာ်းအ
စုက နှိုင်း၏အလှမှာ သာယာယစ်မူးချင်ကြသူတွေချည်း။

နေထွဋ်သွေးဆိုသည့် လူကိုယ်တိုင်လည်း ထိုသူတွေထဲ
တစ်ယောက်ဟု နှိုင်းမြင်သည်။ ဘာတစ်ခုမှ မပြောမဆိုဘဲ အ
သဘောမျိုး နှိုင်းရဲ့အပျိုစင်ပါးကို နမ်းရက်သူကို နှိုင်းစိတ်
ဘယ်လိုမှ ဘဝင်မကျ။ ခါးသီးမှုတွေနှင့် မုန်းနေ၏။

ထိုသို့သော လူကို ဘာအတွက်နှင့်မှ နှိုင်းဘက်က





ဆုံနေစရာမရှိ။ တွေ့ရင်လည်း နှိုင်းရင်ထဲက မကျေနပ်မှုအတွက်
ဒေါင်ထုတ်မိမှာ အမှန်ဖြစ်၏။ ရေချိုးခန်းထဲဝင်ပြီး နှိုင်း ရေချိုးတော့
မည်ဟု စဉ်းစားလိုက်စဉ်မှာ နှိုင်း အိပ်ခန်းတံခါးခေါက်သံ ပေါ်
လာ၏။

“ခေါက်…ခေါက်”

“နှိုင်း…မမလှိုင်းပါ၊ တံခါးဖွင့်ပါဦး”

စိတ်မပါပေမယ့် အခန်းတံခါးကို နှိုင်း ဖွင့်ပေးလိုက်၏။

“ကြည့်စမ်း…တစ်ကိုယ်လုံးလည်း ရေတွေစိုရွှဲလို့၊ အဝတ်
မလဲသေးဘဲနဲ့ အခုချိန်ထိ ဘာတွေလုပ်နေတာလဲ နှိုင်း”

အခန်းထဲတွင် အဝတ်စိုတွေနှင့် ဒီအတိုင်းရှိနေသော နှိုင်း
ကို အံ့ဩသလိုကြည့်ရင်း ဆိုလာသည့် မမလှိုင်းကို နှိုင်း တစ်ချက်
မော့ကြည့်လိုက်၏။

“နှိုင်း အခုပဲ ရေချိုးမလို့ မမလှိုင်း”

“ကဲ…ဒါဖြင့်လည်း မြန်မြန်ရေချိုး၊ အဝတ်အစားလဲခဲ့၊
အောက်မှာ ကိုနေထွဋ်သွေး ရောက်နေတယ်”

“သူဘာသာရောက်နေတာ နှိုင်းနဲ့ ဘာဆိုင်လို့လဲ မမ



www.burmeseclassic.com

www.burmeseclassic.com



လှိုင်းရဲ့”

“ဟဲ့…သူ အခု ဒီကိုလာတာ မမဆီကို လာတာမဟုတ်ဘူး၊ နှိုင်းဆီကိုလာတာ”

“နှိုင်းဆီကို ဟုတ်လား”

“ဟုတ်ပါသတဲ့ရှင်၊ ကိုနေထွန်းသွေးက မမတို့ညှော်သည်မဟုတ်ဘူး၊ နှိုင်းရဲ့ညှော်သည် သိပြီလား”

မမလှိုင်း စကားကြောင့် နှိုင်းမျက်နှာလှလှလေးမှာ စိုးရိမ်ထွေးမှုတွေ ဖြစ်သွား၏။

“သူ့ကို နှိုင်း မတွေ့ချင်ဘူး မမ၊ ဘယ်တုန်းကမှလည်း နှိုင်းညှော်သည်အဖြစ် သူ့ကို ဖိတ်မထားဘူး”

“အဲဒါတွေ နောက်မှပြောတော့ နှိုင်း၊ အခု သူက ကိုယ့်အိမ်ကို ရောက်နေပြီ၊ ကိုယ့်ညှော်သည်အပေါ်မှာ မမလှိုင်းတို့ နှိုင်းလိုဖြစ်မလား၊ ဖေဖေ မေမေတို့ မျက်နှာက ရှိသေးတယ်၊ ပြီးတော့ ကိုနေထွန်းသွေးဆိုတာ လူကြီးလူကောင်းတစ်ယောက်၊ ရေချိုးပြီး အောက်ထပ်ကိုဆင်းခဲ့၊ အောက်မှာ ဖေဖေတို့ချည်း ညှော်သည်ကို ထားခဲ့ရတာ အားနာစရာဖြစ်နေပြီ၊ မြန်မြန်သာဆင်းခဲ့တော့ နှိုင်း





မ သွားပြီ”

“မမလှိုင်း”

မမလှိုင်းက နှိုင်းကို လှည့်မကြည့်ဘဲ နှိုင်းအခန်းထဲက ခပ်သွက်သွက် ပြန်ထွက်သွား၍ နှိုင်းလည်း ရေချိုးခန်းထဲ ဝင်လိုက်ရ၏။

ဦးနေထွန်းသွေးက နှိုင်းညှော်သည်တဲ့။

ဘယ်တုန်းက သူနဲ့နှိုင်းက မိတ်ဆွေတွေဖြစ်ခဲ့ဖူးလို့လဲ။ နှိုင်းစိတ်ထဲမှာ နေထွန်းသွေးကို မကျေနပ်ပေမယ့် မမလှိုင်း ပြောသလို သူက ကိုယ့်အိမ်မှာရောက်နေပြီဆိုတော့ ကိုယ်က အိမ်ရှင်ဖြစ်ပြီး ရိုင်းနေ၍မဖြစ်။

လူကြီးမိဘတွေရှေ့မှာ နှိုင်းရင်ထဲက မကျေနပ်မှုကို ချိုသိပ်ထားရန်သာ ရှိသည်။ ရေခပ်သွက်သွက်ချိုးပြီး သင့်တင့်ရုံ အလှပြင်ဆင်ကာ စိတ်မပါပေမယ့် အောက်ထပ်သို့ဆင်းခဲ့သည်။

“ဟော…နှိုင်းလေး လာပြီ”

“ခြေထောက်အနာ သက်သာသွားပြီလား နှိုင်း”

“ဟုတ်ကဲ့”



www.burmeseclassic.com

www.burmeseclassic.com



မမလှိုင်နားမှာ နှင်း ဝင်ထိုင်လိုက်သည်နှင့် နေထွဋ်သွေး
က နှင်းမျက်နှာလှလှလေးကို စေ့စေ့စူးစိုက်ကြည့်ပြီး မေးလိုက်
ခြင်းဖြစ်သည်။

ရေချိုးပြီးစအသွင်ဖြင့် သန့်ရှင်းလှပနေသော နှင်းက သူ့
မျက်နှာကိုမကြည့်ဘဲ ဟုတ်ကဲ့ဟုဖြေကာ ခပ်တည်တည်မျက်နှာ
လေးဖြင့် မကြည့်သလိုလေး ထိုင်နေတာကိုကြည့်၍ နေထွဋ်သွေး
တစ်ချက် ပြုံးလိုက်၏။

"ဖေဖေတို့ရော မမ"

"စောစောကပဲ တစ်ဖက်ခြံကို ကူးသွားကြပြီ နှင်းရဲ့"

"သြော်…ဟုတ်ကဲ့၊ ဒါဆို နှင်းလည်း…"

"တူ…တူ…တူ"

"ဟော…ဖုန်းလာနေလို့ ခဏလေးနော် နေထွဋ်သွေး
နှင်း နေထွဋ်သွေးကို ဧည့်ခံထားလိုက်ပါဦးကွယ်၊ မမလှိုင်း အခု
ပဲ ပြန်လာမယ်"

ပြောလက်စ စကားကိုပင် နှင်းမှာ ဆုံးအောင်မပြော
လိုက်ရ။





မမလှိုင်းက သူ့လက်ကိုင်ဖုန်းကိုယူပြီး အိမ်ရှေ့ကိုထွက်
သွား၍ တိတ်ဆိတ်ကျယ်ဝန်းသော ဧည့်ခန်းအလယ်မှာ နှင်းနှင့်
နေထွဋ်သွေး နှစ်ယောက်တည်း ကျန်ခဲ့သည်။

"နှင်း"

"ရှင် နှင်းဆီကို ဘာကိစ္စနဲ့လာတာလဲ ဦးနေထွဋ်သွေး"

"ကိုယ် နှင်းကိုသတိရလို့၊ ကိုယ့်ကို နှင်းစိတ်ဆိုးနေ
တုန်းပဲလား"

"ရှင့်အပြုအမူကို ရှင့်ဘာသာ ပြန်စဉ်းစားကြည့်ရင် ဒီလို
စကားမျိုး နှင်းကို မေးနေစရာတောင်မလိုဘူး"

"နှင်း ကျေနပ်တဲ့အထိ ကိုယ် ထပ်ပြီးတောင်းပန်ပါ
တယ်ကွာ"

"ဘယ်တော့မှ မကျေနပ်ဘူးရှင့်"

ဒေါသဖြင့်ဆိုရင်း နှင်းထံမှ မကျေမနပ်အကြည့်လေးတွေ
နေထွဋ်သွေးရှိရာ ဖျတ်ခနဲ ရောက်သွားတော့ ဘယ်အချိန်ထဲက
နှင်းမျက်နှာလေးကို စိုက်ကြည့်နေမှန်းမသိသော သူ့အကြည့်များ
ဖြင့် ဆုံသည်။



www.burmeseclassic.com

www.burmeseclassic.com



လှပသော နှိုင်းမျက်နှာလေးက မကျေနပ်ခြင်း၊ ခံပြင်းခြင်း ဒေါသတွေနှင့် စိတ်ရှုပ်ထွေးစွာ တင်းမာနေသလောက် နေထွဋ်သွေး မျက်နှာကတော့ နှိုင်းနှင့်ဆန့်ကျင်ဘက်။ နူးညံ့သိမ်မွေ့ခြင်း၊ ရွှန်းလဲ့တောက်ပခြင်း၊ နှိုင်းမျက်နှာလှလှလေးကို စူးစူးစိုက်စိုက်ကြည့်နေ၍ နှိုင်းကပဲ သူ့မ အကြည့်လေးများကို ဖျတ်ခနဲ ချက်ချင်း ပြန်လွှဲပစ်လိုက်ရသည်။

နေထွဋ်သွေးက နှိုင်း ဒေါသဖြစ်နေတာကို သိပါသည်။ ထို့အတူ နှိုင်းစိတ်ဆိုးပြီး နှုတ်ခမ်းလေး ခပ်စူစူဖြစ်နေပုံကိုလည်း စိတ်ထဲမှာ ကျိတ်၍ သဘောကျနေမိ၍ နှိုင်းမမြင်အောင် သူ့နှုတ်ခမ်းကို တစ်ချက်ကိုက်ကာ စိတ်ဆိုးနေသော နှိုင်းမျက်နှာလှလှလေးကို စိုက်ကြည့်လိုက်တော့ သူ့ရင်ထဲ နွေးခနဲဖြစ်သွားသည်။

"နှိုင်း စိတ်ဆိုးပြေအောင် ကိုယ် ဘာလုပ်ပေးရမလဲ"

"ရှင့်အိမ် ရှင်ပြန်ပါ"

"ကိုယ်ပြန်ရင် နှိုင်း စိတ်ဆိုးပြေမယ်ပေါ့"

သူ့အမေးကို နှိုင်း မဖြေ။





"နှိုင်း ပြန်ဆိုရင် ကိုယ် အခုပြန်မယ်၊ မနက်ဖြန်မှ ထပ်လာခဲ့မယ် ဟုတ်လား"

"ဘာပြောတယ်၊ မနက်ဖြန် ထပ်လာဦးမယ် ဟုတ်လား"

"ကိုယ် အခုပြန်မယ်ဆိုတာက နှိုင်း စိတ်ဆိုးပြေစေချင်လို့၊ မနက်ဖြန် ထပ်လာခဲ့မယ်ဆိုတာက နှိုင်း စိတ်ဆိုးပြေသွားတဲ့ အချိန်မှာ နှိုင်းနဲ့ အေးအေးဆေးဆေး စကားပြောခွင့်ရချင်လို့"

"ရှင့်ကို နှိုင်း ပြောတဲ့စကားအဓိပ္ပာယ်က အဲဒီလိုမဟုတ်ဘူးရှင့်၊ နှိုင်းနဲ့ရှင် နောက်ထပ်တွေ့စရာအကြောင်းမရှိတော့ဘူး လို့ ပြောတာ"

"နှိုင်းဘက်က ဟုတ်ချင်ဟုတ်မှာပေါ့၊ ကိုယ့်ဘက်ကတော့ နှိုင်းနဲ့ထပ်တွေ့ရမှဖြစ်မယ်၊ ကိုယ် အခုပြန်မယ်၊ ဒါက ကိုယ့်အပေါ် နှိုင်း စိတ်ဆိုးနေတာ ပြေစေချင်လို့"

"မနက်ဖြန်လည်း မလာပါနဲ့"

"ဟုတ်ပြီ၊ နောက်ထပ်တစ်ရက် ထပ်ရွှေ့ပေးမယ်"

"အို...နှိုင်းပြောတာ အဲဒီလိုမဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် ဘယ်လိုလဲ"

နေထွဋ်သွေးက နှိုင်းမျက်နှာလေးကို စိုက်ကြည့်ပြီး ခပ်တည်တည်မေးလာတော့ နှိုင်း ဘာပြောရမှန်းမသိ။ သူ့အကြည့်တွေကို နှိုင်းစိတ်ထဲ အလိုလိုကြောက်လာ၏။

"ကျေးဇူးပြုပြီး နှိုင်းတစ်ယောက်တည်း နေပါရစေ"

"ကိုယ်က နှစ်ယောက်အတူ နေချင်တယ်ဆိုရင်ရော၊ ကိုယ် နှိုင်းကို ချစ်တယ်"

"မဖြစ်နိုင်တာကို မပြောပါနဲ့ရှင်၊ ရှင့်အချစ်တွေကို နှိုင်း လက်မခံနိုင်ဘူးလို့ ပြောပြီးပြီပဲ"

"ကိုယ်ကလည်း ကိုယ်လိုချင်တာကိုရမှ ကျေနပ်တတ်တဲ့သူဆိုတာ နှိုင်း မေ့သွားပြီထင်တယ်"

နှိုင်း ဘာပြောရမှန်းမသိ။ စိတ်ထဲကတော့ နေထွဋ်သွေးကို နှိုင်းနားက ထွက်သွားအောင် ဘယ်လိုများလုပ်ရပါ့ဟု ကျိတ်ကြံနေမိသည်။

"ကိုယ် နှိုင်းကိုချစ်သလို ကိုယ့်ကိုလည်း နှိုင်း ချစ်လာမယ်လို့ ကိုယ့်စိတ်က ယုံကြည်နေတယ် နှိုင်း၊ ကဲ…နှိုင်း စိတ်





ချမ်းသာအောင် ကိုယ်ပြန်မယ် ဟုတ်လား၊ ကိုယ် သွားပြီနော် နှိုင်း"

"အို"

ပါးစပ်က ရိုးရိုးနှုတ်ဆက်သွားခြင်းမဟုတ်။ နှိုင်းအလစ်မှာ နှိုင်းပါးတစ်ဖက်ကို ဖျတ်ခနဲ ရှိုက်နမ်းသွားသူကြောင့် နှိုင်း ရင်ထဲ ရှက်ဒေါသတွေနှင့် လှိုင်းထန်နေချိန်မှာ သူ့ကားကြီးက နှိုင်းတို့ခြံထဲက ထွက်သွားပြီဖြစ်သည်။

"နှိုင်း"

"မမလှိုင်း"

လှိုင်းက သိပ်လှသည့် နှိုင်းကို ငေးခနဲ ကြည့်လိုက်၏။ နှိုင်းက မျက်ခုံးထူထူတန်းတန်း၊ ကကြီးပုံနှုတ်ခမ်း ပြည့်ပြည့်တင်းတင်းလေးဖြင့် မျက်တောင်ရှည်ထူထူစိပ်စိပ်လေးများ ပိုင်းရံထားသည့် မျက်ဝန်းလှလှလေးကို ပိုင်ဆိုင်ထားသော ကြွေရုပ်သွင်။ အပြစ်ကင်းစင်စွာ လှပလွန်းသည်။

အလယ်မှ ခွဲချထားသော ကျောလယ်မှာ ဖြာဝေဝဲကျနေသည့် ဆံနွယ်ညိုအိအိများက နှိုင်းအလှကို ပို၍ဖြည့်စွက်ပေးထား



www.burmeseclassic.com

www.burmeseclassic.com



၏။

ငါးပေခြောက်လက်မခန့်ရှိသော အရပ်နှင့်အတူ ဝါဝင်းသော အသားအရေက စိုပြည်အိထွေးလျက် အကြောစိမ်းလေးများကိုပင် မြင်နေရသည်။

ပြုံးရယ်လိုက်တိုင်း ချိုင့်ဝင်သွားတတ်သည့် ပါးချိုင့်နှစ်ဖက်ကလည်း နှင်းအလှတွေကို ပို၍ ဆွဲညှို့နိုင်စေ၏။

ထိုအလှတွေကြောင့် နေထွဋ်သွေး နှင်းရှိရာသို့ ရောက်လာခြင်းဆိုတာကိုတော့ ငြင်းစရာ အကြောင်းမရှိ။

"ကိုနေထွဋ်သွေး ပြန်သွားပြီလား နှင်း"

"ဟုတ်ကဲ့…နှင်း သွားတော့မယ်"

လှိုင်းနားမှာ နှင်း ကြာကြာနေချင်စိတ် မရှိသဖြင့် နှုတ်ဆက်ပြီး အပေါ်ထပ်ရှိ နှင်းအခန်းသို့ တက်ခဲ့သည်။

နှင်း အတွေးထဲမှာတော့ နေထွဋ်သွေး ပုံရိပ်တွေကြောင့် ချောက်ချားလေးလံလျက် စိတ်ညစ်နေမိ၏။

နှင်းအခန်းလေးထဲရောက်တော့ မှန်ထဲမှာ ပေါ်နေသည့် သူမပုံရိပ်ကိုကြည့်ကာ နှင်းမျက်နှာလေး ဖန်းသွေးရောင် တောက်





သွားသည်။

နေထွဋ်သွေးဆိုသည့်လူက ဘာမဆိုင် ညာမဆိုင် နှင်းပါးလေးတွေကို သူ့သဘောနဲ့သူ နမ်းသွားတာ နှစ်ကြိမ်တိတိ။

"နှင်းကို ချစ်တယ်"

သူ့အသံက နှင်းနားမှာ ကပ်ပြောလိုက်သလိုလို ရင်ထဲခုတ်ခနဲ ဖြစ်သွား၏။ အိပ်ရာထက်မှာ လူးလိမ့်နေပေမယ့် ဘယ်သို့မှ အိပ်မပျော်။ ညဉ့်နက်မှ အိပ်ပျော်သွား၏။ အိပ်ရာထ နောက်ချသည်။

"နှင်း…ဦးနေထွဋ်သွေး အောက်ထပ်မှာ စောင့်နေတယ်၊ နှင်းကို အလုပ်လိုက်ပို့ပေးမလို့တဲ့"

"ရှင်…နှင်း သူ့ကို မစောင့်နိုင်းပါဘူး၊ သူနဲ့လည်း မလိုက်ဘူး၊ နှင်းဘာသာပဲ သွားမှာပါ"

"ဖြစ်မလား နှင်းရဲ့၊ ဟိုက လူကြီးလူကောင်း၊ နှင်း အားမနာပေမယ့် မိဘတွေမျက်နှာက ရှိသေးတယ်၊ လိုက်သွားမှ ဖြစ်မှာပေါ့ ညီမရယ်"

မမလှိုင်းစကားကြောင့် နှင်း မျက်နှာပျက်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



နေထွင့်သွေးဆိုသည့်လူ လုပ်နေပုံကတော့ တစ်ခုမှ အချိုးမကျ။ နှိုင်း မကြိုက်တာတွေချည်း လုပ်နေသည်။

"ဒီနေ့ နှိုင်း အလုပ်မသွားတော့ဘူး"

"ဖြစ်မလား နှိုင်းရယ်၊ တော်ကြာ နှိုင်း ဘာဖြစ်တာလဲ၊ ဆေးခန်းပို့ပေးပါရစေ၊ လူနာကြည့်ပါရစေဆိုမှ ပိုဆိုးမယ်"

မမလှိုင်းပြောတာ မှန်နေ၍ နှိုင်း ခဏတော့ ငြိမ်သွားသည်။

"နှိုင်း သူနဲ့မတွေ့ချင်ဘူး မမလှိုင်း"

"ဘာဖြစ်လို့ မတွေ့ချင်ရတာလဲကွယ်"

"နှိုင်း သူ့ကိုမုန်းလို့"

ကိုနေထွင့်သွေးကို နှိုင်းက ဘာဖြစ်လို့မုန်းရတာလဲ ညီမရဲ့၊ အကြောင်းတော့ရှိမှာပါ၊ ညီမတို့နှစ်ယောက် ဘာဖြစ်ထားကြလဲ၊ မမ သိအောင် ပြောပါဦး၊ ဒါမှ မမလည်း နှိုင်းတို့ကြားဝင်စီစဉ်တတ်မှာ မဟုတ်လား"

မမလှိုင်းက မေးပေမယ့် နှိုင်း မဖြေ။ နှိုင်းပါးလေးကို သူ နမ်းသွားတာ မကျေနပ်လို့ဟု ပြောရအောင်ကလည်း ရှက်စရာ။





သမဲ့ အကြောင်းပြချက်တစ်ခုကလည်း အမှန်တကယ် လိုအပ်တော့ ခက်သည်။

"မှန်မှန်ပြောစမ်း ညီမ၊ ကိုနေထွင့်သွေးကများ နှိုင်းကို ခံလုပ်ထားလား"

"မမ ဘယ်လိုသိလဲဟင်"

"ကြည့်စမ်း…မမထင်တာ မှန်နေပြီ၊ မမ ညီမလေး စ်ရေးမှာ ကံကောင်းမှာပါကွယ်၊ ကိုနေထွင့်သွေးလို လူ ယောက်က နှိုင်းကိုချစ်တယ်ဆိုတာ"

"သူချစ်ပေမယ့် နှိုင်း သူ့ကိုမချစ်ဘူး မမလှိုင်း၊ အဲဒါ င့် နှိုင်း သူ့ကို မတွေ့ချင်တာ"

မမလှိုင်းက နှိုင်းအတွက် ဝမ်းသာနေပေမယ့် နှိုင်းက သာ။ သူမတို့နှစ်ယောက်ကြားက ကိစ္စအတွက် စိတ်ရှုပ် ဝမ်းနည်းနေမိ၏။

"ဘယ်လိုပြောလိုက်တာလဲ နှိုင်းရယ်၊ ကိုနေထွင့်သွေး ူတစ်ယောက်က နှိုင်းမေတ္တာကိုလိုချင်တာ နှိုင်း ဘယ် ်ကံကောင်းလဲ၊ နှိုင်းနေရာမှာ တခြားတစ်ယောက်ဆိုရင်



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လောက်ပျော်လိုက်မလဲ၊ နှိုင်းအတွက် ဒီကိစ္စက မင်္ဂလာ[illegible]
ဂုဏ်ယူစရာကိစ္စ ညီမလေးရဲ့၊ မေမေတို့သိရင်လည်း သူတို့သ[illegible]
လေးအတွက် သိပ်ကို ဝမ်းသာဂုဏ်ယူကြမှာ သေချာတယ်"

"မေမေတို့ကို ဘာမှမပြောနဲ့ မမလှိုင်း၊ နှိုင်း သူ[illegible]
မချစ်ဘူး"

နှိုင်း စကားအဆုံးမှာ လှိုင်းထံမှ အကြည့်စူးစူးက [illegible]
ထံ ရောက်လာ၏။

နှိုင်း ဖြစ်ပျက်ခံစားနေရသည့် စိတ်အခြေအနေကို [illegible]
နားလည်၏။ နေထွဋ်သွေးလို လူတစ်ယောက်ရဲ့အချစ်ကို လ[illegible]
ရ၍ နှိုင်းအတွက် ဝန်လေးတဲ့နေးရုံမက ကြောက်လန့်နေရ[illegible]
အဖြစ်က နှိုင်းကို တုန်လှုပ်ချောက်ချားနေပုံဆိုတော့ နှိုင်းကို[illegible]
ပြီး လှိုင်း ပြုံးလိုက်၏။

"စိတ်ကိုအေးအေးထား နှိုင်း၊ ညီမစိတ်ထဲမှာ ဘာ[illegible]
ဘယ်လိုခံစားနေရတယ်ဆိုတာ မမ သိတယ်၊ နားလည်[illegible]
လောလောဆယ် နှိုင်း လုပ်ရမှာက အောက်ထပ်မှာစောင့်[illegible]
ကိုနေထွဋ်သွေးကို အရင်သွားတွေ့၊ ဟုတ်လား၊ ကျန်တာကို [illegible]





[illegible]မှ မမ ကြည့်စီစဉ်မယ်"

မမလှိုင်းကို နှိုင်း ငြင်းပေမယ့် မရ။ နောက်ဆုံး လှိုင်း ဦးဆောင်မှုအောက်မှာ နှိုင်းက ခေါင်းညိတ်နာခံရသူဖြစ်သွား၏။

"ဟော...ညီအစ်မနှစ်ယောက် လာပြီ၊ လာ...လာ သမီး"

မေမေက နှိုင်းကို သူ့နားမှာထိုင်ဖို့ လှမ်းခေါ်သလို နေထွဋ်သွေးက ပန်းနုရောင်ဝတ်စုံလေးဖြင့် သိပ်လှနေသော နှိုင်းကို မျက်တောင်မခတ် စူးစိုက်ကြည့်ပြီး ကျေကျေနပ်နပ် ပြုံးနေသည်။

"သမီး အလုပ်သွားရင် လိုက်ပို့ရအောင် မောင်နေထွဋ်သွေးက သမီးကိုစောင့်နေတာ၊ အားနာစရာကွယ်"

"နှိုင်း အခုပဲ အလုပ်ကိုသွားတော့မှာပါ မေမေ"

ထိုစကားကို လှမ်းဖြေလိုက်သူက နှိုင်း မဟုတ်။ မမလှိုင်းကိုယ်တိုင်ဖြစ်နေ၍ နှိုင်း သက်ပြင်းကျိတ်ချရုံမှတစ်ပါး အခြားမရှိ။

"ကျွန်တော်တို့ကို ခွင့်ပြုပါဦး အန်တီ"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပါပြီ သားရယ်"

"မေမေ…နှိုင်း သွားမယ်နော်"

"အေး…အေး…သမီးလေး"

အားလုံးရှေ့မှာပဲ နေထွဋ်သွေးကိုယ်တိုင် နှိုင်းအတွက် ကားတံခါးဖွင့်ပေးသည်။ မမလှိုင်းကိုယ်တိုင် ကားနားလိုက်ပို့၍ နှုတ်ဆက်ပြီး ကားထွက်သွားချိန်အထိ နှိုင်းတို့ကားကို ရပ်ကြည့်နေသည့် မမလှိုင်းပုံရိပ်ကို နှိုင်း မမေ့။

ကားက လမ်းအတိုင်း တရိပ်ရိပ်ပြေးနေခိုက်မှာ နှိုင်း မကျေမနပ်နှင့် နေထွဋ်သွေးမျက်နှာကို ဖျတ်ခနဲ လှမ်းကြည့်လိုက်၏။

"ရှင် နှိုင်း အနေရခက်အောင် ဘာတွေလျှောက်လုပ်နေတာလဲဟင်"

နှိုင်းအသံက ဒေါသဖြင့် တုန်ယင်နေပေမယ့် နေထွဋ်သွေးပုံစံက အေးစက်စက်။

"ကိုယ် ဘာလုပ်လို့လဲ၊ ဒီနေ့ နှိုင်းနဲ့အတူ အလုပ်သွားချင်လို့ နှိုင်းကို ဝင်ခေါ်တာ၊ အခု နှိုင်းနဲ့အတူ အလုပ်သွားတယ်





ပါပဲလေ"

"ရှင်ပြောတော့ လွယ်လှချည်လား၊ နှိုင်းမှာ အခုချိန်ထိ ဘယ်ယောက်ျားလေး အပေါင်းအသင်းမှ ရှိတာမဟုတ်ဘူး၊ ရှင်က အိမ်ကို လိုက်လာရုံမကဘူး၊ အလုပ်အထိ လိုက်ပို့တယ်ဆိုတော့ နှိုင်းမိဘတွေက နှိုင်းကို ဘာပြောကြမလဲဟင်"

"ဘာမှတော့ ပြောစရာရှိမယ်မထင်ဘူး၊ သူတို့လည်း ငယ်ရာက ကြီးလာကြတာပဲ၊ သူတို့သမီးလေး သီးချိန်တန်သီး ပွင့်ချိန်တန်ပွင့်ပြီလို့ပဲ ထင်ကြမှာပါ"

"ဘာ"

"ရှူး…တိုးတိုးလုပ်ပါဗျ၊ ဘာဖြစ်လို့ ဒီလောက်ဒေါသ ကြီးနေရတာလဲ"

"ရှင့်ကားကို အခုရပ်"

"ကိုယ့်ကို အမိန့်ပေးတာပေါ့ ဟုတ်လား"

"ရှင့်ကို နှိုင်းမုန်းတယ် သိလား"

"သိတယ်၊ နောက်တော့ နှိုင်းကိုယ်တိုင် ကိုယ့်ကို ချစ်လာမှာပါဗျာ"

ᄀ ᄀ ᄀ



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

"ကဲ…ပြောစမ်း၊ ကိုယ် ဘယ်လိုလုပ်မှ နှိုင်းက ကိုယ့်အချစ်ကို လက်ခံမှာလဲ"

"နှိုင်း မသိဘူးရှင့်"

နှိုင်းမျက်နှာလှလှလေးက အခုပဲ ငိုချတော့မလို ညှိုးမှိုင်းမှာ မျက်စိမျက်နှာပျက်နေ၍ နေထွဋ်သွေး မျက်ခုံးတွန့်သွားသည်။

မိန်းမချော မိန်းမလှများစွာနှင့် ပတ်သက်ဖူးသည်။ နှိုင်းနှင့် ဘယ်သူမှမတူ။ နေထွဋ်သွေး ချစ်ခွင့်ပန်တာကို ကမ္ဘာပျက်မတတ် တုန်လှုပ်ချောက်ချားနေတာမျိုးလည်း တစ်ခါမှမတွေ့ဖူး။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ခါ နေထွဋ်သွေး မျက်နှာကို မမြင်ပါရစေနှင့် မတွေ့ပါရစေနှင့်ဆိုသူလည်း မပါ။ အားလုံးသော အပျိုမ လှ လေးတွေအတွက် နေထွဋ်သွေးဟာ အိပ်မက်မင်းသား ဖြစ် လျက် နှင်းနဲ့ကျမှ ကိုယ့်အဖြစ်ကို ရယ်ရမလို ငိုရမလို ဘာမှန်း ဖြစ်ရတာ ဒါ ပထမဆုံးပါ။

"နှင်းမှာ အရင်က ချစ်သူရည်းစား မရှိခဲ့ဘူးလား"

"ဘာရှင့်၊ နှင်းက အလကားနေရင်း ဘာကိစ္စ ရည်း ထားရမှာလဲ"

"ဒါဆို ကိုယ်က နှင်းရဲ့အချစ်ဦးပေါ့ ဟုတ်လား"

နှင်းမျက်နှာလှလှလေးကို ကျေနပ်ကြည်နူးခြင်းများ ဖြင့် ချစ်မြတ်နိုးစွာ စိုက်ကြည့်ပြီးပြောတော့ နှင်းမျက်နှာလေး ပန်းရင့် ရောင် တောက်ပလျက် အနေရခက်သွားပုံကအစ ရင်ခွင် ကြိုးပွေ့ထားချင်စရာပါ။

"ရှင် မဟုတ်တာတွေ မပြောနဲ့နော်၊ ရှင့်အချစ်ကို နှင်း လက်မခံဘူးလို့ ပြောပြီးသား"

"ကိုယ့်ရင်ထဲမှာတော့ နှင်းတစ်ယောက်ပဲ ရှိတယ်"







"ရှင့်အရင် ရည်းစားတွေကရော"

မပြောဘူးလို့ ရည်ရွယ်ထားပေမယ့် နှင်းနှုတ်က ထုတ် ပြောလိုက်ရတာက နှင်းဆိုတာ သူ ပြောတိုင်း ယုံလွယ်သူ မဟုတ် ကြောင်း သက်သေပြချင်၍ပါ။

ဒါကို နေထွဋ်သွေးက အဓိပ္ပာယ်တစ်မျိုး ပေါက်သွား သည့်ပုံနှင့် နှင်းမျက်နှာလေးကို ခပ်သဲ့သဲ့အပြုံးနှင့် စိုက်ကြည့် ရင်း...

"ဘာလဲ၊ ကိုယ်က ရည်းစားများလို့ နှင်းက သဝန်တို တာလား"

"မဆိုင်တာတွေ မပြောနဲ့နော်၊ ရှင့်ကို နှင်းက ဘာကိစ္စ သဝန်တိုရမှာလဲ"

"မင်းပဲ အရင်ရည်းစားတွေအကြောင်း ပြောနေလို့ပါ"

"အဲဒီလိုပြောတာ ရှင့်ကို သဝန်တိုတာမဟုတ်ဘူးရှင့်၊ ရှင်က နှင်းတစ်ယောက်တည်း ရှင့်ရင်ထဲမှာ ရှိတယ်ဆိုလို့"

"ကိုယ်ပြောတာ ကိုယ့်အချစ်ကို နှင်း မယုံဘူး၊ အဲဒီ လိုလား"

နှင်း



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်"

အခုမှ လိုရင်းရောက်သွား၍ နှင်းက သူ့အမေးစကားကို ခပ်သွက်သွက် ခေါင်းညိတ်အဖြေပေးတော့ သူက ရယ်သည်။ နှင်းပြောတဲ့ စကားထဲမှာ ဘာရယ်စရာမှလည်းမပါဘဲနှင့် ရယ်တာဆိုတော့ နှင်းကို လှောင်တာဆိုရင်လည်း နှင်း ဂရုမစိုက်ပါ။

နှင်းကို အလုပ်လိုက်ပို့ပေးမယ် ဘာညာနဲ့ ဖွတ်ခေါ် လာပြီး သူ့သဘောနဲ့သူ ကန်တော်ကြီးကိုခေါ်လာတာ အချိန်ဘယ်လောက်ကြာမှန်းမသိ။

လက်က နာရီလေးကို တစ်ချက်ငုံ့ကြည့်တော့

"ဒီနေ့ အလုပ်မလာဘူးလို့ ခွင့်တင်ထားပြီးသား"

"ဟင်"

"မယုံရင် ဖုန်းဆက်ကြည့်လိုက်၊ နှင်းအလုပ် လုပ်နေတဲ့ ကုမ္ပဏီပိုင်ရှင်က ကိုယ့်သူငယ်ချင်း"

"အို"

နှင်း သူ့မျက်နှာကို အလန့်တကြား မော့ကြည့်လိုက်တော့ နှင်းရဲ့ အံ့သြနေတဲ့ မျက်နှာကိုကြည့်ပြီး သူက ခပ်တည်တည်။





"ရှင် ဘာဖြစ်လို့ နှင်း အလုပ်လုပ်နေတဲ့နေရာအထိ လိုက်နှောင့်ယှက်နေရတာလဲ ဦးနေထွဋ်"

"နှင်းကိုချစ်လို့လို့ ပြောပြီးပြီလေ"

"ရှင် သိပ်လွန်နေပြီနော်၊ ရှင့်ကို မချစ်ဘူးလို့ နှင်း ပြောပြီးပြီမဟုတ်လား"

"ဟုတ်ပြီ၊ နှင်း မချစ်သေးလို့ ကိုယ်က နှင်းအချစ်ကို ရအောင် ကြိုးစားနေရတာဆိုရင်ရော"

"စိတ်ညစ်လိုက်တာနော်"

"ကိုယ်လည်း စိတ်ညစ်တာပဲကွ"

နှင်းပြောသည့်စကားအတိုင်း လိုက်ပြောနေသူကို မကျေနပ်နှင့် နှင်း မျက်စောင်းရွယ်တော့ သူက ရယ်သည်။ သူ့ပုံစံကြည့်ရတာ သိပ်ပျော်နေသည့်ပုံမှန်း နှင်း သိသည်။ နေထွဋ်သွေး ပျော်သလောက် နှင်းက စိတ်ညစ်နေရသူ။

"ဒီမှာ"

"ကိုကိုလို့ မခေါ်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ကူးတွေ ယဉ်မနေပါနဲ့"

"တစ်နေ့ဖြစ်လာမှာပဲဆိုတာ ကိုကိုက ယုံပြီးသား"

"ရှင် ယုံတာတွေ မယုံတာတွေ နှင်း စိတ်မဝင်စား

အခုပုံအတိုင်း နှင်းကို ဆက်နှောင့်ယှက်တာ ရှေ့ဆက်မလုပ်

လို့ နှင်း ရှင့်ကို တောင်းပန်ပါတယ်"

ပြောရင်း နှင်းအသံက တုန်လာကာ ငိုသံပါ

ရှိုသာမက နှင်း၏မျက်ဝန်းအိမ်မှာ မျက်ရည်တွေ ပြည့်တက်

တာမြင်တော့ နေထွဋ်ရွှေသွေးရင်မှာ အံ့ဩမှုတွေ ဖြစ်ထွန်းသည်

ဘယ်လိုလဲ။

နေထွဋ်လိုလူတစ်ယောက် အချစ်ခံရတာ ဒီလော

ဝမ်းနည်းစရာ ဖြစ်နေပြီလား။ သူ့ရှေ့မှာ မျက်ရည်ကျနေသည်

နှင်း မျက်နှာလှလှလေးကို ကြည့်ကာ ရင်ခွင်ထဲ ကြိုးပွေ့ချင်လ

သည်အထိ အသားယားစိတ်ဖြစ်လာ၏။

"ကိုကိုက နှင်းကိုချစ်တာ ငိုစရာလားဗျာ"

"နှင်းနေရာမှာ တခြားတစ်ယောက်ဆိုရင် သိပ်ပျော်မှာ

ကို နှင်း သိပါတယ် ဦးနေထွဋ်ရွှေသွေး၊ ဒါပေမဲ့ နှင်းက တခြားသူ





ယောက် မဟုတ်လို့ နှင်းဘဝနဲ့ နှင်းပဲ ရှိပါစေတော့လားရှင်"

ဒီတစ်ခါ နှင်းအသံထဲမှာ ဒေါသသံမပါတော့။ နေထွဋ်

မျက်နှာကို မျက်ရည်တွေကြားက မည်းနက်ဝိုင်းစက်သော

ကောင်းသည့် မျက်ဝန်းကြီးများဖြင့် မော့ကြည့် အသနားခံလာ

ချစ်စရာ၊ မြတ်နိုးစရာအတိဖြစ်လျက် သူ့ရင်ကို နွေးထွေး

တ်သွားစေသည့် အဖြစ်သို့ ရောက်မှန်းမသိ ရောက်သွား၏။

"ကိုကို မင်း နားလည်အောင် ဘယ်လိုပြောရမလဲ နှင်း

၊ နှင်း ကိုကို့ကြောင့် မျက်ရည်ကျတာမြင်တော့ ကိုကို့ရင်ထဲ

လုံးသားထဲ ဘယ်လောက်နာကျင်ရလဲဆိုတာ နှင်း သိလား"

နေထွဋ်ရွှေသွေး အမေးစကားကို နှင်း မဖြေပါ။ ဖြေစရာ

ည်း စကားမရှိ။ နေထွဋ်ရွှေသွေးနဲ့ပတ်သက်ပြီး နှင်းစိတ်တွေ ရှုပ်

သွားနေတာပဲ သိသည်။ သူ့ကြောင့် နှင်း ငိုရသည်။ နှင်းသိတာ

ဝဲဖြစ်သည်။ နေထွဋ်ရွှေသွေးကတော့ နှင်းလိုမဟုတ်။ အချစ်

တစ်ခုတည်းအတွက် နှလုံးသား၏အလိုကို လိုက်နေသည့် သူ

အဖြစ်သူ့ သဘောကျစွာ အံ့ဩစိတ် ဖြစ်နေတာပဲရှိသည်။

အချစ်အကြောင်း ဘယ်တုန်းကမှ စိတ်မဝင်စားခဲ့သည့်



www.burmeseclassic.com

www.burmeseclassic.com



လူတစ်ယောက်က နှင်းလို ငွေမမက် ဂုဏ်မမက်သော နှင်းကို မြတ်မြတ်နိုးနိုး ချစ်မိသည့်အဖြစ်ကလည်း မယုံချင်စရာဆိုပေမယ့် တကယ်လက်တွေ့မှာဖြစ်နေ၏။ ချစ်နေ၏။

"နှင်း"

နှင်းက သူ့ကို မထူး။ မျက်ရည်တွေနှင့် လှပစွာမော့ကြည့်လာ၍ သူ့ကိုယ်သူ သတိမထားမိခင်မှာ နှင်းနားကို နေတွင်သွေး ရောက်သွားပြီး နှင်းပါးပြင်ပေါ်က မျက်ရည်တွေကို ယုယကြင်နာစွာ သုတ်ပေးမိလျက်သား ဖြစ်သွား၏။

"အို...ဖယ်ပါ"

"နောက်တစ်ခါ နှင်း ကိုကို့ရှေ့မှာ မျက်ရည်မကျပါဘူးလို့ ကတိပေးပါ"

"ရှင်လည်း နှင်း မကြိုက်တာ မပြောပါဘူးလို့ ကတိပေးပါ"

"ဒါကတော့..."

"တော်ပါပြီ၊ ရှင်ကိုယ်တိုင် ကတိစကားမတည်မှတော့ နှင်းဆီက ကတိစကားကိုလည်း မလိုချင်ပါနဲ့၊ နှင်း သွားမယ်"





"ဟော့...နှင်း...နေဦး"

နေတွင်သွေး ခေါ်ပေမယ့် နှင်းက လှည့်မကြည့်ဘဲ သူ့နားက လှစ်ခနဲ ပြေးသွား၍ သက်ပြင်းချရင်း ကျန်ရစ်သူက သူပဲဖြစ်နေ၏။

ချစ်တယ် နှင်းရယ်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

နေထွဋ်သွေး ဘဝသက်တမ်းတစ်လျှောက်တွင် အဖြစ်င်းစင်မှုတွေ၊ လှပချောမော၍ ချစ်စရာကောင်းသော မိန်းကလေးစ်ယောက်အဖြစ် နှိုင်းကို ပထမဆုံး တွေ့ဖူးခြင်းဖြစ်သည်။

နှိုင်းက လှသလောက် ရိုးသားအဖြစ်ကင်းသည်။ သူ့သိုင်းအဝိုင်းမှာ နှိုင်းလို မိန်းကလေး မရှိ။ အားလုံးက ဂုဏ်ကာသနနှင့် ငွေကြေးချမ်းသာမှုကိုသာ ရှေ့တန်းတင် စိတ်ဝင်စားကြသူများသာဖြစ်သည်။ နေထွဋ်သွေး တွေ့ဖူးသော မိန်းကလေးတွေနှင့် နှိုင်းက မတူ။ နေထွဋ်သွေးလို လူတစ်ယောက်၏ ချမ်းသာ



www.burmeseclassic.com

www.burmeseclassic.com



ကြွယ်ဝမှုကို သူမ စိတ်မဝင်စား။

လွတ်လပ်မှုကို ခုံမင်သည်။ ငြိမ်းချမ်းမှုကို လိုလား
စစ်မှန်သော ပျော်ရွှင်မှုကိုသာ လိုချင်သူ။ နှိုင်းမှာ ဟန်ဆော
တစ်ခုမှ မရှိတာကိုက ချစ်စရာဖြစ်နေ၏။

နေထွဋ်သွေး လိုချင်တာကလည်း အတုအယောင်
ပကာသနတွေ လွှမ်းခြုံထားသော အပေါ်ယံ ဆက်ဆံမှုမျိုးမ
တကယ့်ရင်တွင်းက ဖြစ်ပေါ်လာသော စိတ်ခံစားချက်စစ်စစ်
လိုချင်သည်။ အခု သူ့စိတ်ကူးထဲက ချစ်သူကို သူ့မျက်စိရှေ့
တွေ့နေရ၏။ နှိုင်းအချစ်ကို ရယူပိုင်ဆိုင်ချင်၍ ကြိုးစားသော
မအောင်မြင်။ အရာမထင်။

နှိုင်းအမြင်မှာ နေထွဋ်သွေးပုံစံက တစ်မျိုးဖြစ်နေတာ
သိသည်။ ငွေကြေးချမ်းသာကြွယ်ဝမှု အရှိန်ဖြင့် နေထွဋ်သွေး
သူမကို ချစ်တမ်းကစားသည်ဟု ထင်နေသည်။

အသိုင်းအဝိုင်း အခြေအနေချင်း မတူသူအဖြစ် နှိုင်း
နေထွဋ်သွေးအချစ်ကို အလိုမရှိ။ နှိုင်းအမြင်မှာ နေထွဋ်သွေး
ရှုပ်ထွေးနေသည်။





ထိုအတွက် နှိုင်းကို အပြစ်ပြောရ၍မဖြစ်။ နေထွဋ်သွေး ကိုယ်တိုင်က သူ့အသိုင်းအဝိုင်းမှာ ပေါ်ပြူလာအဖြစ်ဆုံး ထွန်းတောက်နေသည့် ကြယ်တစ်ပွင့်ဖြစ်သည်။

မိန်းကလေးတွေ ဝိုင်းဝိုင်းလည်နေသည့်ကြားမှ နှိုင်းကို စိတ်ဝင်စားမိရာက မြတ်မြတ်နိုးနိုး ချစ်သွားမိတာတော့ သူလည်း တတ်နိုင်။

“ကျွန်တော် နှိုင်းကို ချစ်နေပြီ မာမီ”

မာမီ့ကို သူ ဖွင့်ပြောတော့ မာမီက နေထွဋ်သွေးကို ကြည့်ပြီး ရယ်သည်။

“သားနဲ့ ဖြစ်ပါ့မလားကွယ်၊ နှိုင်းပုံစံက သိပ်ရိုးလွန်းတယ်၊ ရေရှည်မှာ သားပဲ စိတ်ညစ်ရမှာနော်၊ ဖြစ်ပါ့မလား၊ သေချာစဉ်းစားဦး”

မာမီက ဆိုရှယ်ကျလွန်းသော သူတို့အသိုင်းအဝိုင်း၏ လူနေမှုပုံစံကို ရည်ရွယ်ပြောခြင်းဟု နေထွဋ်သွေး သိသည်။ နှိုင်းပုံစံက သိပ်ပြီး ရိုးသားဖြူစင်လွန်း၍ ရေရှည်မှာ သူ စိတ်ဆင်းရဲမှာကို လိုချင်ပုံမရ။ မာမီ့စေတနာကို နေထွဋ်သွေး နားလည်



www.burmeseclassic.com

www.burmeseclassic.com



သည်။

သူကိုယ်တိုင်လည်း နှိုင်းနဲ့ ဖြစ်မှဖြစ်ပါ့မလားဟု အချိန်ယူ စဉ်းစားခဲ့ပြီးပါပြီ။

နေထွဋ်သွေးကိုယ်တိုင်က ထက်မြက်ပါးနပ်၍ စီးပွားရေးလောကမှာ ခေါင်းမော့ဦးဆောင်နေသူဖြစ်၍ သူ့လို တော်သောတတ်သော၊ ထက်မြက်သော မိန်းမတစ်ယောက်ကို အိမ်ထောင်ဖက်အဖြစ် စိတ်ကြိုက်ရွေးချယ်နိုင်တာ မှန်ပေမယ့် သူလိုချင်တာ ဘုရင်မ မဟုတ်။ မိဖုရား ဖြစ်သည်။

နှိုင်းမှာ ထိုအရည်အချင်း အားလုံးရှိသည်။

"နောက်တော့ ဖြစ်လာမှာပေါ့ မာမီ၊ နှိုင်းက ထက်မြက်တဲ့ မိန်းကလေးပါ၊ သူလိုချင်တာက အေးချမ်းမှု၊ ဒါကို ကျွန်တော် ဖန်တီးပေးရင် ကျွန်တော်တို့ အိမ်ထောင်ရေး အဆင်ပြေပြေ လက်တွဲနိုင်မှာပါ"

"လက်တွဲမှာဆိုတော့ သားတို့က လက်ထပ်ကြတော့မှာပေါ့"

မာမီ့စကားကြောင့် နေထွဋ်သွေး ဘာဆက်ပြောရမှန်းမသိ





ဖြစ်သွား၏။ သူ့ဘက်က နှိုင်းကို လက်ထပ်ချင်တာမှန်သည်။ နှိုင်းက အခုချိန်ထိ သူ့ကို လက်ထပ်ဖို့မဆိုထားနှင့် သူ့အချစ်ကိုဝင် လက်မခံသေး။

"ကျွန်တော်တို့လက်ထပ်ဖို့က လိုပါသေးတယ်"

"ဘာဖြစ်လို့လဲ သားရဲ့၊ မာမီ့အရွယ်က မြေးချီရမယ့်အရွယ် ရောက်နေပြီ၊ သားချစ်တဲ့သူ တွေ့နေမှတော့ အချိန်ဆိုင်းနေပါနဲ့၊ အမြန်ဆုံးလက်ထပ်ပြီး မာမီကို ချစ်စရာမြေးလေးတွေအများကြီး မွေးပေးစမ်းပါကွယ်၊ သားအသက်အရွယ်လည်း မငယ်တော့ဘူးနော် သား၊ တော်ကြာ အဖေနဲ့ သား အသက်ချင်းသိပ်ကွာနေရင် မကောင်းဘူး"

မာမီတွေးသလို သူလည်း တွေးပါသည်။

"သားတို့ချင်း ညှိနှိုင်းတိုင်ပင်ပါဦးမယ်၊ အဆင်ပြေမှ မာမီ့ကို ဖွင့်ပြောမယ်"

"အကြာကြီး အချိန်ဆွဲမနေနဲ့ သား၊ နှိုင်းက သိပ်လှတာဆိုတော့ သူ့ကို လိုချင်သူတွေရှိနေမှာပဲ၊ ပြီးတော့ နှိုင်းပုံစံက တစ်မျိုး၊ မာမီတို့လို မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



တိုစကားကို သူနားလည်သည်။ ငွေဂုဏ်၊ စိန်ဂုဏ် မက်သူမဟုတ်မှန်း နှိုင်းကို မာမီသိသလို သူလည်း သိသည်။

"တကယ်တော့ မာမီကိုယ်တိုင်လည်း ငြိမ်းအေးတဲ့ ချွေးမမျိုး လိုချင်တာပါကွယ်၊ ယောက်ျားနဲ့အပြိုင် စီးပွားရှာပြီး အိမ်ကိုပစ်ထားတဲ့ ချွေးမမျိုး မလိုချင်ဘူး၊ မာမီတို့မှာ အားလုံး ပြည့်စုံနေပြီပဲ ကျန်တဲ့ဘဝကိုတော့ အေးအေးဆေးဆေးပဲ အချိန် ကုန်ချင်တယ်"

"မာမီဖြစ်စေချင်တဲ့အတိုင်း ဖြစ်လာမှာပါ မာမီ"

မှန်သောစကားကို သူ ဆိုဖြစ်သည်။ နှိုင်းကို ချွေးမ အဖြစ် မာမီကိုယ်တိုင် လက်ခံလိုက်၍ သူ့ရင်ထဲ ကျေနပ်ပျော်ရွှင် သွား၏။

နှိုင်းက သူချစ်သော မြတ်နိုးသော မိန်းမတစ်ယောက် ဖြစ်သည်။ နောက်တော့ လိမ္မာသော သားတို့၏မိခင်အဖြစ် တွေး လိုက်တော့ နေထွဋ်သွေးနှုတ်ခမ်းမှာ အပြုံးသဲ့သဲ့ဖြစ်လာ၏။

"တူ…တူ"

နေထွဋ်သွေး လက်ကိုင်ဖုန်းက အသံမြည်လာ၍ သူ





…က်ယူနားထောင်လိုက်တော့ ကုမ္ပဏီကဖုန်း ဖြစ်နေသည်။ …ဆ နိုင်ငံခြားသွားရမည့်ကိစ္စ။ အကျိုးတူပူးပေါင်းမှုအတွက် …တ်သဘော ဆွေးနွေးရမည့်အကြောင်းတွေရှိနေ၍ သူကိုယ် … ဒီခရီးကို သွားမှဖြစ်မည်။

အလုပ်ကိစ္စနှင့် ရုတ်တရက် ခရီးထွက်သွားရမည့်အတွက် …ကို ဖျတ်ခနဲ စိတ်က သတိရသွား၏။

နှိုင်းအချစ် အခုချိန်ထိ သူ ပိုင်ဆိုင်ခွင့်မရသေး။ ရင်မော … ပင့်သက်ရှိုက်ရုံမှတစ်ပါး နှိုင်းထံသွားရန်လည်း အချိန်မရှိ။ …လုပ်ကိစ္စအတွက် ပြောဆိုရမည့်အကြောင်းအရာနှင့် တခြားကိစ္စ …ွေ ရှုပ်နေ၍ နှိုင်းကို အပြန်ကျမှတွေ့တော့မည်ဟု ဆုံးဖြတ်ပြီး …ရီးထွက်ခဲ့သည်။

အပြန်မှာ နှိုင်းအချစ်ကို ဖြစ်သည့်နည်းနှင့် အရယူသိမ်း …ိုက်မှဖြစ်မည်ဟု တွေးနေချိန်မှာ နှိုင်းကတော့ နေထွဋ်သွေး သူမထံ …ရောက်မလာဘဲ ပျောက်နေ၍ စိတ်သက်သာရာရ ပျော်ရွှင်နေ၏။

"နှိုင်း"

"ဟယ်…ကိုလေး၊ ဘယ်တုန်းက ရောက်လဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



“မနေ့ညကမှ ပြန်ရောက်တာ နှိုင်းရေ၊ လာ…နှစ်ဦး
ဒါ ငါ့ညီမ နှိုင်း”

ဝမ်းကွဲအစ်ကိုဖြစ်သူ ကိုလေးကို ရုတ်တရက်တွေ့လိုက်ရ၍ ဝမ်းသာသွားသော နှိုင်းမှာ ကိုလေးနောက်မှ အတူပါလာသည့် နှစ်ဦးဆိုသည့်လူကြောင့် ကိုယ်လေး တွန့်ခနဲဖြစ်သွား… ငြိမ့်သည်ဖြစ်သူကို မော့အကြည့်မှာ နှစ်ယောက်စလုံး အကြည့်ချင်းဆုံသွား၏။

“ကျွန်တော်က နှစ်ဦးပါ”

“ဟုတ်ကဲ့”

“ထိုင်ပါ”

ဗိုလ်ကြီးနှစ်ဦးက ယောကျ်ားပီသစွာ ညိုညိုစိုစို ထော… ထောင်မောင်းမောင်းနှင့် ကြည့်ကောင်းသူတစ်ယောက်ဖြစ်၏။ နှိုင်း… မြင်မြင်ချင်း မျက်လုံးလက်လက်များဖြင့် ရွှန်းရွှန်းလဲ့လဲ့ ကြည့်… သော ဗိုလ်ကြီးနှစ်ဦး အကြည့်များက နှိုင်းကို အနေရခက်စေ… မယ့် နှိုင်း စိတ်မဆိုးမိ။

အနေရခက်သော မျက်နှာလေးဖြင့် ဗိုလ်ကြီးနှစ်ဦး





အကြည့်တွေကို မသိဟန်ဆောင်နေရသည်။

ကိုလေးက သူ့သူငယ်ချင်းနှင့် နှိုင်းအဖြစ်ကို မသိ။ နှိုင်း ဖေဖေနှင့် စကားတွေ ရေပက်မဝင်အောင် ပြောရင်း အားလုံးကို မေ့နေ၏။

“မင်းသူငယ်ချင်းက ဘယ်ကလဲ ကိုလေး”

“နှစ်ဦးက ထားဝယ်က ဦးလေး၊ မိဘလည်းမရှိဘူး၊ မောင်နှမနှစ်ယောက်တည်းရှိတာ၊ အစ်မကြီးက သူ့အိမ်ထောင်နဲ့ သူဆိုတော့ ဆယ်တန်းအောင်ပြီး စစ်ထဲဝင်လိုက်တာ ဦးလေးရဲ့၊ စိတ်ရင်းစေတနာက ဘာကောင်းသလဲမမေးနဲ့၊ သူ့ဆီကပိုက်ဆံတွေ ကျွန်တော် ယူသုံးထားတာကို မနည်းဘူး”

ကိုလေးက သူ့စကားသူ သဘောကျဟန်ဖြင့် ရယ်သည်။

“အေးကွာ၊ နောက်လည်း ဦးတို့အိမ်ကို ဝင်ပါ၊ ကိုလေးလိုပဲ မောင်နှစ်ဦးကို ဦးက မြင်မြင်ချင်း ခင်ပါတယ်”

“ကျေးဇူးတင်ပါတယ် ဦး”

နှစ်ဦးက နှိုင်းတို့မိသားစုထဲ ခင်မင်သူအဖြစ် နောက်ထပ် ရောက်ရှိလာသလို ကိုလေး၏သူငယ်ချင်းဖြစ်၍ အခွင့်အရေးလည်း



www.burmeseclassic.com

www.burmeseclassic.com



ပိုရသူဖြစ်လာသည်။ မမလှိုင်းက နှစ်ဦးကို ခင်မင်ရင်းနှီးပေမယ့် နှိုင်းကတော့ နှစ်ဦး ဆိုသည့်သူနှင့် ခပ်ဝေးဝေးမှာနေသဖြင့် မရင်းနှီး ဖြစ်ခဲ့ပါ။

နှစ်ဦး ဆိုသည့်သူကလည်း သူ့ကိုတွေ့တိုင်း အကြောင်း ပြချက် တစ်ခုမဟုတ်တစ်ခုနှင့် ရှောင်ထွက်သွားတတ်သည့် နှိုင်း ကိုပဲ တစ်ချိန်လုံး စိတ်ဝင်စားသည့် မျက်လုံးလက်လက်များ လိုက်ကြည့်နေတတ်သည်။

ကိုလေး၏ အချစ်ဆုံးသူငယ်ချင်းဖြစ်၍ ကိုလေး သွားရာ နောက် တကောက်ကောက်လိုက်နေသူလည်းဖြစ်၍ ကိုလေးနှင့် အတူ နှစ်ဦးက နှိုင်းတို့အိမ်မှာသာ အချိန်ကုန်သူဖြစ်သော်လည်း အိမ်မှာ အလကားမနေ။ ခြံဝန်းကြီးတစ်ခုလုံး ကိုလေးနှင့်အတူ ရှင်းလင်းပြီး ပန်းဥယျာဉ်လှလှလေးဖြစ်အောင် ဖန်တီးပေးသည်။

"ခွင့်နဲ့လာပြီး အေးအေးဆေးဆေး အနားယူစမ်းပါဟယ်၊ နင်တို့ကိုကြည့်ရတာ ပင်ပန်းလွန်းလို့"

"တပ်ထဲမှာ ဒီထက်မက လုပ်လာခဲ့ရတာ လှိုင်းရေ၊ ဒီလောက်တော့ ငါတို့အတွက် စာမဖွဲ့လောက်ဘူးဟ၊ စားကောင်း





သောက်ကောင်းရုံပဲ"

ကိုလေးက လုပ်လည်းလုပ်သလို စားလည်းစားနိုင်သူ ဖြစ်၍ သူတို့စားတာကိုကြည့်ပြီး အားကျပေမယ့် ဘယ်သူမှ ကိုလေးတို့လို မစားနိုင်။

"နှိုင်းတို့အိမ်မှာရှိတဲ့ ထမင်းဟင်းတွေ ကျွန်တော်တို့ စားတာနဲ့ ကုန်ပြီထင်တယ်နော်"

"မကုန်ပါဘူးရှင်၊ ကိုနှစ်ဦးတို့ စားတာကိုကြည့်ပြီး နှိုင်း တို့က ဝမ်းသာနေရတာပါ"

"တကယ်လားဗျာ"

"တကယ်ပါရှင်"

"ဒါဆို တစ်သက်လုံး ... ထမင်း အလကားစား ရမှာထင်တယ်၊ ကျွန်တော့်ကို ခေါ်ထားမလား နှိုင်း"

"နှိုင်း မသိဘူး၊ မေမေတို့ကို မေးကြည့်ပေါ့"

သူက နှိုင်းမျက်နှာလှလှလေးကို ခပ်ပြုံးပြုံး စိုက်ကြည့် ရင်း နူးညံ့ရွှန်းလဲ့စွာ အဓိပ္ပာယ်ပါပါ ပြောလာတော့ နှိုင်းပါးလေး တွေ နွေးခနဲဖြစ်သွားကာ သူ့အကြည့်တွေကို ရင်မဆိုင်ဘဲ မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



လွှဲလိုက်သည်။

"မေမေတို့က သဘောတူတယ်ဆိုရင် ကျွန်တော် ဒီမှာ တကယ်လာနေမှာနော် နှိုင်း"

"နေပေါ့"

"နှိုင်း သဘောတူတာ သေချာတယ်နော်"

"ဘာကိုလဲ"

"နှိုင်းနဲ့ ဒီမှာ အတူနေဖို့လေ"

"အို…နှိုင်းနဲ့ ဘာဆိုင်လို့လဲ"

"ကိုယ်က ဆိုင်ချင်နေတယ်ဆိုရင်ရော"

"ရှင်"

"ကိုယ် နှိုင်းကိုချစ်တယ်"

"အို"

"နှိုင်း သဘောတူရင် နှိုင်းကို ကိုယ် လက်ထပ်ပါရစေ လားဗျာ၊ ကျွန်တော်ချစ်တဲ့နှိုင်းကို ပိုင်ဆိုင်ချင်တယ်၊ ပိုင်ဆိုင်ခွင့် ပြုပါလား နှိုင်းရယ်"

ကျောချမှ ဓားပြမှန်းသိရသူက နှိုင်း။ ဗိုလ်ကြီးနှစ်ဦးက





နှိုင်းကို ချစ်ရေးဆိုရုံမက လက်ထပ်ခွင့်ပါ တောင်းနေတော့ နှိုင်း မျက်နှာ နှင်းဆီရင့်ရောင်ဖြစ်သွားကာ ပါးလေးတွေရဲပြီး အနေရ ခက်ခက်နှင့် သူ့ရှေ့က ထွက်ပြေးချင်နေ၏။

"ကိုယ့်ကို မုန်းသွားပြီလား နှိုင်းရယ်"

"မဟုတ်ပါဘူးရှင်"

"ဒါဆို ကိုယ့်အချစ်ကို နှိုင်း လက်ခံစဉ်းစားပေးပါလား ဗျာ"

"မဖြစ်နိုင်တာရှင်"

"မဖြစ်နိုင်ဘူးဆိုတာ ကိုယ်က ဆင်းရဲလို့လား နှိုင်း"

ဝမ်းနည်းကြေကွဲစိတ်ဖြင့် မျက်နှာလေးငယ်သွားသော ဗိုလ်ကြီးနှစ်ဦးကိုကြည့်၍ နှိုင်းစိတ်ထဲ နင့်ခနဲဖြစ်သွား၏။

"ကိုနှစ်ဦး ထင်သလို နှိုင်းမှာ အဆင့်အတန်းခွဲခြားတဲ့ စိတ် မရှိပါဘူးရှင်"

"ဒါဆိုလည်း ကိုယ့်ကိုပြန်ချစ်ပါလား နှိုင်းရယ်၊ ကိုယ် တို့ စစ်သားဘဝဆိုတာ ဘာတစ်ခုမှ အာမခံချက်မရှိတဲ့ ဘဝပါ၊ ဒီနေ့ အသက်ရှင်လျက်ရှိနေနိုင်ပေမယ့် နောက်ရက်မှာ ရှိချင်မှ



www.burmeseclassic.com

www.burmeseclassic.com



နှိုးနိုင်မယ့်သူတွေပါ"

"အဲဒါကတော့ ကိုနှစ်ဦးတို့ စစ်သားရယ်မှ မဟုတ်ဘူးရှင်၊ ကံတရားဆိုတာ ဘာကိုမှ ကြိုပြောလို့မရနိုင်ပါဘူး"

"ဘာပဲဖြစ်ဖြစ် ကိုယ့်ကို နှိုင်း ချစ်နိုင်သလား၊ ကို အချစ်ကို လက်ခံနိုင်မလားဆိုတာ ခပ်ရှင်းရှင်းပဲ ကိုယ်သိ တယ်"

"ကိုနှစ်ဦးကို နှိုင်း ခင်ပါတယ်"

"ကိုယ်လိုချင်တာ ဒီအဖြေမဟုတ်ဘူးလေ နှိုင်း၊ ကို တပ်ကို မပြန်ခင် နှိုင်းဆီက အဖြေကို အဖြူအမည်း သဲသဲကွဲ သိသွားချင်တာမို့ပါ၊ ကိုယ့်ကို နှိုင်း မချစ်နိုင်ဘူးလားဟင်၊ ကိုယ့် ပြန်ချစ်လိုက်ပါ နှိုင်းရယ်"

ဗိုလ်ကြီးနှစ်ဦးက အချစ်ကို ကလေးမုန့်တောင်းသ ဖွတ်အတင်း ပူဆာနေတာကိုကြည့်ပြီး နှိုင်းမျက်ဝန်းထဲမှာ နေထွ သွေး မျက်နှာက ဖျတ်ခနဲပေါ်လာ၏။

နှိုင်း အိမ်ထောင်ရေးကို ဘယ်သူကမှ ဖိအားပေးခြ မပြု။ နှိုင်း စိတ်တိုင်းကျ ဆုံးဖြတ်ခွင့်ပေးထားသည့်အတွက်တော့





နှိုင်း စိတ်ချမ်းသာရသည်။

"နှိုင်း"

"ရှင်"

"နှိုင်းမှာ ကျွန်တော့်အရင် ဦးသူရှိနေပြီလားဟင်"

"မရှိပါဘူး"

"ဒါပေမဲ့ သိပ်လှတဲ့ နှိုင်းအချစ်ကို လိုချင်သူတွေ ဝိုင်းဝိုင်းလည်နေမှာ ကျွန်တော် သိပါတယ်ဗျာ"

"အဲဒီလိုလည်း မဟုတ်ပါဘူးရှင်"

"ကျွန်တော့်ကို နှစ်သိမ့်ဖို့ ကြိုးစားမနေပါနဲ့ နှိုင်းရယ်၊ နှိုင်းနဲ့ လူကြီးချင်းသဘောတူထားတဲ့သူရှိတာ ကျွန်တော် သိပါတယ်"

"ရှင်...ကိုနှစ်ဦး ဘာပြောလိုက်တယ်"

"နေထွဋ်သွေးဆိုတဲ့ လူအကြောင်းလေ"

"အို...ဒါက ကိုနှစ်ဦးကို ဘယ်သူပြောတာလဲဟင်"

နေထွဋ်သွေးအကြောင်း ဗိုလ်ကြီးနှစ်ဦး သိသွားတာ နှိုင်း အံ့သြနေပေမယ့် ဗိုလ်ကြီးနှစ်ဦးကတော့ အပြုံးမပျက် နှိုင်းကို



www.burmeseclassic.com

www.burmeseclassic.com



တွေတွေလေး ငေးကြည့်နေပြီးမှ ခေါင်းကို ဆတ်ခနဲ ညိတ်သည်။

"ထားပါလေ၊ ဒီကိစ္စ ကျွန်တော့်ကို ဘယ်သူပြောပြော

မပြောပြော နှိုင်းမှာ ဒီလူရှိနေတာ သေချာသွားပြီပဲ"

စိတ်ပျက်အားလျော့သံနှင့် စိတ်ထိခိုက်သည့် အကြည့်

များနှင့် ဗိုလ်ကြီးနှစ်ဦးကိုကြည့်ပြီး နှိုင်း စိတ်မကောင်းဖြစ်သွား

သည်။

"ကိုနှစ်ဦး ထင်သလို မဟုတ်ဘူးဆိုရင်ရော"

"ဗျာ"

"ကိုနေထွဋ်သွေးနဲ့ နှိုင်း ဘာမှမဆိုင်ကြသေးပါဘူး

ကိုနှစ်ဦး၊ နှိုင်းတို့ကို လူကြီးချင်း သဘောတူထားတယ်ဆိုတာလည်း

မဟုတ်ပါဘူး"

"ဒီလိုဆို ကျွန်တော့်မှာ မျှော်လင့်ချက်ရှိသေးတယ်ပေါ့"

"နှိုင်း အဲဒီလိုမပြောပါဘူး"

"နှိုင်း"

"အို…နှိုင်းလက်ကို လွှတ်ပါ"

"ဟင့်အင်း…မလွှတ်တော့ဘူး၊ မကျေနပ်ရင် ရိုက်ချင်





ည်း ရိုက်တော့၊ နှိုင်းကို ကိုယ် သိပ်ချစ်နေပြီ"

"အို…ကိုနှစ်ဦး"

နှိုင်းထံမှ ရှက်လန့်တကြား အော်သံလေးက ဗိုလ်ကြီး

ဦး ရင်ခွင်ထဲ နစ်ခနဲ ဝင်ရောက်ပျောက်ကွယ်သွားသည်။

ိုလ်ကြီးနှစ်ဦးက နှိုင်း ဘာပြောပြော ဂရုမစိုက်တော့။ လှပသော

ိုင်းမျက်နှာလေးထက် ချစ်အနမ်းတွေ လိုက်လှဲစွာ ရွာချလိုက်၍

ိုင်း သူ့ကိုယ်ကြီးကို လက်သီးဆုပ်လေးများဖြင့် ထုရိုက်ပစ်လိုက်

ည်အထိ ရင်ခုန်စိတ်လှုပ်ရှားသွားသည်။

"နှိုင်း"

"သွား…နှိုင်းကိုမခေါ်နဲ့၊ ရှင့်ကို နှိုင်း မုန်းတယ်

သိလား"

"ဆောရီးပါ နှိုင်းရယ်၊ နှိုင်းအပေါ်မှ ချစ်တဲ့စိတ်နဲ့

ပေါက်ကွဲသွားမိတာပါဗျာ၊ အခွင့်အရေးယူချင်လို့ မဟုတ်ရပါဘူး၊

နှိုင်း မကျေနပ်ရင် ကျွန်တော့်ပါးကို ရိုက်ပါ၊ နှိုင်းဆီက အမုန်း

စကားကိုတော့ ကျွန်တော် မကြားပါရစေနဲ့"

"ရိုက်ပါ နှိုင်းရယ်"



www.burmeseclassic.com

www.burmeseclassic.com



"နှိုင်း ကျေနပ်တဲ့အထိ ကိုယ့်ကို ရိုက်ပါ"

ဗိုလ်ကြီးနှစ်ဦးက ပြောပြောဆိုဆို နှိုင်းလက်လေး ဆွဲယူလိုက်၍ နှိုင်းမှာ အလန့်တကြား သူ့မလက်လေးကို လျှင်မြ စွာ ရုပ်သိမ်းလိုက်ရ၏။

"ရှင်နော်...ဘယ်လိုဖြစ်နေတာလဲ"

"ကိုယ့်ကို နှိုင်း မုန်းသွားပြီမဟုတ်လား"

နှိုင်းထံမှ ဘာဖြေသံမှ ထွက်မလာ၍ ဗိုလ်ကြီးနှစ် မျက်နှာ ကွက်ခနဲ ပျက်သွားတာ မြင်လိုက်ရသည်။

"နှိုင်း"

"နှိုင်း သွားတော့မယ်"

လှစ်ခနဲ သူ့ရှေ့က ပြေးထွက်သွားသည့် နှိုင်းကို ဗိုလ်ကြ နှစ်ဦး ဝမ်းနည်းကြေကွဲစိတ်ဖြင့် တွေတွေကြီး ငေးကြည့်ရင်း ခေါ ငိုက်စိုက်ကျသွားသည်။

နှိုင်း သူ့ကိုမုန်းသွားပြီဆိုသည့်အတွေးက သူ့ရင်ကို နာကျ ထိခိုက်စေလွန်း၍ နှိုင်းအပါအဝင် ဘယ်သူ့ကိုမှ နှုတ်ဆက်ခြင်း မပြုဘဲ တစ်ယောက်တည်း တိတ်ဆိတ်စွာ ပြန်ခဲ့သည်။





ကိုလေးက သူ့သူငယ်ချင်းကို ရှာမတွေ့၍ လိုက်ရှာကြမှ ာပ်ကိုပြန်သွားမှန်း သိကြသည်။

"ဒီကောင် ဘာဖြစ်သွားတာလဲ မသိပါဘူး အန်တီရာ၊ ယ်သူ့ကိုမှ မပြောမဆိုဘဲ ပြန်သွားတာ တော်တော်ဆိုးတာပဲ"

ကိုလေးက သူ့တပ်ကို ဖုန်းဆက်ကြည့်မှ ဗိုလ်ကြီးနှစ်ဦး ာပ်ကိုပြန်ရောက်မှန်း သိကြခြင်းဖြစ်သည်။ ကိုလေးက သူ့သူငယ် င်းအတွက် နှိုင်းတို့မိသားစုကို အားနာနေပေမယ့် နှိုင်းကတော့ သူမတို့နှစ်ယောက်တည်းသာသိသော လျှို့ဝှက်ချက်ကို နှုတ်ဆိတ် နေလိုက်သည်။

ဗိုလ်ကြီးနှစ်ဦး ဘာဖြစ်လို့ ပြန်သွားတာလဲဆိုတာသိ၍ သက်ပြင်းကျိတ်ချလိုက်သည်။ ပြဿနာက သိပ်တော့မလွယ်။ ဗိုလ်ကြီးနှစ်ဦးက နှိုင်းစိတ်ထဲက သနားစရာဖြစ်ပေမယ့် ချစ်သူ တစ်ယောက်အဖြစ် ရွေးချယ်ဖို့အထိ စိတ်မကူးမိသေးပါ။

ထိုနေ့က ကိုလေးပါ စောစောပြန်သွားသည်။ နောက် ရက်မှာလည်း သူ မလာနိုင်ကြောင်း ဖုန်းလှမ်းဆက်ရုံမှတစ်ပါး ဗိုလ်ကြီးနှစ်ဦး အကြောင်း ဘာတစ်ခုမှမပြော။



www.burmeseclassic.com

www.burmeseclassic.com



နှင်းစိတ်ထဲ နည်းနည်းတော့ စိုးရိမ်သလိုဖြစ်မိပေမဲ့ မိုလ်ကြီးနှစ်ဦးအကြောင်း မေ့ထားလိုက်သည်။

"နှင်းရေ…ဒီမှာ နှင်းအတွက် ဖုန်းလာနေတယ်"

"ဘယ်သူလဲဟင် မမလှိုင်း"

"သိချင်ရင် ပြောကြည့်လိုက်လေ"

မမလှိုင်းက နှင်းလက်ထဲ ဖုန်းခွက်ကို ခပ်ပြုံးပြုံးထည့် ပေးပြီး အနားကထွက်သွား၍ ဖုန်းကိုယူပြီး ထူးလိုက်၏။

"ဟဲလို"

"နှင်းလား…ကိုယ်ပါ"

စိမ်းသက်သော ယောကျ်ားတစ်ယောက်၏ အသံကြောင့် နှင်း အံ့ဩသွား၏။

"ဘယ်သူလဲဟင်"

"အဟွန်း…ဟွန်း…ဟွန်း၊ နှင်းက ကိုယ့်အသံ မမှတ်မိဘူးထင်တယ်၊ နှင်း မှန်းတဲ့သူလေ"

"အို"

ဘယ်သူလဲဆိုတာ နှင်း သိလိုက်၍ လန့်သွားတော့ သူ





ခပ်သဲ့သဲ့ရယ်၏။

"ဘယ်လိုလဲ၊ ကိုယ် ဘယ်သူလဲဆိုတာ သိသွားပြီလား"

"ဦးနေထွန်းသွေး"

"ဟုတ်ပါတယ်ဗျာ၊ ကိုယ်က နှင်းရဲ့ နေထွန်းသွေးပါ၊ ဘယ်လိုလဲ၊ ကိုယ်မလာလို့ ကိုယ့်ကို လွမ်းနေပြီလား၊ ကိုယ်တော့ နှင်းကိုလွမ်းလို့ ပြန်ခဲ့ပြီ"

နေထွန်းသွေးက သူ့ခံစားချက်တွေချည်း ပြောနေ၍ နှင်း ငြိမ်ပြီး နားထောင်နေလိုက်ရသည်။

"ကိုယ် နှင်းကို ဘယ်လောက်ချစ်လဲ၊ ဘယ်လောက် မြတ်နိုးတယ်ဆိုတာ နှင်းနဲ့ဝေးမှ ပိုပြီးသိလာတာကွ၊ နှင်းသာ ကိုယ့်နားမှာရှိနေရင် ကိုယ် အမြဲပျော်နေရမှာ သေချာတယ်၊ ကိုယ်တို့ လက်ထပ်ကြရအောင် နှင်း"

"လက်ထပ်မယ်ပြောရအောင် နှင်းက ရှင့်ချစ်သူမဟုတ် ဘူးရှင့်"

"နှင်းက အခုချိန်ထိ ကိုယ့်ချစ်သူ မဟုတ်သေးဘူး လား"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်နော်...ရှင့်ကို နှိုင်းက ဘယ်တုန်းက ချစ်တ

လို့ ပြောခဲ့လို့လဲ"

"ကောင်းပြီ၊ ဒါဆို နှိုင်းဆီက ချစ်စကားကြားရအော

ကိုယ် အခုပဲ နှိုင်းဆီလာခဲ့မယ်"

"ဟင်"

နှိုင်းဆီကို အခုလာမယ်ဆိုတော့ နှိုင်း လန့်သွား၏။

"မလာခဲ့နဲ့နော်၊ လာလည်း နှိုင်းကို တွေ့ရမှာမဟု

ဘူး"

"နှိုင်း"

"နှိုင်း ဖုန်းချလိုက်ပြီ"

"ဟော့...နေဦး"

နှိုင်းက သူ့အပြောကိုမစောင့်ဘဲ ဖုန်းချလိုက်သည်။

နေထွဋ်သွေးဆိုသည့်လူနှင့် ဘယ်အချိန် စကားပြောပြော အ

စိတ်ဆိုးဒေါသဖြစ်ရသူက နှိုင်း ဖြစ်သည်။ နှိုင်းကို ဆက်ဆံပုံ

ဝိုင်နိုးဝိုင်နင်း။ သူပြောသမျှ နှိုင်းက သူ့တပည့်လက်အော

ယ်သားတစ်ယောက်လို ခေါင်းညိတ်နာခံလိမ့်မည်လို့ ထင်





လား မသိ။

"ကိုနေထွဋ်သွေးက ဘာတဲ့လဲ နှိုင်း"

နှိုင်းနားသို့ လှိုင်း ရောက်လာ၍ အစ်မဖြစ်သူကို မကျေ

ပ်လေး ဖြစ်ရသူက နှိုင်း ဖြစ်သည်။

"မမကလည်း သူ့ဖုန်းမှန်းသိရက်နဲ့ ဘာလို့ နှိုင်းကို လာ

း‌ရတာလဲလို့"

"ဩော်...သူက နှိုင်းနဲ့စကားပြောပါရစေဆိုတော့ မမက

နှိုင်းကို ခေါ်ပေးရတာပေါ့ ညီမရဲ့"

"တော်ပါ၊ နောက် ဘယ်တော့မှ သူ့ဖုန်းဆို ခေါ်မပေး

နဲ့၊ နှိုင်း သူ့နဲ့စကားမပြောချင်ဘူး"

နှုတ်ခမ်းစူလျက် ပြောလိုက်တော့ လှိုင်းက နှိုင်း စိတ်

ဆိုးနေတာကိုကြည့်ပြီး ချစ်စနိုးပြုံးသည်။

"ကိုနေထွဋ်သွေးက နှိုင်းကို ချစ်ပါတယ်ကွယ်"

"အဲဒါက မမ အထင်ကို"

"နှိုင်းကရော ဘယ်လိုထင်လဲ၊ ပြောစမ်းပါဦး နှိုင်း၊

သူ့အကြောင်း နှိုင်း ဘာတွေသိထားလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"နှိုင်း မသိဘူး မမလှိုင်း၊ ဒါပေမဲ့ နှိုင်း သူ့ကို မချစ်ဘူး၊ သူ့အချစ်ကိုလည်းမယုံဘူး"

"ခက်လိုက်တာ နှိုင်းရယ်၊ မိန်းကလေးတိုင်းရဲ့ အိပ်မက်မင်းသားကိုမှ နှိုင်းက မယုံဘူးဆိုတော့"

"မိန်းကလေးတိုင်းဆိုတဲ့အထဲမှာ နှိုင်း မပါဘူး မမ နှိုင်းဘဝနဲ့ သူ့ဘဝကလည်း တခြားစီပါ၊ အကောင်းဆုံးက နှိုင်း မဟုတ်တဲ့ တခြားတစ်ယောက်က သူ့အတွက် အသင့်တော်ဆုံးဖြစ်မှာပါ၊ နှိုင်း သွားတော့မယ်"

လှိုင်းကို နှုတ်ဆက်ပြီး သူမအခန်းရှိရာသို့ နှိုင်း အပြေးလေး ထွက်လာခဲ့သည်။ နှိုင်းအတွေးထဲမှာတော့ နေထွဋ်သွေးအကြောင်းရော၊ ဗိုလ်ကြီးနှစ်ဦး အကြောင်းပါ တစ်လှည့်စီနေရာယူလျက်။ စိတ်ရှုပ်ထွေးစွာ သက်ပြင်းချလိုက်၏။

ᆨ ᆨ ᆨ



## အခန်း (၇)

မှန်တင်ခုံရှေ့မှာရပ်ပြီး နှိုင်း အကြာကြီးစဉ်းစားနေသည်။ ဗိုလ်ကြီးနှစ်ဦးကို တပ်မတော်ဆေးရုံမှာ တင်ထားကြောင်း ကိုလေးဖုန်းဆက်သလို လှမမာအတွက် ဆေးဝါးနှင့် အစားအသောက်စာတ်စာများကို မမလှိုင်းက စီစဉ်ပေးနေသံ ကြားရသည်။

လူမမာသတင်း သွားမေးရမှာထက် ကိုလေးက သူတစ်ယောက်တည်းဖြစ်နေလို့ သူ့ဆီလာပါဦးဟု သနားစရာပြောထားတော့ ကိုလေးကိုသနားပြီး တပ်မတော်ဆေးရုံကို လိုက်သွားဖို့ ပြင်ဆင်ကြသည့်အထဲမှာ နှိုင်းလည်းပါလာသည်။



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ မေမေတို့က လူမမာအကြောင်း သတင်းပဲမေး နိုင်သည်။ ကိုယ်တိုင် မလိုက်နိုင်။ သွားရမည့်သူက မမလှိုင်း နှင့် နှိုင်း။ မမလှိုင်းအတွက် ဘာမှမထူးခြားပေမယ့် နှိုင်းအတွက် ဤခရီးက အဓိပ္ပာယ်အမျိုးမျိုး ဖြစ်နိုင်သလို ဗိုလ်ကြီးနှစ်ဦးကို တွေ့ရမှာ- မျက်နှာပူမိသည်။

ကိုယ့်ကို ချစ်ရေးဆိုရုံမက ချစ်အနမ်းတွေပါ ပေးသွားသူ၏ မျက်နှာကို နှိုင်း ဘယ်လိုကြည့်ရမှန်းမသိ။ နှိုင်းတို့အကြောင်း ဘာမှမသိသော မမလှိုင်းက နှိုင်းနှင့်အတူ သွားဖို့ပြင်ဆင်နေသည်။ အခုချိန်ကျမှ မလိုက်ချင်ဟုပြော၍မရ။ မမလှိုင်းတစ်ယောက်တည်း သွားဖို့ကျတော့လည်း အဆင်မပြေတာနှင့် နှိုင်းပါ မမနှင့်အတူ လိုက်ပါရမည့်ခရီး ဖြစ်နေ၏။

"နှိုင်းရေ…ပြီးပြီလားဟေ့"

"ဟုတ်ကဲ့၊ ပြီးပါပြီ မမလှိုင်း"

"မိလုံးရေ…ပစ္စည်းတွေ ကားပေါ်တင်လိုက်တော့၊ ဒီအချိန်သွားမှ ဟိုကို အချိန်မီရောက်မှာ"

"ဟုတ်ကဲ့ မမကြီး"





မိလုံးက မမလှိုင်း အသင့်ပြင်ဆင်ထုပ်ပိုးထားသည့် ပစ္စည်းအသုံးအဆောင်တွေကို ကားပေါ်တင်သည်။

ညီအစ်မနှစ်ယောက် ထွက်လာသည့်အချိန်ထိ မည်သူမျှ စကားမပြောမိကြ။ နှိုင်းက ကိုယ့်အတွေးနှင့်ကိုယ် ဖြစ်သလို လှိုင်းကလည်း ဖုန်းတစ်လုံးနှင့် အလုပ်ရှုပ်နေသည်။

"စိတ်ချပါရှင်၊ လှိုင်း မမေ့ပါဘူး၊ ညှိခံပွဲကို ဆက်ဆက်လာမှာပါ"

"ဟုတ်ကဲ့…ဟုတ်ကဲ့"

မမလှိုင်းနှင့် ဖုန်းပြောနေသူက ကုမ္ပဏီဒါရိုက်တာ တစ်ယောက်။ မမလှိုင်း အချစ်ကို တောင့်ခံထားသူမှန်း နှိုင်း သိသည်။ အခုချိန်ထိ မမလှိုင်းတို့အခြေအနေက ဘာမှန်းမသိ။ နှိုင်း သိချင်လာသည်။

"မမလှိုင်း…ဦးမြင့်မိုရ်နဲ့ မမလှိုင်းတို့ အခြေအနေက ဘယ်လိုလဲဟင်၊ ချစ်သူတွေ ဖြစ်နေကြပြီလား"

နှိုင်း စကားအဆုံးမှာ မမလှိုင်းက ချစ်စရာကောင်းအောင် ရယ်ပြီး နှိုင်းကို တစ်ချက်လှမ်းကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



“ဘာလဲ…နှိုင်းက မမလှိုင်း ချစ်သူရသွားမှာကို စိုးရိမ်တာလား”

“မဟုတ်ပါဘူး၊ နှိုင်းက မမကို ဦးမြင့်မိုရ်နဲ့ သဘောတူပြီးသားပါ၊ မမတို့ ချစ်နေကြပြီဆိုရင် ပြောတာနော်”

“ကျေးဇူးတင်ပါတယ် နှိုင်းရယ်၊ မမကို ကိုမြင့်မိုရ်နဲ့ သဘောတူတယ်ဆိုလို့ပါ၊ ခက်တာက မမကိုယ်တိုင်ပဲ”

“ရှင်”

နှိုင်းက အပြုံးနှင့်လှပနေသည့် အစ်မဖြစ်သူစကားကို နားမလည်နိုင်ဘဲ ပြန်ကြည့်သည်။

“မမ သူ့ကိုချစ်သလား မချစ်ဘူးလားဆိုတာ မမကိုယ် မမ အခုချိန်ထိ မသိသေးဘူး နှိုင်း၊ ဒါပေမဲ့ မမအတွက် အိမ်ထောင်ဖက်ကောင်းတစ်ယောက်ဆိုတာတော့ မမ လက်ခံတယ်”

“မမက သူ့ကို မချစ်ဘဲနဲ့ လက်ထပ်မလို့လားဟင်”

“လောလောဆယ်တော့ မမမှာ ဘာအစီအစဉ်မှ မရှိသေးပါဘူး နှိုင်းရယ်၊ နောက်ထပ် ဘာတွေဘယ်လိုဖြစ်လာဦးမယ်ဆိုတာတော့ မမလည်း အတိအကျ မပြောနိုင်တော့ဘူး၊ တစ်ခါတစ်ခါတော့လည်း လောကကြီးက အံ့သြစရာကောင်းတယ်၊ မထင်မှတ်တဲ့ ဘဝအချိုးအကွေ့တွေ ဖြစ်လာအောင် ပြောင်းလဲပစ်လိုက်တာတွေလည်း အများကြီးပဲ”





မမလှိုင်းစကားက လေးနက်သလို လှပသော မျက်နှာလေးမှာလည်း တည်ငြိမ်နေ၏။ နှိုင်းက မမပြောသည့် စကားအဓိပ္ပာယ်ကို စဉ်းစားနေပေမယ့် သိပ်တော့နားမလည်။

“နှိုင်းရော…နှိုင်းရဲ့အိမ်ထောင်ဖက်ဟာ ဘယ်လိုလူမျိုးဖြစ်မယ်လို့ထင်လဲ”

“ဟင့်အင်း…နှိုင်း မသိဘူး မမ၊ အခုချိန်ထိလည်း နှိုင်း နှလုံးသားထဲမှာရော နှိုင်းအတွေးထဲမှာပါ အဲဒီအကြောင်းနဲ့ ပတ်သက်ပြီး ဘာဆိုဘာမှမရှိဘူး”

“သြော်…နှိုင်း…နှိုင်း၊ အေးလေ…တစ်နေ့ကျတော့ နှိုင်း လူတစ်ယောက်ယောက်ကို ချစ်မိလာမှာပါပဲ၊ နှိုင်း ဘယ်သူ့ကို ချစ်မှာလဲ”

နှိုင်းမျက်ဝန်းရိပ်ထဲမှာ နှိုင်းကို စိုးမိုးလိုသူ နေထွဋ်သွေးနှင့် နှိုင်းကို အသနားခံနေသည့် ဗိုလ်ကြီးနှစ်ဦးတို့ ဖျတ်ခနဲ ပေါ်



www.burmeseclassic.com

www.burmeseclassic.com



လာ၏။ ထိုနှစ်ယောက်ထဲက တစ်ယောက်ကိုရွေးပါဆိုရင် နှိုင်း ဘယ်သူ့ကို ရွေးမှာလဲ။

ဟင့်အင်း...။

နှိုင်းကိုယ်တိုင် အဖြေမရှိသည့် ပုစ္ဆာထဲမှာ နှလုံးသား ခံစားချက် ရှုပ်ထွေးမွှန်းကျပ်သွားသည်။

နှစ်ယောက်စလုံးက နှိုင်းကို ခံစားချက်တစ်မျိုးစီပေးခဲ့ ကြတာကို နှိုင်း ဝန်ခံသည်။ နှိုင်းနှလုံးသားက ဘယ်သူ့ကိုရွေး ချယ်မလဲဆိုတာကိုတော့ နှိုင်းကိုယ်တိုင်လည်း အခုချိန်ထိ မသိ။

ဆေးရုံရှေ့မှာ ကားရပ်လိုက်တာနှင့် ကိုလေးက နှိုင်းတို့ နား အပြေးရောက်လာသည်။

"လူနာက မျှော်နေတာ လည်ပင်းတောင် မျိုင်းဖြစ်တော့ မယ်ထင်တယ် နှိုင်းရေ"

"အို"

"ရှက်မနေပါနဲ့ နှိုင်းရ၊ နှစ်ဦးက လူရိုးကြီးဆိုတော့ သူ့ ရင်ထဲက ခံစားချက်ကို မျက်နှာပူပူနဲ့ ရင်ဖွင့်တော့ နားမထောင် ချင်လည်း နားထောင်ရတာပဲ"



"နှိုင်းနဲ့နှစ်ဦးက ချစ်နေကြပြီလား"

"မဟုတ်ပါဘူး မမလှိုင်းရဲ့"

နှိုင်း မျက်နှာနီနီနှင့် ငြင်းတော့ ကိုလေးနှင့်လှိုင်းက နှိုင်း ရှက်နေတာကိုကြည့်ပြီး သဘောကျစွာရယ်သည်။

"နှိုင်း ဘာဖြစ်လို့ ဆေးရုံကိုမလိုက်ချင်တာလဲဆိုတာ အခုမှပဲ မမလှိုင်း သိတော့တယ်"

"ပရိုပို့စ်လုပ်ထားတုန်းပဲ ရှိပါသေးတယ်၊ နှိုင်းက လက်မခံလို့ အိပ်မရ စားမရဖြစ်ပြီး ဒီကောင် ဆေးရုံရောက်သွား တာ လှိုင်းရ"

"ဖြစ်ရလေဟယ်၊ ကျားကိုးစီး စားမကုန်တဲ့ ကိုယ်ကြီး မှ အားမနာ"

မမလှိုင်းရယ်တော့ နှိုင်းပါ ပြုံးမိမလိုလို ဖြစ်သွားသည်။ တကယ်လည်း ဗိုလ်ကြီးနှစ်ဦးက အရပ်မြင့်မြင့်မားမား ကိုယ်ဟန် ထွားထွားနှင့် လူတစ်ယောက်ဖြစ်၍ မမလှိုင်း ပြောလည်း ပြော စရာဖြစ်သည်။

ဆေးရုံခုတင်ထက်မှာ လူမမာက နှိုင်းတို့ညီအစ်မကို တွေ့



www.burmeseclassic.com

www.burmeseclassic.com



လိုက်ရတော့ အံ့ဩဝမ်းသာ ပျော်ရွှင်သွားတာ ဟန်မဆောင်နိုင်။

"နှိုင်းရယ်…ဝမ်းသာလိုက်တာဗျာ"

နှိုင်းမျက်နှာကို မျက်တောင်မခတ် စေ့စေ့ကြည့်ပြီး အသံဝါကြီးနှင့် လှိုက်လှဲစွာပြောတော့ မမလှိုင်းက ရယ်သည်။

"အမလေးဟဲ့…ဒီကိုလာတာ နှိုင်းတစ်ယောက်တည်း မဟုတ်ပါဘူး၊ ဟောဒီမှာ လှိုင်းလည်း ရှိပါသေးတယ်"

"ဆောရီးပါ လှိုင်းရယ်၊ ရုတ်တရက်ဆိုတော့ လှိုင်းကို မေ့သွားလို့ပါဗျာ၊ နှိုင်းကိုရော လှိုင်းကိုပါ ကျေးဇူးတင်ပါတယ်၊ တကယ်ပြောတာပါဗျာ"

ဗိုလ်ကြီးနှစ်ဦး မျက်နှာက လန်းရွှင်နေသလို နူးညံ့ရွှန်းလက်သည့် အကြည့်စူးရှူးတွေကလည်း နှိုင်းထံမှာသာ တရစ်ဝဲဝဲဖြစ်နေ၏။ မမလှိုင်းနှင့် ကိုလေးက နှိုင်းတို့ကို စိတ်မဝင်စား။ ဟိုတုန်းက အကြောင်းတွေ စိတ်ဝင်တစား ပြောကြမေးကြရင်း နှိုင်းတို့ကို မေ့ထားသည်။

"နှိုင်း"

"ရှင်"





"ကိုယ့်ကို မမုန်းဘူးလားဟင်"

"ဘာကိစ္စ နှိုင်းက မုန်းရမှာလဲ"

"နှိုင်းကို ချစ်လို့လေ၊ တကယ်ဆို နှိုင်းဘဝက ကိုယ့်လို လူနဲ့ မထိုက်တန်ပါဘူးဗျာ"

အားငယ်စိတ်ကြောင့် အဖျားခတ်စကားအဆုံးမှာ တိုးတိမ်သွားသည့် ဗိုလ်ကြီးနှစ်ဦးကိုကြည့်ပြီး နှိုင်း သနားသွားမိသည်။ နှိုင်း စိတ်ထဲမှာတော့ လူကို လူလို့ပဲမြင်သည်။ အဆင့်အတန်း ခွဲခြားတာမျိုးမရှိ။

"လွှက်ကြမ္မာဆိုတာ ဘာကိုမှ ပုံသေကားကျ တွက်လို့ မရပါဘူးရှင်၊ တစ်နေ့ ကိုနှစ်ဦးကိုယ်တိုင်လည်း သိပ်ချမ်းသာတဲ့ သူဌေး ဖြစ်နိုင်ပါတယ်"

"ထိပေါက်ရင်တော့ မပြောတတ်ဘူးပေါ့ဗျာ၊ အခု လက်ရှိဘဝကတော့ နှိုင်းမြင်တဲ့အတိုင်း ကိုယ့်နားမှာ ကိုလေးလို သူငယ်ချင်းကောင်း ရှိနေလို့သာပဲ"

"နှိုင်းတို့လည်း ရှိပါသေးတယ်"

"တကယ်လား နှိုင်း"



www.burmeseclassic.com

www.burmeseclassic.com



"ကိုနှစ်ဦးကို နှိုင်း ခင်ပါတယ်"

"ကျေးဇူးတင်ပါတယ် နှိုင်း"

"ကဲ…ပြန်ကြမှထင်တယ်၊ လှိုင်းမှာ တခြားအလုပ်ရှိသေးတယ်၊ ကိုနှစ်ဦး…လှိုင်းတို့ကို ခွင့်ပြုပါဦး"

"ကောင်းပါပြီဗျာ"

"နှိုင်း သွားတော့မယ်နော်"

"ဘယ်တော့လာဦးမှာလဲဟင်"

မမလှိုင်းကို ခပ်တည်တည် နှုတ်ဆက်၍ ပေမယ့် နှိုင်းသူအနားက မပြန်စေချင်သဖြင့် နှိုင်း ဘယ်အချိန်လာဦးမလဲတာ သည်းသည်းလှုပ် မေးလိုက်သူကိုကြည့်ကာ နှိုင်း ပြုံးလိုက်သည်။

"ကိုနှစ်ဦး မကြာခင် ဆေးရုံက ဆင်းရတော့မှာပဲ နှိုင်း လာဖို့လိုသေးလား"

နှိုင်းစကားကြောင့် နှစ်ဦး ငိုင်တွေသွား သက်ပြင်းချလိုက်၏။ ပြီးမှ နှိုင်းမျက်နှာလေးကို စိုက်ကြည့်ရင်း

"ဖြစ်နိုင်ရင် နှိုင်းမျက်နှာလေးကို အမြဲမြင်ချင် တွေ့ချင်နေတဲ့သူပါ နှိုင်းရယ်၊ ကိုယ် နှိုင်းကို ကားနားအထိ လိုက်ပို့မယ်နော်"

"လူမမာက ပြန်ပို့ပေးရတယ်လို့ရှင်"

"ကိုယ်က နှိုင်းမျက်နှာလေးကို မြင်ချင်နေတာကိုးဗျာ"

"ပြောမရလည်း သဘောပဲ"

"သင့်ခ်ယူး"

နှိုင်းနားမှာ ဗိုလ်ကြီးနှစ်ဦး ပါလာသည်။ ဆေးရုံထွက်ပေါက်နားအရောက်မှာ ဆေးရုံထဲဝင်လာသူတစ်ယောက်ကြောင့် နှိုင်းရင်ထဲ ဒိတ်ခနဲဖြစ်သွားသည်။ နှိုင်းကို မမြင်ပါစေနှင့်ဟု ဆုတောင်းပေမယ့် နှိုင်း ဆုတောင်းကမပြည့်။ မမလှိုင်းကို နှုတ်ဆက်စကားပြောရင်း နေထွဋ်သွေးအကြည့်တွေက နှိုင်းထံ ဖျတ်ခနဲ ရောက်လာ၏။

"နှိုင်း"

နေထွဋ်သွေးက နှိုင်းအမည်ကိုခေါ်ရင်း သူ့အကြည့်တွေက နှိုင်းနားမှာ အတူရှိနေသည့် ဗိုလ်ကြီးနှစ်ဦးထံ စူးရှဝင်းလက်စွာ ရောက်သွားသည်။







www.burmeseclassic.com

www.burmeseclassic.com



"သြော်…ကိုနေထွဋ်ကို ဗိုလ်ကြီးနှစ်ဦးနဲ့ မိတ်ဆ[...] ပေးရဦးမယ်၊ ကိုနေထွဋ်…ဒါ ဗိုလ်ကြီးနှစ်ဦးပါ၊ ဒီဘက်[...] လှိုင်းအစ်ကို ဗိုလ်ကြီးကိုကိုလေး"

"ကိုလေးနဲ့ကိုနှစ်ဦး…ဒါ ဦးနေထွဋ်သွေးပါ၊ နေကျ[...] ကုမ္ပဏီပိုင်ရှင်ပါ၊ ကားကောင်းကောင်းလိုချင်ရင် နေထွဋ်ကုမ္ပ[...] နဲ့ ဆက်သွယ်ပေးလို့ရတယ်"

"ဟုတ်ကဲ့…တွေ့ရတာဝမ်းသာပါတယ် ကိုနေထွ[...] သွေး"

"ဟုတ်ကဲ့…ကျွန်တော်လည်း ဝမ်းသာပါတယ်၊ လို[...] တဲ့ အကူအညီရှိရင် ပြောပါ၊ ကျွန်တော့်အတွက်ကတော့ [...] မိသားစုဟာ ကျွန်တော့်မိသားစုပဲလေ၊ အဟွန်း…ဟွန်း"

အကြည့်တစ်မျိုး၊ စကားအဓိပ္ပာယ်တစ်မျိုးနှင့် သူနှင့် [...] ပတ်သက်မှုကို ဖော်ပြလိုက်သော နေထွဋ်သွေးကြောင့် ဗိုလ်[...] နှစ်ဦး အကြည့်တွေက နှိုင်းထံ အားငယ်စွာ ဖျတ်ခနဲရောက်[...] ကာကို မသိဟန်ဆောင်ပြီး အားလုံးကို နှိုင်း နှုတ်ဆက်လိုက်သည်[...]

"နှိုင်းတို့ကို ခွင့်ပြုပါဦးနော်"





"ဟုတ်တယ်၊ လှိုင်းတို့မှာ ကိစ္စလေးရှိလို့ သွားလိုက်[...]ယ်၊ အားလုံး နောက်မှဆုံကြတာပေါ့ ဟုတ်လား"

"သွားပြီနော် ကိုနေထွဋ်"

"ကိုယ်လည်း အခုပဲ ပြန်မှာ လှိုင်း၊ တစ်ခါတည်း [...]ိုင်းတို့နဲ့ လိုက်ခဲ့မယ်၊ ခွင့်ပြုပါဦးခင်ဗျာ"

"ဟုတ်ကဲ့"

"ကောင်းပါပြီဗျာ"

ရှေ့ဆင့်နောက်ဆင့် ထွက်သွားသည့် ကားနှစ်စီးကို ကြည့်[...] သက်ပြင်းချမိသူက နှစ်ဦး။ ဒီဘဝဖြင့် အချစ်ဆုံးချစ်သူနှင့်[...]ရာ လမ်းမမြင်နိုင်မှန်းသိလိုက်ရ၍ ရင်တစ်ခုလုံး မွန်းကျပ်[...]သွားသည်။

"ငါ ခေါင်းမူးလို့ အိပ်ရာထဲ ပြန်လှဲလိုက်ဦးမယ် [...]လေး"

"မင်းဟာက ခေါင်းတင်မူးတာလား နှစ်ဦး၊ နှလုံးသား[...] ချာလည်မူးမသွားဘူးလား"

ကိုလေးအမေးကို သူ ပြန်မဖြေဘဲ ရင်နာနာပြုံးပြီး ငြိမ်[...]



www.burmeseclassic.com

www.burmeseclassic.com



နေတော့ ကိုလေးက နှစ်ဦးပခုံးကို တစ်ချက်လှမ်းပုတ်သည်။

"ဖွဲမလျှော့ပါနဲ့ကွာ၊ အချိန်တွေ အများကြီးရှိပါသေးတယ်"

သူငယ်ချင်း၏ အားပေးနှစ်သိမ့်စကားက နှစ်ဦးအတွေးအရာမရောက်။ ခုတင်ပေါ်မှာ တစ်ယောက်တည်း မျက်စိမှိတ်ငြိမ်နေရပေမယ့် နှစ်ဦးအတွေးလိပ်ပြာက သူချစ်သူ နှိုင်းနှင့်အတူပါသွားသည့်အဖြစ်ကို သူပဲသိသည်။

ɔ ɔ ɔ



## အခန်း (၈)

"ဒါက ဘယ်လိုသဘောလဲ နှိုင်း"

"ရှင် ဘာတွေပြောနေတာလဲ ဦးနေထွန်း"

"မင်းနားမှာ နှစ်ဦးဆိုတဲ့လူကို ခေါ်ထားတဲ့ကိစ္စကို မေးနေတာ"

နှိုင်း အကြည့်စူးလေးတွေက နေထွန်းသွေးထံ ဖျတ်ခနဲရောက်သွားသည်။ မေးပုံက ပိုင်စိုးပိုင်နင်း။ အကြောင်းမသိရင် နှိုင်းကပဲ သူချစ်သူလိုလို ဘာလိုလို။ ဒီလိုပုံစံမျိုးကို နှိုင်း မုန်းတာသိသိနှင့် နေထွန်းသွေးကိုယ်တိုင် သူ့အပြုအမူ၊ သူ့အကျင့်စရိုက်



www.burmeseclassic.com

www.burmeseclassic.com



ကို ဘာတစ်ခုမှ မပြုပြင်။

"ဘယ်လိုလဲ နှိုင်း၊ ကိုယ်မေးတာ မဖြေတော့ဘူးလား"

"ဖြေစရာမှ အကြောင်းမရှိဘဲ"

"ဘာ"

"ဒီမှာ…ဦးနေထွဋ်သွေး၊ ရှင့်ကိုယ်ရှင် ဘယ်လိုထင်နေလဲဆိုတာ နှိုင်း မသိဘူး၊ သိလည်း မသိချင်ဘူး၊ နှိုင်း သိတာ အချစ်ဆိုတာ လုပ်ကြံဖန်တီးလို့မရဘူး၊ နှလုံးသားက သူ့အလိုလို ဖြစ်လာတာ"

"ဟုတ်ပါပြီလေ၊ ကိုယ်ကလည်း နှိုင်းကို ဘာတစ်ခုမှ လုပ်ကြံဖန်တီးမပြောပါဘူး၊ ကိုယ့်ကို နှိုင်း ပြန်ချစ်လာမယ့်အချိန်ကိုပဲ စောင့်နေတာပါ"

"ရှင့်ကို နှိုင်း မချစ်ဘူးလို့ ပြောပြီးပြီပဲ"

"ဟို နှစ်ဦးဆိုတဲ့လူကိုတော့ ချစ်တယ်ပေါ့၊ ဟုတ်လား"

"ဟုတ်တယ်"

"ဟင်"

မေးတုန်းက ဒေါသနှင့် မနာလိုဝန်တိုစိတ်တွေ ပြင်းထန်







စွာလောင်နေတာပဲ သိသည်။ နှိုင်းက အခုလို ခေါင်းညိတ်ဝန်ခံလိုက်တော့ နေထွဋ်သွေး ဘာဆက်ပြောရမှန်းမသိဘဲ ရင်ထဲ မျက်ခနဲ အောင့်သွားသည်။

သူ့လိုလူတစ်ယောက်မှာ ဒီလိုဖြစ်စရာအကြောင်း ရှိလို့လား။ နေထွဋ်သွေး ဆိုတာနှင့် ခေါင်းညိတ်မယ့်သူတွေ တစ်ပုံကြီးထဲက သူ့လိုလူတစ်ယောက်ကို နည်းနည်းမှဂရုမစိုက်၊ လုံးဝစိတ်မဝင်စားဘဲ အမုန်းစကားတွင်တွင်ဆိုနေသူကိုမှ သူ့နှလုံးသားက မြတ်မြတ်နိုးနိုး တမ်းတစွဲလမ်းနေတာ ဘာကြောင့်လဲ။

"မင်း ကိုယ့်ကို အရွဲ့မတိုက်နဲ့နော် နှိုင်း၊ မင်းရွဲ့တာထက် ကိုယ်က ပိုရွဲ့တတ်တယ်"

"ရှင့်ကို ရွဲ့စရာ ဘာအကြောင်းမှမရှိဘူး ဦးနေထွဋ်သွေး"

"ဒါဖြင့် မင်းချစ်သူက နှစ်ဦးလား"

"ဟုတ်တယ်"

"အဲဒီလူကို သိပ်ချစ်တာပဲလား"

"ရှင် သိစရာမလိုပါဘူး"

"ကိုယ်က သိချင်တယ်ဆိုရင်ရော"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်သိချင်တိုင်း နှိုင်းက ဖြေနေရဦးမှာလား"

"ကောင်းပြီ၊ ကိုယ်သိချင်တာကို မင်း မဖြေနိုင်ရင် ဖြေနိုင်တဲ့သူကို သွားမေးပြီး အပြတ်စာရင်းရှင်းကြရုံပဲ"

"ရှင် ကိုနှစ်ဦးကို ဘာလုပ်မလို့လဲ"

နေထွဋ်သွေး စကားကို နှိုင်း လန့်သွားတော့ သူက ရယ်သည်။

"ဘယ်လိုလဲ၊ ကိုယ့်ချစ်သူကို ကိုနှစ်ဦးတဲ့လား၊ သေချာပါတယ်၊ မင်းနဲ့သူ ချစ်သူတွေ လုံးဝမဟုတ်ဘူး၊ မင်းကို ကိုယ် လက်ထပ်မယ်"

"ဟင်"

"ကိုယ်က ကိုယ်လိုချင်တာဆို ရကိုရမှ ကျေနပ်တတ်တဲ့လူမျိုး၊ ကိုယ့်ဇနီးဟာ နှိုင်းကလွဲပြီး တခြား ဘယ်သူမှမဖြစ်ရဘူး၊ အဲဒါ ကိုယ့်သစ္စာပဲ"

"အို"

"နှိုင်းရေ"

"ဟော...မမလှိုင်၊ လာပြီ၊ နှိုင်း သွားတော့မယ်"





"နေဦး...မင်းကို ကားနားအထိ လိုက်ပို့မယ်"

ပါးစပ်က ရိုးရိုးပြောတာမဟုတ်။ နှိုင်းလက်လေး တစ်ဖက်ကို သူ့လက်တစ်ဖက်နှင့် တင်းကျပ်စွာ ဆုပ်ကိုင်လာ၍ နှိုင်း အလန့်တကြား ရုန်းထွက်ပေမယ့် သူက မလွှတ်။

"နှိုင်းလက်ကိုလွှတ်"

"ဟိုမှာ လူတွေဝိုင်းကြည့်နေတာ မြင်လား၊ ဒီထက်ပိုပြီး လူကြည့်မခံချင်ရင် ကိုယ့်နောက်ကို ဣန္ဒြေမပျက်လိုက်ခဲ့၊ ပြောမရရင်တော့ နှိုင်း သဘောပဲ"

ဖွတ်အတင်း ရုန်းဖယ်ရန် ကြိုးစားနေသည့် နှိုင်းမှာ နေထွဋ်သွေး စကားကြောင့် ရှက်လန့်ပြီး မရုန်းသာ၊ မလွန့်သာ ဖြစ်သွားကာ ငြိမ်ကျသွားတာကို နေထွဋ်သွေး သဘောကျစွာ ခပ်သဲ့သဲ့ပြုံးလိုက်သည်။

"လာ...သွားမယ်"

"အို"

စကားတစ်ခွန်း မပြောနိုင်ဘဲ သူဆွဲခေါ်ရာ နှိုင်း တရွတ်တိုက်မတတ် ပါသွားသည်။ ဒီလိုမှန်းသိရင် ဒီနေရာကို နှိုင်း



www.burmeseclassic.com

www.burmeseclassic.com



မလာဝါ။ အခုတော့ မမလှိုင်းနှင့် ညီအစ်မနှစ်ယောက် အလှဲ့ ထိုစွနှင့် အတူလာရင်း နေထွဋ်သွေးနှင့် ဆုံကြခြင်းဖြစ်သည်။

နောက်တော့ မမလှိုင်းမှာ သူငယ်ချင်းရောက်လာ၍ တစ်ယောက် တစ်နေရာစီ ဖြစ်သွားသည်။ အစတုန်းက ဒီအခြေအနေတွေကို တမင်ဖန်တီးထားမှန်းမသိ။ အခုကျမှ မမလှိုင်းပါ ကြံရာပါမှန်း နှိုင်း သိလိုက်သည်။

“ဘယ်လိုလဲ နှိုင်း၊ ကိုနေထွဋ်နဲ့ အဆင်ပြေသွားပြီလား”

လက်ချင်းတွဲထားသော အမြင်ကိုကြည့်ပြီး လှိုင်းက နှိုင်းကို မေးလိုက်တော့ နှိုင်းမျက်နှာလေး မဲ့သွားသည်။

“ဟင့်အင်း...ဘာမှအဆင်မပြေဘူး”

“ဟော့...မညာနဲ့လေ၊ လှိုင်းညီမက ရှက်နေတာကွ၊ ကိုယ်တို့ ချစ်သူတွေဖြစ်သွားပြီ”

“ဟင်...ရှင် မဟုတ်တာ မပြောနဲ့နော်”

“လှိုင်းရေ...ဒီမှာ မင်းဖုန်း မေ့ကျန်ခဲ့လို့ လိုက်ပေးတာ”

“သင့်ခ်ယူး..ဝင်နီ”





နှိုင်း ပြောရမည့်စကားက ထိုနေရာမှာ ရပ်တန့်သွားကာ မဝင်နိုင်နှင့်ပါ စကားတွေပြောနေတာနှင့် နေထွဋ်သွေးကိစ္စ မမလှိုင်းကို ဘာတစ်ခုမှ ထပ်မရှင်းဖြစ်။

အိမ်ပြန်ရောက်မှ အေးအေးဆေးဆေး ရှင်းပြတော့မည်လို့ စိတ်ဆုံးဖြတ်လိုက်ပြီး နေထွဋ်သွေးလက်ထဲက သူမလက်လေးကို ဆောင့်ရုန်းလိုက်တော့ သူက တစ်ချက် ဖျစ်ညှစ်ပြီး ချစ်စနိုးရယ်မော၍ အသာတကြည် လွှတ်ပေးသည်။

“မနက်ဖြန် ကိုယ် လာခဲ့မယ်နော် နှိုင်း”

ပြန်ခါနီး ကားပေါ်အတက်မှာ နှိုင်းနားကပ်၍ ပြောလိုက်သည့်စကားကြောင့် နှိုင်းစိတ်ထဲ အနှောင့်အယှက်ဖြစ်သွားသလို မမလှိုင်းကို ဖျတ်ခနဲ စိတ်မလုံစွာ လှမ်းကြည့်ဖြစ်သွားသည်။

“ရှင်...ရှင် မဟုတ်တာမျိုး လျှောက်မပြောနဲ့နော်”

“နောက်တော့ ဟုတ်သွားမှာပါဗျာ”

“ရှင့်ဘာသာ လာချင်လာ မလာချင်နေ၊ နှိုင်း စိတ်မဝင်စားဘူး”

“ကိုနေထွဋ်...လှိုင်းတို့သွားပြီ”



www.burmeseclassic.com

www.burmeseclassic.com



"အိုကေ"

နေထွဋ်သွေးနှင့် နှုတ်ဆက် လမ်းခွဲလိုက်မှ နှိုင်းရင်ထဲ လွတ်လပ်ပေါ့ပါးသွားသည်။

"သူပြောတဲ့စကားတွေကို ဘာတစ်ခုမှ မယုံနဲ့နော် မမလှိုင်း၊ အလကား၊ လိမ်နေ ညာနေတာ၊ သူနဲ့နှိုင်း ဘာမှမဖြစ်ဘူး"

"နှိုင်းကို ကိုနေထွဋ်က သိပ်ချစ်ရှာပါတယ်ကွယ်"

"မမလှိုင်းက အခုကတည်းက သူ့ဘက်က ပါနေပြီလား"

အစ်မဖြစ်သူစကားကို နှိုင်း မကျေနပ်၍ ရန်တွေ့လိုက်တော့ နှုတ်ခမ်းရှုနေသည့် နှိုင်းကိုကြည့်ပြီး လှိုင်းက ရယ်သည်။

"ဒါ...စိတ်ဆိုးစရာမဟုတ်ဘူး နှိုင်းရဲ့၊ မိန်းကလေးတစ်ယောက်အနေနဲ့ဆို ဝမ်းတောင်သာရဦးမှာ၊ အထူးသဖြင့် ကိုနေထွဋ်လို လူတစ်ယောက်က နှိုင်းကို တကယ့်မေတ္တာစစ်နဲ့ အချစ်ကြီး ချစ်နေတာကိုလေ"

အချစ်ကြီး၍ အချက်ကြီးတတ်ကြောင်း ထိုစဉ်က မမလှိုင်း





ကိုယ်တိုင် စဉ်းစားမိပုံမရသလို နေထွဋ်သွေးကြောင့် စိတ်ရှုပ်ထွေးနေသည့် နှိုင်းကိုယ်တိုင်ကလည်း ထိုအချိန်က ဘာဆိုဘာမှ မစဉ်းစားခဲ့မိပါ။

ထို့ကြောင့်လည်း နှိုင်းနှင့် နေထွဋ်သွေးကြားမှာ ထင်မှတ်မထားသည့် ပြောင်းလဲမှုတွေ ဖြစ်လာခဲ့ရပြီး နှိုင်း နှလုံးသားကို တစ်စစီ တစ်မှုန်စီဖြစ်အောင် နာကျင်ခံစားဖို့ ဖြစ်လာခဲ့ရခြင်းအဖြစ်ကိုက မည်သူမျှမရိပ်မိ။

နေထွဋ်သွေး အချစ်ကိုသာ တစ်ချိန်လုံး အထင်ကြီးအားကျခဲ့သည့် မမလှိုင်းကိုယ်တိုင် နောင်ဖြစ်လာမည့် ကံကြမ္မာကို ကြိုမမြင်နိုင်ခဲ့သဖြင့် အပျော်ကြီး ပျော်နေခဲ့ပုံက နှိုင်းအာရုံထဲ ဖျတ်ခနဲ ရောက်လာပြီး ပျောက်သွား၏။

ˀ ˀ ˀ



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

"နှိုင်း"

"ဟင်…ရှင်…ရှင်..ဘယ်လိုလုပ်ပြီး၊ နှိုင်းအခန်းထဲ ရောက်နေတာလဲ၊ အခု ထွက်သွားပါ"

နှိုင်းအိပ်ခန်းထဲ ရောက်လာသည့် နေထွဋ်သွေးကြောင့် နှိုင်း ထိတ်လန့်အံ့သြစိတ်ဖြင့် ချောက်ချားတုန်လှုပ်နေသော်လည်း နေထွဋ်သွေးပုံစံက နှိုင်းနှင့် ဆန့်ကျင်ဘက် သက်သောင့်သက်သာ ဖြစ်နေတာကို နှိုင်း မယုံနိုင်။

"စိတ်ကို အေးအေးထားလေ နှိုင်း"



www.burmeseclassic.com

www.burmeseclassic.com



"အိုး...ရှင် နှင်းအခန်းထဲ ရောက်နေတာကိုပဲ နှင်းက စိတ်အေးနေရဦးမှာလား"

"ရှူး...ဘာလို့ ဒီလောက် ဒေါသဖြစ်နေရတာလဲ၊ နှင်း အော်လို့ အောက်ထပ်ကလူတွေ တက်လာရင် ကိုယ့်အဆိုးမဆိုးနဲ့ နော်"

သူပြောတာမှန်နေ၍ နှင်းမျက်နှာလေး ကွက်ခနဲပျက် သွားတော့ သူက နှင်းမျက်နှာလေးကို စိုက်ကြည့်ပြီး ခပ်သဲ့သဲ့ ရယ်သည်။ ရေချိုးပြီးစအသွင်နှင့် နှင်းပုံစံလေးက ဝင်းဝင်းစက်စက် လှချင်တိုင်း လှနေသလို နေထွင့်သွေးကိုယ်တိုင်လည်း အဖြူရောင် ဘောင်းဘီရှည်၊ အဖြူရောင်အင်္ကျီဖြင့် မင်းသားတစ်ပါးလို လင်း လက် ချောမွေ့နေသည်။

အထူးခြားဆုံးက နှင်းကို ငေးကြည့်နေသည့် ရွှန်းလက် တောက်ပသည့် သူ့အကြည့်များဖြစ်၍ သူ့အကြည့်တွေကို ကြာ ရှည်ရင်မဆိုင်ရဲသလို မျက်လွှာချ အကြည့်လွှဲလိုက်သူက နှင်း။

"ရှင် ဘယ်အချိန်ထဲက နှင်းအခန်းထဲ ရောက်နေတာ လဲ"





"မနက်ဖြန် ကိုယ်လာမယ်လို့ နှင်းကို ပြောခဲ့သားပဲ"

"အဲဒါနဲ့ ဘာဆိုင်လဲရှင့်၊ သူများအိမ်လာတာ ကောင်း ကောင်းမွန်မွန် လာပါလား၊ ဘာကိစ္စ နှင်းအခန်းထဲ ဝင်လာရ တာလဲ"

"ချစ်လို့"

"ရှင်နော်...နှင်းကို ဘာမှတ်နေလဲ၊ ပြောမရရင် အော် လိုက်မှာနော်"

"အော်လေ၊ အဲဒါမှ ကိုယ် ဒီမှာရှိမှန်း အိမ်ကသိသွား မှာ"

"အို"

"နှင်းရယ်"

"ရှင်...ဒါဘာလုပ်တာလဲ"

"လွှတ်"

"ဟင့်အင်း...ချစ်တယ်"

တင်းကျပ်စွာ နှောင်ဖွဲ့လာသူ ရင်ခွင်ထဲ နှင်းကစ်ကိုယ် လေး အသက်ရှူမဝအောင် မွန်းကျပ်သွားသည်။ နှင်းမှာ ဒေါသ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေသော်လည်း အသံကျယ်ကျယ် မအော်ရဲသဖြင့် နေထွဋ်ရွှေ ... ရင်ခွင်ထဲ ကျိတ်ရှုန်းရင်း အသံတိတ် အချစ်စစ်ပွဲကို ဆင်နွှဲ ... သည်။

နေထွဋ်သွေးကလည်း နှိုင်း အားနည်းချက်ကိုသိသ ... သူလိုချင်သည့် အခွင့်အရေးကို အသံတိတ်နည်းဖြင့် အထပ် ... ရယူသိမ်းပိုက်လျှက်ရှိရာ နှိုင်းမှာ သူ့ရင်ခွင်ထဲမှာ သူပြုသမျှ ... ရင်း နေနေရသူဖြစ်နေ၏။

"သိပ်ချစ်တယ် နှိုင်းရယ်၊ ကိုယ့်ကို ပြန်ချစ်သင့်ပြီ ... တယ်၊ ချစ်တယ်လို့ ပြောပါလားကွာ"

"အို...ရှင့်အသံကျယ်ကြီးကို တခြားသူတွေ ကြား ... ပါ့မယ်"

"မကြားစေချင်ရင် ကိုယ့်ကို ချစ်တယ်လို့ပြော"

"ရှင် လူလည်လုပ်လို့ကို မချစ်ဘူး"

"ဒါဖြင့် ချစ်တတ်သွားအောင် သင်ပေးမယ်"

"အို...ဟာ"

စကားသံလေးတွေ အချိန်အကြာကြီး ပျောက်ဆုံး ... သည်။ ထုရိုက်ပေမယ့် အကြောင်းမထူး။ အချစ်လူဆိုးလက်ထဲ ... နှိုင်းရင်ခုန်သံတွေ နွေးထွေးမြန်ဆန်လာကာ သူ့မျက်နှာချော ချောကို မကြည့်ရဲအောင်ရှက်နေမိသည်။

"နှိုင်း"

"သွား...ရှင့်ကိုမုန်းတယ် သိလား"

"အဟွန်း...ဟွန်း...ဟွန်း..အခုချိန်ထိ မုန်းစကားဆို ... တုန်းဆိုတော့ ကိုယ် ညံ့လို့ပဲဖြစ်မယ်ထင်တယ်"

"ရှင်နော်...နှိုင်း ငိုလိုက်တော့မယ်"

"ငိုလေ...နှိုင်းငို ရင် ကိုယ်ချော့မှာပေါ့"

နှိုင်း ဘာပြောပြော သူ့ကိုတော့ နိုင်အောင်မပြောနိုင်။

"နှိုင်းရေ"

"ဟော...မမလှိုင်းအသံပဲ၊ နှိုင်းကို လွှတ်စမ်းပါ"

"ချစ်တယ်ပြောမှ"

"ရှင် မညစ်နဲ့နော်"

"ညစ်တာမဟုတ်ဘူးကွ၊ ချစ်တာ၊ ဟောဒီကောင်မလေး ... ကို မချစ်ရ မနေနိုင်ဖြစ်နေတာ၊ ကဲ...ပြော၊ ကိုယ့်ကိုချစ်တယ်



www.burmeseclassic.com

www.burmeseclassic.com



လို့''

''ပြောပြီးရင် ရှင် ပြန်ရမှာနော်''

''မိုးချုပ်နေပြီကွ''

နေထွဋ်သွေး စကားကြောင့် နှိုင်းမျက်လုံးလေး ဝိုင်း ပြီး သူ့မျက်နှာချောချောကို အလန့်တကြား မော့ကြည့်သည် နူးညံ့ရွှန်းလဲ့စွာ စူးစိုက်ကြည့်နေသည့် နေထွဋ်သွေး အကြည့် နှင့်ဆုံတော့ နှိုင်းမျက်နှာလေး ဖြန်းခနဲ ပူနွေးသွားကာ နှင်းဆီ ပြောင်းသွား၏။

''ရှင် သိပ်လွန်နေပြီနော် ဦးနေထွဋ်၊ နှိုင်း အခန်း ဝင်လာပြီး''

''နှိုင်းအချစ်ကို တောင်းခံတာ ကိုယ့်အလွန်ဆိုရင် အပြ တင်တော့၊ ကိုယ်ကတော့ နှလုံးသားအလိုကို လိုက်မိပြီ''

''ဟွန်း…ရှင်ပဲ အပြောကောင်း''

''အမှန်ပြောနေတာဗျ၊ အခု ကိုယ်ဖြစ်နေတာကို ကြ ဦး၊ နေကမ္ဘာကုမ္ပဏီပိုင်ရှင် နေထွဋ်သွေးနဲ့ တူသေးရဲ့လား၊ နှိုင်း အချစ်ကိုမှမရရင် သေမလောက်ဖြစ်နေတာကြည့်ပြီး ကိုယ့်ကိုယ်





တောင် သနားတယ်၊ တကယ်ပြောတာ''

ထိုစကားကိုတော့ နေထွဋ်သွေး အမှန်အတိုင်းပြောခြင်း ပါ။ နှိုင်းကိုချစ်မိ၍ အခုလို မဖြစ်သင့်တာတွေရော၊ ဖြစ်သင့်တာ တွေပါ စိတ်ထင်ရာ လျှောက်လုပ်မိတာ သူ့ကိုယ်သူပင် မယုံချင်။

လှိုင်းက နေထွဋ်သွေးနှင့် ညီမဖြစ်သူ နှိုင်းကို သဘော တူ၍သာ နှိုင်းအခန်းထဲအရောက် သူ့ကို ကူညီပို့ပေးထားခြင်း ပါ။ တကယ်ချစ်မိတော့ မရှက်နိုင်တော့။ စိတ်အလိုကို လိုက်မိ သည်။ ဒီလိုဖြစ်အောင် နေထွဋ်သွေးစိတ်ကို လာဆွသူက နှိုင်း ကိုယ်တိုင်ဆိုတာ နှိုင်းက မသိ။

''မင်းသိပ်ဆိုးတယ် နှိုင်းရယ်''

''ရှင်ကမှ လူဆိုး သိလား၊ သူများသားသမီးကို''

''ချစ်လို့ နမ်းရုံ နမ်းတာပါကွ''

''တော်ပြီ…တော်ပြီ၊ ရှင်ပြန်တော့''

''ကိုယ့်ကို ချစ်ပြီပေါ့''

နေထွဋ်သွေး မေးပေမယ့် နှိုင်းက မဖြေ၍ ချစ်အသည်း ယားလာသူက နှိုင်းကိုယ်လေးကို သူ့ရင်ခွင်ထဲ ဖျတ်ခနဲ ကြုံးဖွေ



www.burmeseclassic.com

www.burmeseclassic.com



ဆွဲငွေ့သည်။

“ချစ်သလား ပြော”

“အင်း”

“ပါးစပ်က ဖြေ”

“ချစ်တယ်…ချစ်တယ်၊ ကဲ…လွှတ်”

“မလွှတ်ဘူး၊ အခုမှ ချစ်သူဖြစ်ရတာဆိုတော့ ချစ်သူ အထိမ်းအမှတ်ပွဲလေး ကျင်းပရဦးမယ်”

“လာခဲ့”

“အို…အို”

နှိုင်းက သူ့ကိုယ်ကြီးကို တွန်းဖယ်ရုန်းကန်ပေမယ့် မရ။ နှိုင်းအကြံကို သိထားသည့် နေထွင်ရွှေးက နှိုင်းကိုယ်လေးကို ဆွဲယူပြီး သူ့ရင်ခွင်ထဲ နစ်နေအောင် ရင်ချင်းအပ်လိုက်၍ နှစ်ယောက်သား အိပ်ရာထဲ လုံးထွေးလဲပြိုသွားပြီးနောက်မှာ ချစ်အနမ်းတွေ အတားအဆီးမဲ့ ပြိုဆင်းလာ၏။

အသက်ရှူမှားမတတ် ချစ်အနမ်းတွေအောက်မှာ ဘာစကားမှ ဆိုခွင့်မရဘဲ မျက်ဝန်းအစုံကို အလန့်တကြား မှေးမိုတ်





လိုက်ရသူက နှိုင်း။

“သိပ်ချစ်တယ် နှိုင်းရယ်”

“ချစ်တယ်”

“အို…တော်ပြီဆို…ရှင်နော်”

“မောင်လို့ခေါ်”

“ဟင့်အင်း”

“ပြောမရတဲ့ နှုတ်ခမ်းလေးကို ဒဏ်ခတ်မယ်”

“မောင်”

“ဟေး…ဒါမှ မောင့်ချစ်သူ”

အနမ်းတွေက နှိုင်းမျက်နှာလှလှအနှံ့ နွေးထွေးစွာ ပျံ့လွင့်လျက်။ အချစ်ကို ချစ်ရမှာကြောက်နေသော နှိုင်းကို အချစ်ဖြင့် ဖြုစားလိုက်ပြီးနောက်မှာ မောင်ဆိုသည့် လူတစ်ယောက်ကို အသည်းနင့်အောင် ချစ်ခဲ့သူဖြစ်လာခဲ့သည်။

“ချစ်တယ်နော် နှိုင်း”

“အင်း…ချစ်တယ်”

“နှိုင်းရယ်…အမြန်ဆုံးလက်ထပ်မှာနော်၊ လုံးဝမငြင်းနဲ့”



www.burmeseclassic.com

www.burmeseclassic.com



နေထွင့်သွေး ဆန္ဒကို နှိုင်း ငြင်းခွင့်မရပါ။ သည်းသည်းလှုပ်ချစ်ခြင်း မြတ်နိုးခြင်းတွေနှင့် နှိုင်းကို မျက်စိအောက်ကအပျောက်မခံနိုင်အောင် ချစ်ခဲ့သူကြောင့် နှိုင်း လက်ထပ်ဖို့ သဘောတူခဲ့ရသည်။

နှိုင်းဘဝမှာ အပျော်ဆုံးအချိန်များစွာထဲက တစ်ခုအဖြစ် နှိုင်းဘဝမှာ မောင်နှင့် မောင့်အချစ်က အင်အားကြီးမားစွာ စိုးမိုးနေရာယူခဲ့သည်။

နှိုင်းကို မောင် သိပ်ချစ်သလို နှိုင်းလည်း မောင့်ကိုချစ်ခဲ့သည်။ မောင့်ထက် မလျော့သော ချစ်ခြင်းတွေနှင့် မောင့်အလိုဆန္ဒအားလုံး လိုက်လျောဖြည့်ဆည်းပေးခဲ့တာ မောင့်ကိုချစ်၍ပါ။ ဒါပေမဲ့ မောင့်အမြင်မှာ နှိုင်းက ဘယ်လိုဖြစ်လာသည်မသိ။ မောင်ထနှိုင်းကို ချုပ်ချယ်ကန့်သတ်မှုတွေ အများကြီးနှင့် နှိုင်းဘဝကိုမောင့်စိတ်ကြိုက် ဘောင်ခတ်ခဲ့တုန်းက နှိုင်း အပြုံးမပျက်။

မောင် သိပ်ချစ်မှန်းသိ၍ မောင့်အဖြစ်သည်းမှုအပေါ်မှာကြည်နူးသာယာစိတ်ဖြင့် ကျေနပ်စွာ ပြုံးနေနိုင်ခဲ့ပေမယ့် နေရာတကာ သိပ်တင်းတင်းကျပ်ကျပ် ချုပ်ချယ်မှုပြုလာတော့ နှိုင်း





စိတ်ထဲ ကျဉ်းကျပ်လာ၏။

လွတ်လပ်မှုတွေ ဆုံးရှုံးလာ၏။ နေထွင့်သွေးက နှိုင်းကိုဘယ်ယောကျ်ားနှင့်မှ စကားပြောတာမကြိုက်။ အားမနာတမ်းနှိုင်းကို ထိုလူတွေရှေ့က ခေါ်ထုတ်လာတာကလည်း တစ်ကြိမ်မကတော့။ နှိုင်းကို ချစ်သလို သဝန်တိုတာသိပေမယ့် အခြေအနေက တစ်နေ့တခြား ပိုဆိုးလာတော့ နှိုင်းကိုယ်တိုင်လည်း နေထွင့်သွေး အပြုအမူကြောင့် အနှောင့်အယှက်ဖြစ်လာ၏။

"ဘယ်လိုလဲ မောင်ရယ်၊ မောင် အခုလုပ်နေပုံကတစ်ဖက်သားကို ဘယ်လောက်အားနာစရာကောင်းလဲ"

"အားလုံးက နှိုင်းကို မောင့်ဇနီးအဖြစ် သိထားပြီးသားပါ၊ ဘာဖြစ်လို့ နှိုင်းအပေါ် ဒီလောက်သဝန်တိုနေရတာလဲ"

"သဝန်တိုတယ်၊ မနာလိုတယ်ဆိုကတည်းက နှိုင်းကိုချစ်လို့၊ သိပ်ချစ်လို့ဆိုတာ ရှင်းနေတာပဲ၊ မောင့်ကို ပြန်မေးနေစရာတောင် မလိုဘူး"

နှိုင်းမျက်နှာမှာ စိတ်ရှုပ်ထွေးသွားရသလောက် နေထွင့်သွေးပုံစံက ဘာတစ်ခုမှ အမှားကျူးလွန်ထားခြင်းမရှိ။ အေးအေး



www.burmeseclassic.com

www.burmeseclassic.com



ငြိမ်သက်နေတာကိုပဲ နှိုင်းရင်မှာ ဘယ်လိုခံစားချက်မှန်းမသိ ဖြစ်လာ၏။

"မဟုတ်သေးပါဘူး မောင်ရယ်၊ မောင်ချစ်တာ နှိုင်းသိပေမယ့် မောင် အခုလုပ်နေတာတွေက နှိုင်းကို အနေရခက်စေတာ မောင် သိလား"

"ဘာလဲ…နှိုင်းက မောင့်ထက် တခြား သူစိမ်းစိတ်ဆိုးမှာကို ကြောက်နေတာလား"

"မဟုတ်တာတွေ မပြောနဲ့ မောင်၊ နှိုင်းပြောနေတာ မောင်သိပါတယ်၊ လူမှုရေးဆိုတာ…"

"ဘာဖြစ်လဲ၊ မောင့်လူမှုရေးထဲမှာ မောင့်မိန်းမကို စိတ်ထဲကရော အပြင်မှာပါ ပြစ်မှားနေတဲ့ လူတွေရှေ့မှာ ဖြစ်ချင်ရာဖြစ်၊ ကြည့်ချင်သလောက်ကြည့်၊ ပစ်မှားချင်သလောက် ပစ်မှားဆိုပြီး ထားရမှာလား၊ ဒါမျိုး ဘယ်တော့မှမရဘူး၊ မောင့်မိန်းမကို မောင့်မျက်စိရှေ့မှာ ဘာအချိုးမှ လာမချိုးနဲ့၊ တရားဥပဒေဆိုတာကြီး ရှိနေလို့၊ နှိုင်းအတွက်ဆို မောင် လူသတ်ရဲတာ နှိုင်း ယုံလား"

"မောင်ရယ်"





နှိုင်း ဘာပြောရမှန်းမသိ။

တင်းကျပ်စွာ ထွေးပွေ့လာသည့် မောင့်ရင်ခွင်ထဲမှာ ပါးအပ်ရင်း သူမရင်ထဲက ခံစားချက်တွေကို သက်ပြင်းချ မျိုသိပ်လိုက်ရ၏။

ဍ ၊ ဍ ၊ ဍ



www.burmeseclassic.com

www.burmeseclassic.com

အခန်း (၁၀)

"နှင်းရေ"

"လာပြီ မောင်"

အိမ်ရှေ့မှ နေထွင့်သွေး ခေါ်သံကြောင့် ရေချိုးအလှပြင်နေရာမှ မှန်ထဲ တစ်ချက်ကြည့်ပြီး အိပ်ခန်းထဲက ခင်ပွန်းသည်ရှိရာ အပြေးထွက်အလာ ညှော်ခန်းမှာ လှမ်းမြင်လိုက်ရသည့်မြင်ကွင်းကြောင့် နှင်း ခြေလှမ်းများ တုံ့ခနဲရပ်သွားသည်။

နေထွင့်သွေးနှင့် ညှော်ခန်းမှာ ရယ်ရယ်မောမော စကားဆိုနေသည့် မိန်းမလှလေးတစ်ယောက်ကြောင့် နှင်းရင်ထဲ ပူခနဲ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သွားကာ မိန်းမလှလေးနှင့်အတူ ရယ်မောနေသည့် မောင့်ကို လည်း စိတ်ထဲ မကျေမနပ်ဖြစ်ကာ မျက်ခုံးလေးတွန့်သွားမိသည်။

"ဟေး…နှိုင်း လာလေ၊ ဒီမှာ မောင့်သူငယ်ချင်း ဒေ နဲ့ မိတ်ဆက်ပေးမလို့"

"ဟုတ်ကဲ့၊ လာပါပြီ မောင်"

မောင်က နှိုင်းရှိရာ လှမ်းအကြည့် အကြည့်ချင်းဆုံသွား၍ ပြုံးပြုံးရယ်ရယ် လှမ်းခေါ်ရာက လူကိုယ်တိုင် နှိုင်းရှိရာ လျှောက်လာပြီး နှိုင်းပခုံးလေးကို ကြင်ကြင်နာနာ တွဲခေါ်ပြီး ဒေ ဆိုသူနှင့် မိတ်ဆက်ပေးသည်။

"ဒီမှာလေ…ကိုယ့်ဇနီး နှိုင်းတဲ့၊ မလှဘူးလား"

"အို…မောင်ကလည်း"

"မရှက်နဲ့ နှိုင်းရေ၊ နေထွဋ်က သူ့မိန်းမ ဘယ်လောက် ချော ဘယ်လောက်လှတယ်ဆိုတာ လူတိုင်းကို ကြွားနေကျ နေထွဋ်ကြွားရအောင်လည်း နှိုင်းက တကယ့်ကိုလှပါတယ်ကွယ်"

"သင့်ခ်ယူး…မဒေဝီ"

"ဒေဝီပဲ ခေါ်ပါကွယ်"





"ဒေဝီလည်း လှပါတယ်"

"ကဲ…နေထွဋ်၊ နှိုင်းပြောတာ ကြားတယ်နော်၊ ဒေဝီ လည်း လှတယ်တဲ့၊ ဒီလောက်လှတာတောင် ပစ်သွားတဲ့သူက ပစ်သွားသေးတာ နှိုင်းရေ၊ ယောကျ်ားတွေစိတ်က မြစ်လိုပဲ ကောက် ကွေ့တယ်၊ ခန့်မှန်းရခက်တယ်တဲ့၊ ဟင်း…ဟင်း"

ဒေဝီက နေထွဋ်သွေးကို အဓိပ္ပာယ်ပါပါ လှမ်းကြည့်ပြီး ချစ်စရာကောင်းအောင် ရယ်လိုက်၍ နှိုင်းနှင့်နေထွဋ်သွေးလည်း ဒေဝီနှင့်အတူ ရယ်မိကြသည်။

"ဒီလိုပဲပေါ့ ဒေဝီရယ်၊ တစ်ယောက်မကောင်းတော့ တစ်ယောက်ပြောင်းပေါ့၊ ဒေဝီလို မိန်းမလှလေးကို ချစ်မယ့်သူ တွေ ဝိုင်းဝိုင်းလည်နေတာ ကိုယ် ကြားပြီးသားပါဗျာ"

"ယောကျ်ားတိုင်းကို ပြန်ချစ်နိုင်မယ်ဆိုရင် ဒေဝီအတွက် အကောင်းသားပဲ နေထွဋ်၊ ခက်နေတာက ဒေဝီ့နှလုံးသား၊ ယောကျ်ား တစ်ယောက်အတွက် မိန်းမတစ်ယောက် အချစ်ဖြစ်နိုင်ပေမယ့် မိန်းမတစ်ယောက်အတွက် ယောကျ်ားတစ်ယောက်က အချစ်မဖြစ် နိုင်ဘူး၊ အဲဒါ သေချာတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒေဝီတောင် ချစ်စကားတွေ အများကြီးတတ်နေပါ လား"

"ဒီလိုပဲလေ၊ သင်ပေးသွားတဲ့သူက သင်ပေးတော့ ဒေဝီ လည်း တတ်လာရတာပဲ၊ ကဲ…ဒေဝီပြန်မယ်၊ နေထွဋ်က မိန်း ကို သိပ်ချစ်တဲ့အကြောင်း သတင်းကြီးလွန်းလို့ နေထွဋ်မိန်းမကို တမင်လိုက်ကြည့်တာ၊ ပြောတဲ့အတိုင်းလည်း လှပါတယ်၊ သွားပြီ နော် နှိုင်း"

"ဟုတ်ကဲ့"

"ဒေဝီ့မင်္ဂလာဆောင်ကျမှ နေထွဋ်တို့လင်မယားကို ဖိတ်လိုက်မယ်"

"အိုကေ"

ဒေဝီ နှုတ်ဆက်ပြီး ပြန်သွားချိန်ထိ ဒေဝီ့စကားတွေက နှိုင်း နားမလည်။ ညိုရှုံ့စိုသော အသားအရေ၊ အရပ်မြင့်မြင့် သွယ်သွယ်လျလျနှင့် ဒေဝီက ခေတ်မီသော အပြင်အဆင်များ ကြောင့် ကြည့်၍လှပေမယ့် နှိုင်းလို ဘာတစ်ခုမှ မပြင်မဆင်ဘဲ လှပသော အလှပိုင်ရှင်မျိုးတော့ မဟုတ်ပါ။

"ဒေဝီ့ပုံစံက တစ်မျိုးပဲနော် မောင်"

"ဘာဖြစ်လို့လဲ မိန်းမရဲ့"

"သူ့ကိုကြည့်ရတာ အသည်းကွဲနေသလိုပဲ"

"အသည်းကွဲနေတယ် ဟုတ်လား"

"အင်း"

နေထွဋ်သွေးက နှိုင်းပြောသည့်စကားကို သံယောင် လိုက်ရွတ်ဆိုရင်း မျက်နှာတစ်ချက် တည်သွားသည်။

"မောင် ဒေဝီ့မျက်နှာကို သေချာမကြည့်လိုက်လို့ပါ၊ သူ့မျက်နှာမှာ ဝမ်းနည်းကြေကွဲမှုတွေ ထင်နေသားပဲ"

"ဟား…မောင့်မိန်းမက ဒီလိုဆိုတော့လည်း ဗေဒင် ဆရာမကြီး ဖြစ်သွားပါလား"

"နှိုင်းပြောတာ မှန် မမှန် မောင်ပဲဖြေလေ၊ ဒေဝီ သူ့ ညည်းစားနဲ့ကွဲပြီး အသည်းကွဲနေတာ ဟုတ် မဟုတ်"

"မောင့်မိန်းမပြောတာ ဟုတ်ပါသတဲ့ဗျာ၊ ကဲ…ကျေနပ် ပြီလား"

"အင်း…ခစ်…ခစ်"

www.burmeseclassic.com



နှင်းက ခေါင်းလေးငုံ့အဖြေမှာ နေထွဋ်သွေးက နှင်း...

လေးကို ငုံ့နမ်းလိုက်သဖြင့် မောင့်နှုတ်ခမ်းမွေးကြောင့် ယားကျိ...

ဖြစ်သွားကာ နှင်း ရယ်လိုက်ခြင်းဖြစ်သည်။

"ဒီနှုတ်ခမ်းမွေးတွေကို ရိတ်ပါဆို အခုထိ မရိတ်...

သွား…အဲဒါတွေမရိတ်ရင် နှင်းအနားကို မလာနဲ့"

"မရဘူး၊ ပြောတာ နောက်ကျသွားပြီ"

"ဟေး…မောင်"

"အို…မလုပ်နဲ့ဆို၊ ယားတယ်ဆို…မောင်နော်"

နှင်းက အသည်းအသန်ရုန်းလေ နေထွဋ်သွေးက နှင်း...

အသည်းယားပြီး ပိုတိုးဖက်သလို နှင်းမျက်နှာလေးကိုအနှံ့...

အနမ်းတွေ တသီကြီးပေးနေမိတာ နှင်းကို တမင် စနောက်...

တာလည်း ပါပါသည်။ နှင်းက သူ့ဘဝ၊ သူ့အနာဂတ်...

တွေကို ရှင်သန်မွေးဖွားစေသူ။ နှင်းကြောင့်ပဲ အချစ်စစ်ကို ရှာ...

တွေ့ရှိခွင့်ရခဲ့သည်။ ထိုအတွက် နှင်းကို ကျေးဇူးတင်သည်။

ဒေဝီက ယောကျ်ားတစ်ယောက်အတွက် မိန်း...

တစ်ယောက်က အချစ်ဖြစ်နိုင်သည်လို့ ပြောဆိုသွားသည်။ ...





...ဆန္ဒအရ ဒေဝီ ပြောသည့်စကားက မှန်ကောင်းမှန်နိုင်ပေမယ့်

...သုံးသားခံစားချက်အရဆိုရင်တော့ ဒေဝီ ပြောဆိုစွပ်စွဲသွားသလို

...ယောကျ်ားတစ်ယောက်အတွက် မိန်းမတစ်ယောက်က အချစ်မဖြစ်

...တာ နေထွဋ်သွေး ကိုယ်တွေ့ဖြစ်သည်။

နှင်းကို သူချစ်သည့်အချစ်မျိုး တခြား ဘယ်မိန်းမကိုမှ

...ချစ်နိုင်။ ဒါကို သူပဲသိသည်။

"သိပ်ချစ်တယ် နှင်းရယ်"

"တစ်သက်လုံးစာအတွက်လား မောင်"

"ဒါပေါ့ဗျာ၊ မောင့်ချစ်ဇနီးလေးမှာ သားသားတွေ၊

...မီးတွေ အများကြီးရတဲ့အထိ မောင်က ဟောဒီက အချစ်လေး

...ကို အခုလိုပဲ အမြဲချစ်နေမှာ"

"အခုတော့ပြောတာပဲ၊ နောက်မှ…"

"အခုရော နောက်ရော ဒီအတိုင်းပဲ အမြဲချစ်မယ့်သူပါ

...ဗျာ"

"မယုံပါဘူး"

"ကဲ…ဒါဖြင့် မယုံတတ်တဲ့ ကောင်မလေး ယုံသွား...



www.burmeseclassic.com

www.burmeseclassic.com



အောင်''

''မောင်နော်''

''မရဘူး…လာခဲ့''

''အို''

နွေးထွေးသိပ်သည်းသော မောင့်ရင်ခွင်ထဲမှာ လှိုင်း… နေသည့် ချစ်အနမ်းတွေက လှပသော ကမ္ဘာသစ်သို့ ညှို… ပြင်းစွာ ခေါ်ယူသွားသည့်အတွက် ဒေဝီအကြောင်း နှင်း မေ့… သည်။

''မောင့်အတွက် သားလေးတစ်ယောက်လောက် … ဆောင်ပေးနော် မာမီကြီး''

''တစ်ယောက်ပဲနော်''

''မရဘူး၊ သားတစ်ယောက် သမီးတစ်ယောက်၊ တ… တည်းသောသားဆိုရင် မောင့်လို လူဆိုးလေးဖြစ်လာမှာစိုးလို့''

''အံမယ်…ကိုယ့်အလှည့်ကျတော့ သိတတ်နေလို့… တာ၊ တော်ပြီ…သမီးလေးတစ်ယောက်ပဲ ရမယ်''

''မရဘူးကွာ…နှစ်ယောက်''





''တစ်ယောက်ပဲ''

''နှစ်ယောက်''

''ကဲ…၊ပြောမရလည်း တစ်ခါတည်း အမြွှာနှစ်ယောက် …သာ မွေးလိုက်တော့''

နေထွင့်သွေးထံမှာ စိတ်မရှည်စွာဆိုလိုက်သည့် စကား …သံကြောင့် နှင်း မရယ်ဘဲ မနေနိုင်အောင် တခစ်ခစ်ရယ်တော့ …မောင်က နှင်းပါးလေးတွေကို ဖွတ်အတင်း လိုက်နမ်းသည်။

''မောင်သိပ်ချစ်မှန်းသိလို့ သိပ်ဆိုးတဲ့ ကောင်မလေး''

''မောင်လည်း ဆိုးတာပဲ၊ မချစ်ပါဘူးဆိုတာကို''

''အခု ချစ်သွားပြီမဟုတ်လား''

''အင်း''

''အဟွန်း…ဟွန်း…ဟွန်း''

''အဲဒါကြောင့် ရှေးလူကြီးတွေက ပြောတာ''

''ဘာလဲဟင်''

''စကားကို အကုန်မပြောရဘူးဆိုတာလေ''

''သွားပါ၊ အဲဒါ မောင့်ကြောင့်၊ မောင် မကောင်းလို့



www.burmeseclassic.com

www.burmeseclassic.com



အခုလိုဖြစ်တာ''

"ဘယ့်နှယ်...မောင် မကောင်းရမှာလဲ၊ မောင်ကောင်းလို့ အချစ်စစ်ဆိုတာကို မောင့်အချစ် သိခွင့်ရတာမဟုတ်လား"

"ဟုတ်ပါသတဲ့ ကျေးဇူးရှင်ကြီးရယ်၊ ကဲ...ကျေနပ်ပြီလား"

"ဟင့်အင်း...မကျေနပ်သေးဘူး၊ မောင့်ကိုချစ်တယ်ပြောမှ"

"မောင်နော်"

"ဟော့...ပြောလေ"

"ဒီအချိန့်ရောက်မှ ပြောနေရဦးမှာလားလို့"

"တစ်သက်လုံးကို ပြောနေရမှာ"

"ကိုပို"

"ချစ်တယ်...ချစ်တယ်၊ ဟောဒီက မောင့်ကို သိပ်ချစ်တယ်"

"မောင်လည်း နှိုင်းကို သိပ်ချစ်တယ်"

အားငြိမ်းသော အချစ်ရင်ခွင်ရိပ်ထဲ အတူနားခိုမိတော့





တစ်လောကလုံးကို မေ့သွားသည်။ တစ်ယောက်ကိုတစ်ယောက် အပြစ်မမြင်ဘဲ အချစ်တွေချည်း မြင်နေတော့ အားလုံးက ပျော်စရာဖြစ်နေ၏။

စိတ်ညစ်စရာ အကြောင်းအရာတွေကိုလည်း အချစ်က ဖုံးနေတော့ အပြစ်ဆိုစရာ ဘာမှမမြင်။ ချစ်ပြီးရင်း ချစ်နေရတာကိုက ပျော်စရာဖြစ်နေပေမယ် နှိုင်းတို့ဘဝ တစ်ဆစ်ချိုးထဲကို ထင်မှတ်မထားသူက ဝင်လာတော့ ပျော်နေရသည့် နှိုင်းဘဝလေး ရုတ်တရက် ပျောက်ဆုံးသွားသလို ဖြစ်သွား၏။ ထိုသူက တခြားမဟုတ်။ ဗိုလ်ကြီးနှစ်ဦး ကိုယ်တိုင်ဖြစ်သည်။

"နှိုင်း"

"ကိုနှစ်ဦး...ဟုတ်ပါတယ်နော်"

နှိုင်း နှစ်ဦးမျက်နှာကို တအံ့တသြကြည့်ရင်း ဆိုလိုက်တော့ သူက ခင်မင်စွာ ရယ်ပါသည်။

"ဟုတ်ပါတယ်ဗျာ၊ နှစ်ဦးအစစ်ပါ၊ ဘာလဲ...ကျွန်တော်က နှိုင်း မမှတ်မိအောင် ပြောင်းလဲသွားလို့လား"

"ဟုတ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လို…အရင်က နှစ်ဦးနဲ့ အခု နှစ်ဦး အတူတူ ပါပဲ နှင်းရဲ့"

ပြုံးနေသည့် နှစ်ဦးမျက်နှာကို နှင်းကြည့်ပြီး ခေါင်းလေး ခါလိုက်သည်။ ဗိုလ်ကြီးနှစ်ဦးက အရင်က နှင်းသိသော နှစ်ဦး ပုံစံ မဟုတ်တော့။ အသားတွေဖြူပြီး လှပိုချောလာသည်။ အသုံး အဆောင် ပစ္စည်းတွေကအစ၊ အဝတ်အစားအဆုံး အားလုံးပြောင်း လဲသွား၍ သူ့စီးပွားရေး အဆင်ပြေနေကြောင်း ထုတ်ပြောရန်ပင် မလိုအောင် အခြေအနေက ဟိုတုန်းကနှင့် တခြားစီဖြစ်သွားသည်။

"ကိုနှစ်ဦး…အခု ဘယ်မှာတာဝန်ကျလဲဟင်"

"ကိုယ် ဒီမှာပဲ တာဝန်ကျတယ် နှင်း၊ ပြီးတော့ အဖေ ဘက်က အမွေရလိုက်လို့ ကျောက်ကုန်းမှာ အိမ်လေးတစ်လုံးရ တယ်၊ ဟိုမှာရပ်ထားတာ ကျွန်တော့်ကားလေ"

"ဟုတ်လား၊ ကြားရတာ ဝမ်းသာပါတယ်ရှင်"

"ကိုယ်လည်း ဝမ်းသာနေတာ၊ နှင်းနဲ့လည်းတွေ့ချင်နေ တုန်း အခုလိုဆုံရတာ သိပ်ပျော်တာပဲ နှင်းရယ်"

နှစ်ဦးစကားတွေက လိုက်လှဲသလို နှင်းမျက်နှာလေးကို





ကြည့်နေသည့် သူ့အကြည့်တွေကလည်း နူးညံ့ရွှန်းလက်နေ၍ နှင်း ရင်မောသွားသည်။ နှစ်ဦးပုံစံကို မြင်လိုက်ကတည်းက နှင်း အိမ်ထောင်ကျသွားတာကို အခုချိန်ထိ သူ မသိသေးကြောင်း နှင်း သိလိုက်ရ၍ အလာကောင်းပေမယ့် အခါနှောင်းသွားသည့် သူ့ အတွက် စိတ်မကောင်းဖြစ်သွားသည်။

"ကျွန်တော်တို့ တစ်နေရာမှာ အေးအေးဆေးဆေး စကား ပြောကြရအောင်လား နှင်း"

"နှင်းကို အခုလိုဖိတ်ခေါ်တာ ကျေးဇူးတင်ပါတယ်ရှင်၊ ဒါပေမဲ့ နှင်းအမျိုးသားနဲ့ သွားစရာရှိသေးလို့ အချိန်မရလို့ပါ"

"ဗျာ…ဘယ်လို၊ နှင်းအမျိုးသား…ဟုတ်လား"

"ဟုတ်ပါတယ် ကိုနှစ်ဦး၊ နှင်း အိမ်ထောင်ပြုလိုက်ပါ ပြီ"

"ကျွန်တော်လည်း ဘာမှမသိလိုက်ပါလား နှင်းရယ်၊ နှင်းအမျိုးသားက နေထွဋ်သွေးဆိုတဲ့ လူများလားဗျာ"

"ဟုတ်ပါတယ်၊ သူပါပဲ"

"ဝမ်းသာပါတယ် နှင်းရယ်၊ နှင်းတို့နှစ်ယောက်ဘဝက



www.burmeseclassic.com

www.burmeseclassic.com



လနဲ့နေ မြနဲ့ရွှေ ဆိုသလို သိပ်လိုက်ဖက်တဲ့ စုံတွဲလေးတစ်တွဲပါဗျာ''

သိသာစွာ မျက်နှာပျက်သွားတာကို မဖုံးဖိနိုင်သော ဟန်ဆောင်မကောင်းသူအတွက် နှိုင်း စိတ်မကောင်းပေမယ့် မတတ်နိုင်ပါ။

''ကျွန်တော် နှိုင်းအတွက် မင်္ဂလာလက်ဖွဲ့လေးတော့ ပေးပါရစေဗျာ၊ ပေးခွင့်ပြုပါနော်''

''အားနာစရာ ကိုနှစ်ဦးရယ်၊ နှိုင်းအတွက် မလိုပါဘူး''

''နှိုင်းအတွက် မလိုတာ ကျွန်တော် သိပါတယ်ဗျာ၊ ကျွန်တော့်အတွက် နှိုင်းမင်္ဂလာပွဲကို ဂုဏ်ပြုပါရစေ၊ ခွင့်ပြုပါဗျာ''

''ကဲ…ပြောမရလည်း ကိုနှစ်ဦး သဘောပဲ၊ နှိုင်းအတွက် လက်ဖွဲ့ပေးချင်ရင် မမလှိုင်းဆီမှာ ထားခဲ့၊ နှိုင်း သွားယူလိုက်မယ်၊ အခုတော့ နှိုင်းကို ခွင့်ပြုဦး''

''ကောင်းပါပြီ နှိုင်းရယ်''

ကိုနှစ်ဦး ဘယ်လိုပုံစံနဲ့ ကျန်ရစ်ခဲ့မှန်း မသိသော်လည်း နှိုင်းကတော့ မောင်နဲ့လက်ထပ်ပြီးကတည်းက သူမဘဝထဲက





နှစ်ဦးဆိုသည့်လူကို ဖယ်ထုတ်ပြီးဖြစ်၍ အခုလို လမ်းခွဲရချိန်မှာလည်း ဘာခံစားချက်မှ ထင်ကျန်ရစ်ခြင်းမရှိ၍ အားလုံး ထိုနေရာမှာပဲ ပြီးပျောက်သွားသည်။

ဩ ဩ ဩ



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

ထိုစဉ်ကတော့ တစ်ချိန်ချိန်တွင် သူမ ချစ်မြတ်နိုးရသော ယောက်ျားတစ်ယောက်က နှင်းကို ဝေဒနာတွေ နှင့်နှင့်သည်းသည်း ပေးကာ ခံစားနာကျင်စေရလိမ့်မည်ဟု မထင်ထားခဲ့။

နှင်းနှင့် အသွင်မတူသော ယောက်ျားတစ်ယောက်ကို ချစ်မိသည့်အတွက်လည်း နောင်တမရခဲ့ပါ။

အရာအားလုံးအတွက် အချစ်ကသာ အနိုင်ယူထား၏။ ချစ်ခြင်း၏ ဆွဲခေါ်ရာနောက်ကိုသာ နှင်း တငြိမ့်ငြိမ့်နှင့် မျောလိုက်နေမိသည့်အဖြစ်တွေမှာ နှင်း ပျော်ခဲ့ရသည်။

www.burmeseclassic.com



"မနေ့က နှစ်ဦးဆိုတဲ့လူနဲ့ တွေ့ခဲ့တယ် နှိုင်း"

နှစ်ဦးအကြောင်း ပြောသည့် မောင့်လေသံက မာသလို မျက်နှာတင်းနေတာကို နှိုင်း သတိထားမိ၍ မောင့်စိတ်ကိုသိနေသည့် နှိုင်းက ရယ်ရယ်မောမောဖြင့် မောင့်ခံစားချက်ကို ဖျောက်ရန် ကြိုးစားသည်။

"နှိုင်းနဲ့လည်း ဟိုတစ်နေ့က ဈေးဝယ်ရင်း တွေ့တယ် မောင်"

နှိုင်းစကားအဆုံးမှာ မောင့်မျက်နှာက ပိုတင်းသွားကာ နှိုင်းကို မကျေမနပ် လှမ်းကြည့်သည်။

"အစက ဘာလို့ မောင့်ကို ဒီလူနဲ့တွေ့တာ မပြောတာလဲ နှိုင်း"

"အရေးတကြီးကိစ္စမှ မဟုတ်ဘဲ မောင်ရယ်၊ နှိုင်းမှာ တခြားအလုပ်တွေနဲ့ဆိုတော့ မေ့သွားတာလည်း ပါပါတယ်"

"တမင် မေ့ချင်ဟန်ဆောင်တာတော့ မဟုတ်ပါဘူးနော်"

"မောင်နော်…နှိုင်းကို စိတ်ဆိုးအောင် လာစမနေနဲ့"

"စနေတာမဟုတ်ဘူး နှိုင်း၊ တကယ်ပြောနေတာ"





"ဟင်"

"စကားပုံရှိတယ် မဟုတ်လား၊ ရည်းစားဦး မြေဦးရ ဆောင် မမေ့ဘူးဆိုတာလေ"

မောင်နှင့်နှိုင်း အကြည့်ချင်းဆုံသွားသည်။ နှိုင်းကို မောင် ချစ်တာ သိပေမယ့် ဒီလောက်အထိ ပြောလာလိမ့်မည်လို့မထင်ခဲ့။ ခုတော့ မောင့်ပုံစံက နှိုင်းအပေါ် တကယ့်ရန်သူကြီးတစ်ယောက်လိုဆိုတော့ နှိုင်းစိတ်ထဲ မခံချင်စိတ်က ဖျင်းခနဲ ထတောက်သည်။

"မောင် အရက်သောက်လာတာဆိုရင် အိပ်တော့၊ နှိုင်း မောင်နဲ့ ရန်မဖြစ်ချင်ဘူး"

စကားနည်းရန်စဲ နှိုင်းဘက်က ပြေငြိမ်းဖို့ ကြိုးစားပေမယ့် မောင်က မရ။

တစ်သက်လုံး အရက်ကို မမြင်ဖူးခဲ့သည့် နှိုင်းက မောင်နှင့်မှ အရက်နံ့နှင့် ယဉ်ပါးခဲ့ရသူဖြစ်သည်။ မသောက်ပါနှင့်လို့ တားလည်းမရ။ စီးပွားရေးလောကမှာ မဖြစ်မနေ ယဉ်ကျေးမှုအရ သောက်ရသည်ဆိုတာနှင့်ပဲ လက်လျှော့ခဲ့ရတာ မောင့်ကို ချစ်တာ တစ်ခုတည်းနှင့်ပါ။



www.burmeseclassic.com

www.burmeseclassic.com



"မောင့်ကို အရက်မူးပြီး ရစ်နေတယ် ထင်လို့လား၊ အဲ နှစ်ဦးဆိုတဲ့ကောင်ကို မောင် လုံးဝမကျေနပ်ဘူး၊ ဘာတဲ့…မောင် တို့အတွက် လက်ဖွဲ့ပေးပါရစေဆိုလား ပြောလိုက်သေးတယ်၊ နှင်းကို ရော အဲဒီလိုပြောလား"

"ပြောပါတယ်"

"ဘယ်မှာလဲ အဲဒီလက်ဖွဲ့"

"နှင်းလက်ထဲ ခုထိ မရောက်သေးပါဘူး မောင်ရယ် မောင်က အဲဒီကိစ္စအတွက် နှင်းကို စိတ်ဆိုးနေတာလား"

"ဟုတ်တယ်၊ သူ့လက်ဖွဲ့ရရင် နှင်း မောင့်ကိုလာပြ သံယောဇဉ်အမျှင်မတန်းနိုင်အောင် တစ်ခါတည်း မောင် ပွဲသိမ်း ပေးလိုက်မယ်"

"မောင်ရယ်"

မောင်က ခွတ်တရွတ်သမားဖြစ်၍ သူနှင့်အပြိုင် ငြင်း မနေတော့ဘဲ ငြိမ်နေလိုက်သည်။

"နောက်တစ်ခါ အဲဒီကောင်ကိုတွေ့ရင် မမြင်ချင်ဟန် ဆောင်နေလိုက် နှင်း၊ လုံးဝ စကားလက်ခံမပြောနဲ့"





ဖြစ်ရလေ မောင်ရယ်။ နှင်းစိတ်ထဲကပဲ ညည်းလိုက် မိသည်။ နှစ်ဦးဆိုတာ လူကြီးလူကောင်းတစ်ယောက်ပါ။ အပျို လူပျိုဘဝတုန်းက နှင်းအပေါ်မှာ မေတ္တာသက်ဝင်ဖူးပေမယ့် အိမ်ထောင်သည် နှင်းအပေါ်မှာတော့ စိတ်နှင့်ပင် ပစ်မှားမည့်သူ မျိုး မဟုတ်တာ နှင်း သိသလို မောင်လည်း သိစေချင်သည်။

"မောင်ပြောတာ ကြားလား နှင်း"

"ကြားပါတယ် မောင်ရယ်၊ ကဲ…အဝတ်လဲပြီး ရေချိုး တော့၊ အားလုံး မောင် စိတ်တိုင်းကျဖြစ်စေရမယ် ဟုတ်လား"

"အဲဒီလိုလိမ္မာလို့ မောင့်မိန်းမကို မောင်က ချစ်တာ"

နှင်း နဖူးလေးကို ရယ်မောနမ်းရှိုက်ပြီး ကျေနပ်စွာ ရေချိုး ခန်းထဲ ဝင်သွားသည့် ခင်ပွန်းသည်ကိုကြည့်ကာ နှင်း သက်ပြင်း ချလိုက်သည်။

နှင်းကိုချစ်၍ ကျေနပ်ပါသည်။ သဝန်တိုလွန်းတာကိုတော့ နှင်း မကြိုက်ပါ။ ဒါပေမဲ့ မောင်က နှင်းလိုမဟုတ်။ ဘယ်လို ပြောပြော မရ။ သူ့စိတ် သူ့သဘောချည်း နေရာတကာ ဖြစ်ခဲ့ရ မျှလား မသိ၊ နှင်းအပေါ်မှာလည်း သူ့စိတ်တိုင်းကျဖြစ်ရှေ



www.burmeseclassic.com

www.burmeseclassic.com



ကျေနပ်တတ်သည့် လူစားဖြစ်သည်။

"နှိုင်းရေ"

"ရှင်…လာပါပြီ"

"ကြည့်စမ်း၊ ကိုယ့်ယောက်ျားကို ဘေးမှာထားပြီး စိတ်တွေက ဘယ်ရောက်နေလဲ မှန်မှန်ပြောစမ်း"

"ဘယ်ရောက်ရမှာလဲ၊ ဟောဒီ သဝန်တိုတတ်တဲ့လူကြီးဆီ ရောက်နေတာပေါ့"

"သဝန်တိုတာ ချစ်လို့ကွ"

"ချစ်တာတော့ ချစ်တာပေါ့ မောင်ရယ်၊ ဒါပေမဲ့…"

"တော်ပြီ၊ မောင့်ကို ဘာမှတရားမချနဲ့၊ ပြောမရရင် ဟောဒီလို…ဟောဒီလို"

"ဟော့…မောင်၊ ကြည့်စမ်း…ရေတွေစိုကုန်ပြီ"

ရယ်မောသံလေးတွေကြားမှာ ဒေါသတွေပျောက်ဆုံးသွားကာ အချစ်ဥယျာဉ်ထဲ အလည်ရောက်သွားသည့်အတွက် အရာအားလုံး မေ့သွားသည်။

နှိုင်းတို့ ချစ်ဆုံးနှစ်ယောက် ပြေလည်ငြိမ်းချမ်းနေချိန်မှာ





မမလှိုင်းနှင့် ရောက်လာသည့် နှစ်ဦး၏လက်ဖွဲ့ကြောင့် နှိုင်း စိတ်ရှုပ်သွားသည်။ နှစ်ဦးလက်ဖွဲ့က ရိုးပါသည်။ လှပသော အဖိုးတန်ထမင်းပန်းကန်ပြားတစ်စုံနှင့် ကော်ဖီဆက်မှာ အသည်းပုံလေးတွေနှင့် ရွှေနားကွပ်ထားပုံက လှသည်။

မောင့်ဘက်က အပြစ်ရှာစရာအကြောင်း မရှိလောက်ဟု ထင်သဖြင့် နှစ်ဦးလက်ဖွဲ့ကို မောင့်ကိုပြလိုက်တော့ မောင်က တစ်ခုချင်းစီ စိတ်ဝင်စားစွာ ယူကြည့်ပြီး ပန်းကန်တွေအားလုံး ကြမ်းပေါ် ပစ်ပေါက်ခွဲလိုက်၍ နှိုင်းရင်ထဲ မောင့်အပြုအမူကြောင့် စိတ်မချမ်းမသာ စူးအောင့်သွားသည်။

"ဝုန်း"

"ချွမ်း…ချွမ်း"

"မောင်"

မောင့်လက်ကို အချိန်မီလှမ်းဆွဲပေမယ့် မမီလိုက်။ မင်္ဂလာဦး လက်ဖွဲ့ပစ္စည်းအားလုံး နှိုင်းမျက်စိရှေ့မှာ အစိတ်စိတ်အမွှာမွှာ တစ်စစီကွဲကြေသွားပုံကို တအံ့တသြ ကြေကွဲဝမ်းနည်းစွာ ကြည့်နေချိန်မှာ မောင်က နှိုင်းနားက ဘာမှမဖြစ်သလို ထသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



“နှင်းကို ဒါထက် ဆယ်ဆသာတဲ့ ပန်းကန်တွေ နှင်း ခြားက ဆက်လိုက် မောင်မှာပေးမယ်”

“ဒါ မင်္ဂလာဦးလက်ဖွဲ့တွေ မောင်”

“ဘာဖြစ်လဲ၊ အလကား အဖိုးမတန်တာတွေ၊ မှေ့လိုက်၊ မောင် ထမင်းစားမယ်”

နေထွဋ်ရွှေ ဆိုသည့် မောင်က သူလုပ်ချင်တာလုပ်ပြီး နှင်းနားက ဘာမှမဖြစ်သလို ထွက်သွားပေမယ့် နှင်းရင်ထဲမှာတော့ ခံစားချက်မျိုးစုံ ရှန်းကြွပြီး ကျန်ခဲ့သည်။

မောင်က သူ့ရင်ထဲက ခံစားချက်ကိုဦးစားပေးပြီး နှင်း ရင်ထဲက ခံစားချက်ကို နည်းနည်းမှ ထည့်တွက်မပေးရအောင် နှင်းက မောင်ပြုသမျှ နုရမည့် သံစက်ရုပ်မဟုတ်။ နှလုံးသားနှင့် လူ။ ခံစားတတ်သည်။ ပျော်တတ်သည်။ ဝမ်းနည်းတတ်သည်။ အခု မောင့်အပြုအမူတွေက နှင်းကို လူလို့မထင်တာ သိပ်ကို သေချာနေသည်။

နှင်းကို တကယ်ချစ်လျှင် နှင်းစိတ်ချမ်းသာမှုပေးရမည်။ နှင်း ပျော်ရွှင်မှုကို လိုလားသူဖြစ်ရမည်။ အခုတော့ မောင်က





နှင်းရင်ထဲက ခံစားချက်တွေကို ဘာတစ်ခုမှ ထည့်မတွက်။

မောင့်အချစ်ကို နှင်း နားမလည်တော့ပါ။ ရင်ထဲမှာ နင့်စို့နာကျင်လျက် နေရာမှာ တွေတွေလေးရပ်နေခိုက်မှာပဲ နောက်ပါး ဆီက မောင့်အသံ ပေါ်လာ၏။

“နှင်း ဘာလုပ်နေတာလဲ၊ ဒီမှာ မောင် ထမင်းဆာနေပြီကွ”

“လာပါပြီ မောင်”

နှင်း မောင့်ထံ လျှောက်သွားပေမယ့် ခြေလှမ်းတွေက အသက်မပါတော့။ မောင့်အပြုအမူတွေကို တွေးပြီး ကြောက်ရွံ့သလိုဖြစ်လာ၏။

“ဆောရီး…နှင်း၊ မောင်က နှင်းကိုချစ်လို့”

“ချစ်လို့…ဟုတ်လား မောင်”

“ဟုတ်တယ်လေ၊ ရည်းစားဦးပေးတဲ့ပစ္စည်းကို တသသ ကြည့်မနေနိုင်လို့ ခွဲပစ်တာ”

နှင်းအကြည့်က မောင့်ထံ ရောက်သွားသည်။ မောင်က နှင်းကိုမကြည့်ဘဲ ထမင်းကို ခပ်အေးအေးစားနေ၏။



www.burmeseclassic.com

www.burmeseclassic.com



"မောင် ထင်သလို ကိုနှစ်ဦးက နှိုင်းရဲ့ရည်းစား မဟုတ်ဘူး မောင်"

"မောင် တကယ်ယုံရမှာလား"

"နှိုင်း မောင့်ကို အမှန်အတိုင်းပြောနေတာ မောင်"

မောင့်နှုတ်ခမ်းမှာ မြင်လိုက်ရသည့်အပြုံးကြောင့် နှိုင်း မောင့်ကို ဒေါသဖြစ်သွားသည်။

ဘာလဲ…မောင့်အပြုံးက နှိုင်းပြောတာ သူ မယုံဘူး တဲ့သဘောဆိုတော့ နှိုင်း မျက်နှာတင်းသွားသည်။

"ထားပါ၊ အဲဒီကိစ္စ မောင်တို့မေ့လိုက်ကြရအောင်"

"မေ့လို့မရဘူး မောင်၊ နောက်တစ်ခါ ကိုနှစ်ဦးနဲ့ပတ် သက်ပြီး မောင် အထင်မြင်လွဲတာ နှိုင်း မခံနိုင်ဘူး"

"နှိုင်း…မောင့်ကို စိတ်ဆိုးနေတာလား"

မောင့်အကြည့်က နှိုင်းမျက်နှာသို့ စူးလက်စွာ ရောက် လာတာကို နှိုင်းမရှောင်လိုက်ပါ။ မောင့်မျက်ဝန်းအစုံကို တည် တည့်ပြန်စိုက်ကြည့်ပစ်လိုက်တော့ မောင်က စားလက်စ ထမင်း ပန်းကန်ကို ရှေ့တွန်းထုတ်ပြီး နေရာက ထရပ်လိုက်သည်။





"တော်တော်လိမ္မာတဲ့ မိန်းမပဲ၊ ကိုယ့်ယောကျ်ားထမင်း စားနေချိန်မှာ ရည်းစားဦးအတွက်…"

"မောင်နော်…ဘာရည်းစားဦးလဲ၊ သူနဲ့ နှိုင်း ဘာမှ မဆိုင်ဘူးလို့ ပြောပြီးပြီမဟုတ်လား"

"ဟုတ်ပြီလေ၊ နှိုင်းနဲ့မဆိုင်တဲ့လူရဲ့ ပန်းကန်တွေ မောင် ခွဲပစ်လိုက်၊ နှိုင်းလည်း ဘာမှခံစားမနေနဲ့"

"နှိုင်းခံစားနေတာ ပန်းကန်တွေ မောင် ခွဲပစ်လိုက်လို့ မဟုတ်ဘူး မောင်"

"ဒါဖြင့် ဘာလဲ"

"မောင်ကြောင့် ခံစားနေရတာ"

"ဘယ်လို"

နှိုင်းကို လှမ်းကြည့်သည့် မောင့်ပုံစံကို နားမလည်နိုင် ခြင်းတွေ၊ စိတ်အလိုမကျခြင်းတွေ အထင်းသားဖြစ်နေတာ နှိုင်း မြင်နေရ၏။

အစတုန်းက နှိုင်းရင်ထဲက ခံစားချက်တွေကို ဆက်ပြီး မျိုသိပ်ထားရန် ရည်ရွယ်ထားသော်လည်း အခုချိန်မှာတော့ ငါဖွင့်



www.burmeseclassic.com

www.burmeseclassic.com



ပြောချင်လာတာနှင့် မောင်နှင့်မျက်နှာချင်းဆိုင်လိုက်သည်။

"မောင် နှင်းကိုချစ်သေးရဲ့လား"

"ဟ…ဒါက ဘာစကားလဲ၊ မင်းကိုချစ်လွန်းလို့ ရူးမတတ်ဖြစ်နေတာ မင်း မမြင်ဘူးလား"

မောင့်စကားအဆုံးမှာ နှင်း လှပစွာပြုံးလိုက်သည်။

"နှင်းကို မောင်တကယ်ချစ်ရင် နှင်း စိတ်ချမ်းသာ ပျော်ရွှင်မှုကိုလည်း မောင် ပြန်ငဲ့ကြည့်သင့်တယ် မဟုတ်လား မောင်"

"နှင်းပြောပုံက မောင်ကပဲ နှင်း စိတ်မချမ်းသာအောင် လုပ်နေသလိုပါလား၊ ဘာလဲ…ဒီပန်းကန်တွေ မောင်ခွဲပစ်လို့ နှင်း တော်တော်စိတ်ဆင်းရဲသွားတယ်ပေါ့…ဟုတ်လား"

ပြောရင်း ပန်းကန်တွေသိမ်းနေသည့် မိလုံးရှိရာ ဒေါသ မျက်နှာနှင့် လှမ်းကြည့်၍ နှင်း စိတ်ညစ်သွားသည်။ နှင်းရင်ထဲ က ခံစားချက်တွေ မောင် သဘောပေါက်နားလည်လာအောင် ဘယ်လိုပြောရမှာပါလိမ့်ဟု အပြေးလေး စဉ်းစားလိုက်သည်။

"နှင်းပြောချင်တာ ဒီကိစ္စတစ်ခုတည်း မဟုတ်ဘူး





မောင်"

"တော်ပြီ…နှင်း၊ နှင်းပြောစရာရှိတာ နောက်မှပြောတော့၊ မောင် အလုပ်မှာ ပင်ပန်းလာတာ အနားယူတော့မယ်"

နေထွဋ်ရွှေသွေးက နှင်းစကားကို ဆုံးအောင်နားမထောင်ဘဲ နှင်းကို ကျောခိုင်းထွက်သွား၍ နှင်း ပြောရမည့်စကား ဘာတစ်ခု မှ မပြောလိုက်ရဘဲ တစ်ယောက်တည်းကျန်ခဲ့သည်။

သိပ်မကြာလိုက်၊ ကားတစ်စီးနှင့်ထွက်သွားသော မောင့် ကို မြင်လိုက်ရတာကလွဲ၍ ဘယ်သွားမယ်၊ ဘာလုပ်မယ် တစ်ခွန်း မှ နှင်းကို ပြောမသွားတာကို ရင်နာနေမိသည်။

မောင် နှင်းကိုချစ်တဲ့ အချစ်က ဘယ်လိုအချစ်မျိုးလဲ။

ပထမဆုံးအကြိမ် မောင့်အချစ်ပေါ် နှင်း တွေးမိသည့် အတွေးဖြစ်သည်။

တဖြည်းဖြည်း မောင့်အပေါ် နှင်း နားမလည်နိုင်အောင် ဖြစ်လာ၏။ ညဥ့်နက်မှ မောင်ပြန်လာတော့ အရက်တွေမူးလာပြီး အိပ်ယာထဲ အဝတ်မလဲနိုင်ဘဲ ချက်ချင်းအိပ်ပျော်သွားသည်။

မောင့် အခုလိုခံစားရတာ နှင်းကို သိပ်ချစ်လို့ဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



ပြန်တွေးမိတော့ နှိုင်း တွေဝေသွားသည်။ မောင့်အချစ်တွေကို နှိုင်း နားလည်ပေးသလို နှိုင်းအချစ်တွေကို မောင် နားလည်မပေးနိုင်တာကို နှိုင်း ဝမ်းနည်းစိတ်ဖြင့် မျက်ရည်တွေကျမိသည်။

နှိုင်းချစ်တဲ့ မောင်ရယ်။

ငြိမ်းချမ်းပြည့်စုံသော အိမ်ထောင်ရေးမှာ ဘယ်လို အကြောင်းတရားတွေက နှိုင်းတို့ ချစ်သူနှစ်ယောက်ကြား ဝင်ရောက်လာရတာလဲ။

နှိုင်းကို ခွင့်လွှတ်ပါ မောင်ရယ်။

မောင့်ကို နှိုင်း ချစ်တယ်။



## အခန်း (၁၂)

"ဒေဝီကိစ္စ မင်းမိန်းမ သိရဲ့လား သား"

အိမ်ထဲလှမ်းဝင်ရန် ပြင်နေသည့် နှိုင်းခြေအစုံက ယောက္ခမဖြစ်သူစကားသံကြောင့် နေရာမှာ ရပ်တန့်သွား၏။

"ဒေဝီ့ဘဝနဲ့ ကျွန်တော့်ဘဝ တခြားစီပဲ မာမီ၊ ဘာဖြစ်လို့ အရင်ကကိစ္စတွေ နှိုင်းကို ဖွင့်ပြောရမှာလဲ"

နေထွင့်သွေးထံမှ အဖြေစကားအဆုံးမှာ တစ်ခန်းလုံး တိတ်သွားသည်။ နှိုင်းရင်ထဲ ဒေဝီနှင့်ပတ်သက်ပြီး ပထမဆုံး စိတ်ဝင်စားလာ၏။ ဒေဝီနဲ့မောင်ကြားမှာ ဘယ်လိုကိစ္စတွေ ရှိနေ



www.burmeseclassic.com

www.burmeseclassic.com



တာလဲ။

"အေးလေ…မင်းတို့ လင်မယားချင်း အဆင်ပြေတယ် ဆိုလည်း ပြီးတာပါပဲ၊ ဒေဝီနဲ့နှိုင်း တွေ့ပြီးပြီမဟုတ်လား"

"ဟုတ်ကဲ့"

ဒေဝီနှင့်နှိုင်း တွေ့ပြီးပြီလားဆိုတော့ နှိုင်း မျက်ခုံးလေး တွန့်သွားသည်။ မောင်သို့အသိုင်းအဝိုင်းမှာ ဒေဝီ ဤမျှအရေးပါ လိမ့်မည်ဟု မထင်ခဲ့။ အခုတော့ ယောက္ခမကြီးနှုတ်ဖျားမှာရော နေထွဋ်သွေး နှုတ်ဖျားမှာရော ဒေဝီအကြောင်းတွေချည်း ဖြစ်နေ တာ အံ့သြနေမိသည်။

ဒေဝီကို နေထွဋ်သွေးခေါ်လာ၍ နှိုင်း တစ်ခါပဲတွေ့ဖူး သည်။ နောက်ထပ်လည်း မဆုံဖြစ်တော့။ အခုပြောသည့် စကားများ အရ ဒေဝီနှင့်မောင့်ကြားမှာ နှိုင်း မသိသော လျှို့ဝှက်ချက်ရှိနေ တာ သိလိုက်ရ၏။

ဒေဝီနဲ့မောင် ဘယ်လိုပတ်သက်ခဲ့တာလဲ။ ဘာဖြစ်လို့ မောင်ကရော ဒေဝီအကြောင်း နှိုင်းကို မသိစေချင်ရတာလဲ။

"မာမီ ပြန်တော့မယ် သား"





"နှိုင်းရေ…မာမီ ပြန်မယ်"

"ဟုတ်ကဲ့…လာပါပြီ မောင်"

မောင့်ခေါ်သံကြောင့် နှိုင်း မောင်တို့သားအမိရှိရာ ဧည့်ခန်း မပျက် ထွက်လာခဲ့ရပေမယ် စိတ်ထဲမှာ တစ်မျိုးကြီးဖြစ်နေ၏။

"ပြန်တော့မလား မာမီ"

"ပြန်တော့မယ်၊ မာမီ တစ်ခုတော့ မှာခဲ့ချင်တယ်၊ ဘယ် လိုကိစ္စပဲဖြစ်ဖြစ် ခေါင်းအေးအေးထားပြီး ဆုံးဖြတ်ပါ"

"မာမီ"

"မင်း ဘာမှမပြောနဲ့ သား၊ သမီး…မာမီပြောတာကို မမေ့နဲ့ ဟုတ်လား"

"ဟုတ်ကဲ့ပါ မာမီ"

"မာမီ သွားမယ်"

ကားနားအထိ မာမီ့ကို နှိုင်းတို့ အတူလိုက်ပို့ပြီး မာမီ့ ကား မြင်ကွင်းမှ ပျောက်သွားသည်အထိ ရပ်ကြည့်ပြီးမှ မောင် နှင့် မျက်နှာချင်းဆိုင်လိုက်သည်။

"ဘာတွေဖြစ်နေတာလဲ မောင်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှမဖြစ်ပါဘူးဗျာ၊ မာမီက သူ့ချွေးမလေးကို စိုးရိမ်လို့နေမှာပါ"

မောင့်ပုံစံက ပေါ့ပေါ့ပါးပါးဖြစ်နေပေမယ့် နှင်း ရင်ထဲမှာတော့ လေးနေသည်။

"ယောက္ခမကိုယ်တိုင်က နှင်းအတွက် စိုးရိမ်နေရပြီဆိုတော့ နှင်းအခြေအနေက တော်တော်ဆိုးနေလို့လား၊ မောင် နှင်းကို အမှန်အတိုင်းပြောပါ၊ ဒေဝီနဲ့ မောင်က ဘာလဲ"

မောင့်အကြည့်က နှင်းထံ ဖျတ်ခနဲ ရောက်လာပြီး နှင်း မျက်နှာလေးကို ခပ်ပြုံးပြုံးကြည့်သည်။

"သူငယ်ချင်းတွေလို့ ပြောပြီးပြီလေ"

"သေချာရဲ့လား မောင်"

"နှင်းက ဘာဆိုလိုချင်တာလဲ"

"နှင်း မသိဘူး၊ ဒါပေမဲ့ မာမီ့စကားထဲမှာ နှင်း လိုက်မမီနိုင်တာတွေ အများကြီးလို့ နှင်း ထင်တယ်"

"မာမီ့စကားတွေ မေ့လိုက်ပါ အချစ်ရယ်၊ ကဲ...မောင် အလုပ်သွားမယ်၊ အဝတ်ထုတ်ပေးဦး"





ဒေဝီနှင့်ပတ်သက်ပြီး နှင်းကို မောင်က ဘာစကားမှ အဆက်မခံ၍ ဤမျှလောက်နှင့်ပဲ နှင်း ကျေနပ်လိုက်ရသည်။ မောင် အလုပ်သွားပေမယ့် နှင်းရင်ထဲမှာ ဒေဝီ့အကြောင်းကချည်း စိုးမိုးနေ၍ ဒေဝီ ဘာလဲ၊ ဘယ်သူလဲ၊ မောင်နဲ့ဘယ်လိုပတ်သက်လဲဆိုတာ စိတ်ဝင်စားလာကာ မောင့်စားပွဲကို စတင်မွှေနှောက်ခဲ့သည်။

ဒေဝီနဲ့ပတ်သက်တဲ့ သဲလွန်စကို နှင်း သိပ်လိုချင်နေပေမယ့် ရုတ်တရက် ရှာမတွေ့။ မောင့်ဒိုင်ယာရီထဲမှာ နှင်း ရှာသည်။

"ဟင်"

တစ်နေရာမှာ ဒေဝီ့အမည်ကိုတွေ့၍ နှင်း ရင်ခုန်သွားသည်။

ဒေဝီ နေမကောင်း၍ ဆေးခန်းလိုက်ပို့ရ။ ဒေဝီ မျက်ရည်ကျတာ ဒီတစ်ခါပဲ မြင်ဖူးသည်။

ဒိုင်ယာရီထဲက စာက ဒါပဲဖြစ်သည်။ တခြားမပါ။ ရက်စွဲကိုကြည့်လိုက်တော့ လွန်ခဲ့သည့် နှစ်လက ရက်စွဲဖြစ်နေ၏။ အဲဒီအချိန်တုန်းက ဒေဝီ့ကို နှင်းရှိရာ မောင်ခေါ်လာခဲ့တာ ဖြ



www.burmeseclassic.com

www.burmeseclassic.com



အမှတ်ရလိုက်၍ နှိုင်းရင်ထဲ အေးခနဲ ဖြစ်သွားသည်။

မောင်နဲ့ဒေဝီ သူငယ်ချင်းဆိုတာ ဟုတ်မှဟုတ်ရဲ့လား စာရွက်တွေကို တဖျပ်ဖျပ် ဆက်လှန်လိုက်သည်။

မိန်းမတွေစိတ်က နားလည်ရခက်။ နှိုင်းကို ဒေဝီ... ပေးတွေ့ဖို့ ဆုံးဖြတ်လိုက်တာ ကိုယ့်အလွန်မဟုတ်ဘူးလို့ထင်တယ်... ဘာဖြစ်လို့လဲဆိုတော့ နှိုင်းက ကိုယ့်ဇနီးဖြစ်နေလို့ပဲ။

ဘာတွေလဲ။ နှိုင်း ဆက်ဖတ်သည်။

ပြီးဆုံးသွားတဲ့ ဇာတ်လမ်းဟာ ဘယ်တော့မှ အသ... ပြန်မဖြစ်ဘူးဆိုတာ မင်းသိသင့်တယ် ဒေဝီ။

"ဟင်"

ဒါ...ဒါ မောင်နဲ့ဒေဝီ ဇာတ်လမ်းဖြစ်ခဲ့တယ်ဆို... သဘောပေါ့။ နှိုင်းခေါင်းထဲ မိုက်ခနဲဖြစ်သွားကာ မျက်လုံး... ပါ ပြာကုန်သည်။

"ဒါ...မောင့်သူငယ်ချင်း ဒေဝီ"

မဟုတ်ဘူး...မဟုတ်ဘူး၊ မောင် နှိုင်းကိုညာတာ၊ ... နေတာ ဒေဝီဆိုတာ မောင့်ရည်းစား၊ မောင့်ချစ်သူ။ မောင် ရက်...





တယ်။

မောင့်ကိုမုန်းတယ်...မုန်းတယ်။

ပါးပြင်ပေါ် စီးကျလာသည့် မျက်ရည်တွေက မဆည်နိုင်။ နှိုင်းကတော့ မောင် စိတ်ချမ်းသာပါစေ၊ ပျော်ပါစေဆိုတဲ့ စိတ်နဲ့ မောင် နှိုင်းအပေါ် ဘယ်လောက်ပဲ ကန့်သတ်ချုပ်ချယ်ပါစေ၊ အရှုံးပေးနေတော့မည်လို့ ဆုံးဖြတ်ခဲ့သည်။ မောင်က နှိုင်းကိုချစ်လို့ပါဆိုသည့် စကားကိုလည်း ယုံကြည်ခဲ့သည်။

ကိုနှစ်ဦးလို ချစ်သူရည်းစားမဟုတ်ခဲ့သည့် လူတစ်ယောက်နှင့် နှိုင်းအပေါ်မှာ သဝန်တို မနာလိုဖြစ်ခဲ့သည့် မောင်က နှိုင်းကို သူ့ရဲ့အရင်ရည်းစားဟောင်းနဲ့ မိတ်ဆက်ပေးရဲတဲ့သတ္တိကို နှိုင်းချီးကျူးရမှာလား၊ အံ့သြတုန်လှုပ်ရမှာလား ဝေခွဲမရ။

မောင့်နေရာမှာ နှိုင်းဆိုရင် နှိုင်းကို မောင် ဘယ်လိုပြောမှာလဲ။ ဘယ်လိုတုံ့ပြန်မှာလဲ။

မောင့်ဒိုင်ယာရီကိုပိတ်ပြီး နှိုင်း အားပါးတရ ငိုချလိုက်သည်။ နှိုင်းကို မောင် တကယ်မချစ်ပါဘူးဟု နှိုင်း နားလည်လာတော့ နှိုင်းနှလုံးသားတွေ ပို၍နာကျင်သွားသည်။ မောင်ပြ...



www.burmeseclassic.com

www.burmeseclassic.com



စေချင်တာက နှိုင်းဆိုတာ မောင့်ထားရာနေ စေရာသွားရမယ့် လှပသော ယမင်းရုပ်လေးဖြစ်သည်။

ဝမ်းနည်းရလွန်းသဖြင့် နှိုင်းအသည်းတွေ နာနေသည်။ မောင်ဟာ သူ့စိတ်ချမ်းသာမှုကလွဲပြီး တခြားဘာကိုမှ မကြည့် တတ်သူအဖြစ် နှိုင်း ရင်နာလာ၏။

ညနေ မောင်ပြန်လာတော့ နှိုင်း ဣန္ဒြေမပျက်နေနိုင်အောင် ကြိုးစားပေမယ့် မောင်က နှိုင်းမျက်နှာပေါ်က အပြောင်းအလဲကို မြင်တာနှင့်သိသည်။

"နှိုင်း ငိုထားတာလားဟင်"

"ခေါင်းကိုက်လို့ မောင်"

"ဆေးသောက်လေ အချစ်ရဲ့၊ လာ…မောင်ကိုယ်တိုင် နှိုင်းကို ဆေးတိုက်မယ်"

ယုယကြင်နာစွာ ဆေးတိုက်နေသည့် မောင့်ရုပ်သွင်ကို နှိုင်း တစ်ခါမှမမြင်ဖူးသလို ငေးငေးလေး ကြည့်နေမိသည်။

"ဟိတ်…ကောင်မလေး၊ မောင့်ကို ဘာလို့ ဒီလောက် ကြည့်နေတာလဲကွ၊ ရှက်တယ်"





မောင့်စကားကြောင့် ရင်နာသည့်ကြားက နှိုင်း ပြုံးလိုက်သည်။ ဟိုတုန်းက မောင့်ကို နှိုင်းသာ အသိဆုံး၊ နားအလည်ဆုံးဟု ထင်ခဲ့သမျှ အခုတော့ မောင်ဆိုသည့်လူတစ်ယောက်က နှိုင်း မသိသော လူဖြစ်နေသလို စိတ်မှာထင်မိသည်။

"နှိုင်း"

"ဟင်"

"ကြည့်စမ်း…ကိုယ့်ယောက်ျားတစ်ယောက်လုံး ဘေးမှာထားပြီး နှိုင်းအတွေးတွေက ဘယ်ကိုရောက်နေတာလဲ"

"မောင့်အကြောင်း တွေးနေတာ"

"ဘာတွေတွေးနေတာလဲ၊ ပြောပါဦး"

"မောင် ဘယ်သူလဲဆိုတာလေ"

"အဟွန်း…ဟွန်း…ဟွန်း၊ မောင်က အကောင်းမှတ်လို့ နားထောင်နေတာ၊ နှိုင်းက မောင့်ကို စနေတာကိုး"

မောင်က နှိုင်း စနေသည်ဟုထင်ပြီး ရယ်နေပေမယ့် နှိုင်းကတော့ မောင့်လို မရယ်နိုင်ပါ။

"မနက်ဖြန် အလုပ်များမယ်၊ အိမ်ပြန်နောက်ကျလည်း



www.burmeseclassic.com

www.burmeseclassic.com



စိတ်မပူနဲ့ ဟုတ်လား"

"အင်း"

"ဟိတ်...ဘာဖြစ်နေတာလဲ၊ နှိုင်းကိုကြည့်ရတာ ဒီဓ(ရ) တစ်မျိုးကိုဖြစ်နေတယ်၊ ပြောစမ်း...နှိုင်း နေမကောင်းဘူး မဟုတ်လား"

"အင်း"

"ကဲ...လာ..မောင့်အချစ်ကို မောင်ကိုယ်တိုင် ဈေး(ပို့) သိပ်မယ်"

မောင့်ရင်ခွင်ထဲ နှိုင်းကိုယ်လေး ရွေ့ခနဲရောက်သွားသေ မယ့် အရင်လို နှိုင်း မပျော်တော့တာလည်း ထူးဆန်းသည်။ မနက် လင်း၍ မောင် အလုပ်သွားတာနှင့် နှိုင်းလည်း သူမကိုလာခေါ် သည့် မမလှိုင်းကားနှင့် လိုက်ခဲ့သည်။

ညီအစ်မနှစ်ယောက် မဆုံဖြစ်သည်မှာ ကြာပြီဖြစ်သလို မကြာခင် မမလှိုင်းကိုယ်တိုင် သူချစ်သူနှင့် လက်ထပ်တော့မည် ဖြစ်၍ မင်္ဂလာကိစ္စနှင့် အလုပ်ရှုပ်နေတာလည်း ပါသည်။

"မမြင်ရတာကြာလို့လားမသိဘူး၊ နှိုင်း ပိုလှလာတယ်





သိလား"

"မမကလည်း၊ ကိုယ့်ညီမကို မြှောက်နေပြန်ပါပြီ"

"တကယ်ပြောနေတာ နှိုင်းရဲ့၊ မေမေတို့ ဖေဖေတို့ ရိပ်သာ စိတ်ချလက်ချ ဝင်သွားနိုင်တာ နှိုင်းအတွက် ပူပင်စရာမရှိတော့ လို့လေ"

"အခု မမလှိုင်းပါ လက်ထပ်မယ်ဆိုတော့ ပိုစိတ်ချ သွားပြီပေါ့"

"ဒီလိုပဲပြောရမှာပေါ့ ညီမရယ်၊ မမသဘောကတော့ ဒီဘနှစ်ပါးနဲ့ အတူနေချင်လို့ ရိပ်သာ ခဏပဲဝင်ပါ၊ သမီးနဲ့ ကြာ ကြာနေပါဆိုပြီး မနည်းတောင်းပန်နေရတယ်"

မမလှိုင်းစကားကြောင့် နှိုင်း ဖေဖေနှင့်မေမေကို သတိရ သွားသည်။

"နှိုင်းလည်း ဖေဖေတို့ကို နှိုင်းအိမ် တစ်လှည့်ခေါ်ထား မယ်နော် မမ"

"နောက်တော့ ခေါ်ထားပေါ့ ညီမရယ်၊ အခုလောလော ဆယ်တော့ မမနဲ့နေရတာ ဖေဖေရော မေမေပါ အဆင်ပြေပါ



www.burmeseclassic.com

www.burmeseclassic.com



တယ်''

''အဲဒါလည်း ဟုတ်ပါတယ်''

မမလှိုင်းက အစစအရာရာ စိတ်ရှည်သည်းခံတတ်သူ ဖြစ်ရုံမက အိမ်ထောင်မှုနိုင်နင်း၍ အစားအသောက်ကအစ မနက် တစ်မျိုး၊ ညတစ်မျိုး အရသာရှိသော အစားအစာများကို ချက်ပြုတ် ရာမှာ ကျွမ်းကျင်သူဖြစ်၍ မမလှိုင်းပြောသမျှ ငြိမ်နားထောင် မိသည်။

''နှိုင်း ဒီမှာပဲ ဆင်းနေရစ်တော့မယ် မမလှိုင်း''

''ဈေးသွားမှာဆို''

''မသွားချင်တော့ဘူး မမလှိုင်း၊ ကားကိုသာ ရပ်လိုက် ပါ''

''ကျိုး''

မမလှိုင်းက နှိုင်းသဘောအတိုင်း မှတ်တိုင်ရှေ့မှာ ကား ရပ်ပေးပြီး သူ့ကားလေးကို ဆက်ထွက်သွားသည်။

''ဟင်''

ရုတ်တရက် နှိုင်းမျက်စိရှေ့ရောက်လာသော မြင်ကွင်း





ကြောင့် နှိုင်းမျက်လုံးထဲ ပြာသွားသည်။ မောင်နဲ့ဒေဝီတို့ ရယ် ရယ်မောမော စကားဆိုလျက် မောင့်ကားပေါ် အတူပါသွားပုံက သက်သောင့်သက်သာ။ လမ်းဘေးမှာရပ်နေသည့် နှိုင်းကို ဘယ်သူ မှမမြင်ဘဲ ကျော်ဖြတ်သွားတာ ကျေးဇူးတင်ရမှာလား။ ဝမ်းနည်း ရမှာလား။ နှိုင်း အငှားကားတစ်စီးကို တားလိုက်၏။

''ရှေ့ကကားကို မီအောင်လိုက်ပေးပါ ကားဆရာ''

ကားဆရာက သဘောကောင်းသလို အခြေအနေကို နားလည်သူဖြစ်ပုံရသည်။ နှိုင်းပြောသည့်အတိုင်း မောင့်ကားကို မီအောင် လိုက်ပေးသည်။

နေထွဋ်သွေးကားက နာမည်ကြီးဆေးခန်းတစ်ခုရှေ့မှာ ရပ်သွားပြီး ကားပေါ်က မောင်နှင့်ဒေဝီ ဆင်းလာကာ ဆေးရုံထဲ ဝင်သွားတာမြင်တော့ နှိုင်းရင်ထဲ နင့်ခနဲဖြစ်သွားသည်။

နှိုင်းကိုပြောတော့ မောင် အလုပ်တွေများ၍ အိမ်ပြန် နောက်ကျမည်တဲ့။ မောင်လုပ်မယ့် အလုပ်တွေဆိုတာ ဒါတွေလား။ နှိုင်း ကားပေါ်ကဆင်းပြီး နေထွဋ်သွေးတို့နောက်ကိုပဲ လိုက်သွား ရမလား။ နေရာကပဲ ရပ်စောင့်ကြည့်ရမလား၊ တွေဝေစဉ်းစား



www.burmeseclassic.com

www.burmeseclassic.com



နေခိုက်မှာ ဆေးရုံထဲက အမျိုးသမီးနှစ်ယောက် ရယ်မောထွက်လာတာ မြင်လိုက်ရသည်။

"တွေ့လိုက်လား၊ ဒေဝီတို့လင်မယားနှစ်ယောက်၊ အပြင်မှာ ဖြစ်ချင်တိုင်း ဖြစ်နေလိုက်တာ"

"ဟဲ့...သူတို့က ကွာရှင်းပြီးသား မဟုတ်လား"

"ဟုတ်တယ်လေ၊ အိမ်မှာ နောက်မယားရှိနေရဲ့နဲ့ အရင်မိန်းမနဲ့ တွဲခုတ်နေတာ မမြင်ဘူးလား"

"အေးဟယ်...အိမ်က မိန်းမ သနားပါတယ်၊ ကိုနေထွန်းကြီးက ဒါတော့ မကောင်းပါဘူး"

"ဟင်"

နေထွန်းဆိုသည့် အမည်နှင့် ဒေဝီဆိုသည့် အမည်များနှင့် ဆက်စပ်ပတ်သက်မှုက အံ့ဩမယုံနိုင်စရာဖြစ်၍ နှိုင်းတစ်ကိုယ်လုံး လှုပ်မရအောင် အေးစက်တောင့်တင်းသွားသည်။

ဘုရား...ဘုရား။

ဒေဝီနဲ့မောင်ဟာ အရင်က လင်မယားဆိုပါလား။ ကွာရှင်းပြတ်စဲခဲ့ပြီးမှ ပြန်တွဲကြတာ လက်ထပ်ပြီးသား ဇနီးမယား





အပေါ်မှာ သစ္စာဖောက်တာပဲ မဟုတ်လား။

နှိုင်းကိုပြောတော့ ဒေဝီက မောင့်သူငယ်ချင်းတဲ့။

လူလိမ်...လူညာ။

ကိုယ့်အပြစ်ကိုကွယ်ဝှက်ပြီး နှိုင်းကို အပြစ်မရှိ အပြစ်ရှာနေတဲ့လူ။ နှိုင်း လွတ်လပ်ခွင့်မှန်သမျှ သူ့အတ္တတစ်ခုတည်းနဲ့ သိမ်းပိုက်ချုပ်နှောင်ထားရက်သူ။ နှိုင်းကိုယ်နှိုင်း ဘယ်လိုပုံစံနှင့် မမလှိုင်းရှိရာ ရောက်လာမှန်းမသိ။ မမလှိုင်းကို မြင်လိုက်ရချိန်မှာ ဘာစကားမှမဆိုနိုင်ဘဲ သတိလစ် မေ့မျောသွားသည်အထိ နှိုင်းနှလုံးသားဒဏ်ရာက ပြင်းခဲ့သည်။

ဒီနောက်မှာတော့ မမလှိုင်းကို ခေါ်ကာ နေထွန်းသွေးနှင့် အဝေးဆုံးကို ထွက်ပြေးခဲ့သည်။ မမလှိုင်းကိုယ်တိုင်ထည်း သူ့မင်္ဂလာပွဲအတွက် စီစဉ်နေသမျှ ခင်ပွန်းလောင်းကို လွှဲခဲ့ပြီး နှိုင်းခေါ်ရာ တစ္ဆတ်တိုက် လိုက်ပါလာခဲ့ရရှာသူဖြစ်သည့်တိုင် နှိုင်းကို ဘာစကားတစ်ခွန်းမှ အပြစ်မဆိုခဲ့ရှာပါ။ နေထွန်းသွေးနှင့် ဒေဝီတို့အကြောင်း မမလှိုင်းကိုယ်တိုင်လည်း ဘာမှမသိ။ နှိုင်းပြောသမျှ နားထောင်ပြီး အံ့ဩတုန်လှုပ်နေတာပဲရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



နေထွဋ်သွေးဘက်ကတော့ နှင်း ပျောက်သွားတာနှင့် ပတ်သက်ပြီး အရူးတစ်ယောက်လို ဖြစ်သွားသည်။ လှိုင်းနှင့်တွေ့ဖို့ ကြိုးစားသည်။

နှင်း ကတိတောင်းထား၍ လှိုင်းက လူချင်းအတွေ့မခံသော်လည်း နှင်း ဘာကြောင့် ကွာရှင်းစာချုပ်မှာ လက်မှတ်ထိုးပြီး ထားရစ်ခဲ့ရသလဲဆိုတာ ဖုန်းနဲ့ပဲ လှမ်းရှင်းပြလိုက်၏။

ဒေဝီဆိုတာ နေထွဋ်သွေးရဲ့ ပထမ ဇနီးဟောင်းဆိုတာ နေထွဋ်သွေး ဝန်မခံဘဲ နေလို့မရသည့်အဆုံးမှာ မမလှိုင်းကို ခေါင်းညိတ်ဝန်ခံလိုက်တော့ နှင်းရင်တွေ ပိုနာရသည်။ ပိုအခံရခက်သည်။

နေထွဋ်သွေးစိတ်ကို ပိုကြောက်လန့်မိသည်။

“ဒါပေမဲ့ နှင်းထင်သလို ဒေဝီနဲ့ ကျွန်တော့်ကြားမှာ ဘာအနှောင်အဖွဲ့မှ မရှိဘူးဆိုတာတော့ မလှိုင်း ယုံပါဗျာ၊ ပြီးတော့ ဒေဝီကိုယ်တိုင်လည်း မကြာခင် လက်ထပ်တော့မှာပါ။

စီးပွားရေးကိစ္စနဲ့ တခြား လူမှုရေးကိစ္စတွေကြောင့် ဒေဝီကိုဆက်ဆံနေရပေမယ့် ကျွန်တော့်စိတ်ထဲမှာ နှင်းကလွဲပြီး ဘယ်





သူမှမရှိဘူးဆိုတာ ယုံပါ။

ကျွန်တော်ချစ်တာ နှင်း တစ်ယောက်တည်းပါ မလှိုင်းရယ်၊ နှင်းကို ကျွန်တော်ကိုယ်တိုင် ရှင်းပြပါရစေ၊ ဒေဝီလည်း သူ့ယောကျ်ားနဲ့ နိုင်ငံခြားကို အပြီးထွက်သွားတော့မှာပါ”

နေထွဋ်သွေး ပြောသည့်အတိုင်း လှိုင်းက ညီမဖြစ်သူကို ပြောပြပေမယ့် နှင်းက ဘာတစ်ခုမှလက်မခံ။ အချစ်ကြီးတော့ အမျက်ကြီးတာက တစ်ပိုင်း၊ နှင်းကိုလိမ်ရက် ညာရက်တာက တစ်ပိုင်း။ နေထွဋ်သွေး ဘာပြောပြော လုံးဝခွင့်လွှတ်၍မရနိုင်အောင် အသည်းနှလုံးတွေ ခါးသီးနေချိန်မှာ မျှော်လင့်မထားတာ ဖြစ်လာ၏။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

"ဝုန်း"

"အမလေး…လာကြပါဦး၊ နှိုင်း ဒီမှာ သတိလစ်သွား လို့"

ညီအစ်မနှစ်ယောက် အတူရှိနေရာက စကားပြောရင်း နှိုင်းတစ်ယောက် ရုတ်တရက် သတိလစ်သွားတော့ လှိုင်း ပျာသွားသည်။ ညီမငယ်ဒုက္ခအတွက် ရင်ပူနေတာကတစ်ဖက်၊ လှိုင်း မင်္ဂလာပွဲအတွက် စိတ်လှုပ်ရှားနေရတာက တစ်ဖက် ဖြစ်နေဆဲ နှိုင်း သတိလစ်သွားတော့ ထိတ်လန့်မှုက အဆုံးရောက်သွားသည်။

www.burmeseclassic.com



သို့သော် နှိုင်းက ကံကောင်းပါသည်။ အစားမစား၊ ညအိပ်ရေးပျက်ရက်များ၍ စိတ်ထိခိုက်ကာ လူက ပိန်သွားပေမယ့် နှိုင်းမှာ နေထွဋ်သွေး၏ ရင်သွေးလေးကို လွယ်ပိုးထားရပြီဆိုသော သတင်းစကားက အားလုံးကို အံ့သြပျော်ရွှင်မှု ဖြစ်စေခဲ့ပြန်သည်။

"အေဝိနဲ့ ကျွန်တော် လက်ထပ်ဖြစ်ခဲ့တယ်ဆိုတာ နှစ်ဖက်မိဘတွေရဲ့ ကျန်းမာရေး၊ စီးပွားရေးကြောင့် မျက်စိမှိတ် ခွတ်နှစ်ကြရတာမျိုးပါဗျာ၊ ဒါကြောင့်လည်း လူကြီးတွေရှေ့မှာ လက်ထပ်ပြီး ကွယ်ရာမှာ ချက်ချင်း ကွာရှင်းစာချုပ်နဲ့ အတိအလင်း လက်မှတ်ထိုးခဲ့ကြတာပါ"

"ဒါတွေ အစကတည်းက ဘာလို့မပြောခဲ့တာလဲ နေထွဋ်သွေးရယ်"

"နှိုင်းက အစကတည်းက ကျွန်တော့်ကို မုန်းနေတာဆိုတော့ လူအိုကြီးမို့ တခြားတစ်ယောက်ယောက်ကို ရွေးသွားမှာကြောက်လို့ပါဗျာ"

နေထွဋ်သွေးဘက်က သူ့ဆင်ခြေနဲ့သူ ဟုတ်နေပေမယ့် နှိုင်းဘက်ကျတော့ အနေအထားချင်းက မတူ။





"မမလှိုင်းလည်း ဘာပြောရမှန်း မသိတော့ဘူးကွယ်၊ လောလောဆယ် နှိုင်းတစ်ယောက်တည်း နေပါစေ၊ နောက်မှ မင်းတို့ချင်း အဆင်ပြေအောင် ကြည့်ညှိကြတော့၊ နှိုင်းကို ဆရာဝန်က ဘာအတွက်နဲ့မှ စိတ်ဆင်းရဲမခံရဘူးလို့ ပြောထားတယ်"

"နှိုင်း နေမကောင်းလို့လား မလှိုင်း"

"အင်း"

ဘယ်လိုနေမကောင်းတာလဲဆိုတာတော့ ပြောမပြတော့ပါ။

နှိုင်းကလည်း သူ့ရင်သွေးလေးကိစ္စ နေထွဋ်သွေးကို ဘာတစ်ခုမှမပြောပါနဲ့ဟု လှိုင်းကိုပြောထား၍ နေထွဋ်သွေး ကလေးအဖေဖြစ်ကြောင်း ဖွင့်ပြောမနေတော့။

"မလှိုင်းတို့ မင်္ဂလာပွဲ ကျွန်တော်လာမယ်နော်"

"သဘောပါပဲကွယ်၊ မမလည်း ဘာမှမပြောတတ်တော့ပါဘူး"

"နှိုင်းရောလာမှာလား မလှိုင်း"

"မလာဖြစ်ဘူးတဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဪ"

"နှိုင်းရောဂါက ဘာလဲဟင်"

"ဒီလိုပါပဲကွယ်၊ အစားပျက် အအိပ်ပျက်တာမျိုး"

"နှိုင်းကို ကျွန်တော့်ကိုယ်စား ဂရုစိုက်ပေးတဲ့ မလှိုင်
ကျေးဇူးကို မမေ့ပါဘူးဗျာ၊ နှိုင်း စိတ်ဆိုးပြေတဲ့အထိ ကျွန်တော်
စောင့်မှာပါ"

နေထွန်းသွေးက ကိုယ့်အမှား ကိုယ်သိထား၍ နှိုင်း ဘာ
ကြောင့် သူ့မျက်နှာကို မကြည့်ချင်လောက်အောင် မုန်းသွားတာ
ဆိုတာကိုပါ နားလည်သဘောပေါက်ထား၍ နှိုင်းရှိသည့်နေရာ
ရှာတ်မမေးတော့ပါ။ ကိုယ့်နည်းကိုယ့်ဟန်ဖြင့် နှိုင်း စိတ်ဆိုးပြေ
အောင် သူ့အမှားကို နှိုင်း ကျေနပ်သည်အထိ တောင်းပန်ဖို့သာ
စိတ်ကူးထားသည်။ လှိုင်း၏မင်္ဂလာပွဲက ခြိမ့်ခြိမ့်သဲ ပြီးသွားသည်
လှိုင်းပြောသလို နှိုင်းကို သူ့အစ်မ မင်္ဂလာပွဲမှာ မတွေ့ရသော
နေထွန်းသွေးရင်ထဲ ဟာသွားသည်။

မတွေ့ရသည့် မျက်နှာလေးကို မြင်ချင်သည်၊ တွေ့ချင်
သည်။ ဒေဝီက သူ့မခင်ပွန်းနှင့် နိုင်ငံခြားကို အပြီးလိုက်သွား





ပေမယ့် နေထွန်းသွေးကတော့ ကိုယ့်အချစ်ဆုံးဇနီးနှင့် မတွေ့ရဘဲ
ဖြစ်နေ၏။

သူ့အမှားအတွက် ရှင်းပြခွင့်လည်းမရ။ နှိုင်းအပေါ်မှာ
သူ့ဘက်က မှားခဲ့တာ မှန်သည်။ ဒါကိုဝန်ခံပေမယ့် ဒေဝီ့အပေါ်
ငဲ့စရာတွေရှိ၍ ကင်းကင်းပြတ်ပြတ် မလုပ်နိုင်သည့်ထဲမှာ ငယ်ငယ်
ထဲက ကျွန်းမာရေးချူချာသည့် ဝေဒီဆိုတာ နေထွန်းသွေး ငယ်
သူငယ်ချင်း ဖြစ်နေတာလည်းပါသည်။ ဒေဝီ့ငွေတွေ ကုမ္ပဏီထဲမှာ
အများကြီးရှိနေသည့်အတွက် ကင်းကင်းပြတ်၍မရ။ ဒေဝီကတော့
သူ့ လုံးဝစိတ်ချယုံကြည်ပြီး ငွေကြေးပိုင်ဆိုင်မှုတွေ ဒီအတိုင်းထား
သွားသည့်အတွက် ကျေးဇူးတင်ပေမယ့် ဒေဝီကြောင့် နှိုင်းနှင့်ဝေး
ခဲ့ရသည်။

တစ်ခါမှ ချစ်ဇနီးနှင့် အခုလိုမခွဲဖူးတော့ လူက ရူးမတတ်
ဖြစ်သွားသည်။ အလုပ်လည်း မလုပ်နိုင်တော့။ နောက်ဆုံး လှိုင်း
ကို အသနားခံပြီး နှိုင်းရှိမည့်နေရာကိုမေးမှ လှိုင်းက သူ့ကိုသနား
ပြီး ပြောပြသည်။ သူ ဘာမှမစဉ်းစားဘဲ ချစ်သူရှိရာ အပြေးလာ
ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ပင်လယ်ပြင်ကို ဖြတ်သန်းတိုက်ခတ်လာသည့်လေက အေးမြနေ၏။ လှပသော ချစ်ဖနီးပုံရိပ်ကိုကြည့်ပြီး ချစ်မြတ်နိုး သူ ပြုံးလိုက်သည်။ ထို့နောက် ကြိုတင်စိတ်ကူးလာသည့် အစ အစည်အတိုင်း နှိုင်းအိမ်ရှေ့လေးမှာ စာနှင့် ပန်းစည်းတွေ ထာ လိုက်သည်။ တံခါးခေါက်သံကြား၍ နှိုင်း အိမ်ရှေ့ထွက်လာတော့ ဘယ်သူ့ကိုမှမတွေ့ရဘဲ လှပသော ပန်းနှင့် စာအိတ်ညိုညိုကြီး တစ်လုံးကို တွေ့လိုက်ရ၍ အံ့သြသွားသည်။

ပေးသူကိုလိုက်ရှာပေမယ့် မတွေ့။ နောက်ဆုံး ပန်းနှင့် စာအိတ်ကြီးကိုယူပြီး အခန်းထဲမှာ ဖွင့်ကြည့်လိုက်တော့ လက်ထပ် စာချုပ်တစ်ခု၊ ကွာရှင်းစာချုပ်တစ်ခု ဖြစ်နေ၍ သူမ အံ့သြသွား၏

လက်ထပ်စာချုပ်နှစ်စောင်လုံးမှာ သတို့သမီးအမည်က ဒေဝီဖြစ်နေပြီး တစ်စောင်က နေထွဋ်သွေးနှင့် လက်ထပ်ထားတာ ဖြစ်ပြီး နောက်တစ်စောင်က မျိုးလတ်ဆိုသည့်လူနှင့် မကြာခင် ကမှ လက်ထပ်ထားသည့် စာချုပ်ဖြစ်သည်။

နေထွဋ်သွေးနှင့်လက်ထပ်စာချုပ်က လွန်ခဲ့သည့် ငါးနှ က စာချုပ်ဖြစ်ပြီး ကွာရှင်းစာချုပ်မှာ ရှိနေသည့်ရက်စွဲနှင့် လက်ထပ်





စာချုပ်မှာ ရှိနေသည့်ရက်စွဲက အတူတူ တစ်နေ့တည်း တစ်ရက် တည်းဖြစ်သည်။ ဒါဆို ဒီစာအိတ်ညိုကြီးကို လာထားသွားသူက မောင်ပေါ့။

နှိုင်းရင်ထဲ လှုပ်ရှားသွားသည်။ မောင့်အကြောင်းတွေး လိုက်တိုင်း နှိုင်းနှလုံးသားတွေ နာကျင်ကြေကွဲရသည်ကတစ်ပိုင်း၊ မောင့်ကိုချစ်သည့်စိတ်နှင့် မုန်းချင်ပါလျက် မုန်းမရဖြစ်နေသည်က တစ်ပိုင်းဖြစ်သည်။

"ဟင်...ဒီမှာ စာတစ်စောင်ပါလား"

လက်ရေးက နေထွဋ်သွေး လက်ရေးဖြစ်၍ စာကိုဖွင့် လိုက်တော့ သူ့အမှားအားလုံး နှိုင်း ကျေနပ်သည်အထိ တောင်းပန် ထားသည့်စာဖြစ်နေ၍ နှိုင်းပါးပြင်ပေါ် မျက်ရည်တွေ စီးကျလာ သည်။

နှိုင်းအပေါ်မှာ လူတကာနှင့် မနာလိုသဝန်တိုတတ်ခဲ့သော မောင်က သူ့အပြစ်ကိုကျတော့ စာလေးတစ်စောင်ရေးပြီး ကျေအေး ပေးစေချင်တာကို ရင်နာသည်။ နှိုင်းကို မောင်ချစ်သလို နှိုင်းက လည်း မောင့်ကိုပြန်ချစ်တတ်တာ မောင် မေ့နေပုံရသည်။ တခြား



www.burmeseclassic.com

www.burmeseclassic.com



သူစိမ်းမိန်းမတစ်ယောက်နဲ့ လက်ထပ်ခဲ့ရုံမက ထိုမိန်းမကို နှင်းအိမ်ထဲအထိ အတူဝင်ထွက်သွားလာစေခဲ့သူအဖြစ် မောင့်ကို နှင်းမုန်းသည်။ ခွင့်မလွှတ်။

နောက်ရက်တွေမှာလည်း တောင်းပန်စာအမျိုးမျိုးနှင့် လှသော ပန်းစည်း၊ ပန်းခြင်း၊ အရုပ်အမျိုးမျိုး နှင်းအိမ်ရှေ့လေးမှာ မနက်တစ်ခါ၊ ညနေတစ်ခါ ရောက်ရောက်နေတာကို နှင်း မသိသလို ဟန်ဆောင်ပြီး တစ်ခုမှမယူဘဲ အရေးမစိုက်သလို နေလိုက်တော့ ဆွေ့ဆွေ့ခုန် နေမရထိုင်မရဖြစ်သူက နေထွဋ်သွေးဖြစ်သွားသည်။

နှင်း သူ့ကိုခွင့်မလွှတ်နိုင်အောင် မုန်းနေဆဲဆိုတာသိတော့ နေထွဋ်သွေး စိတ်လှုပ်ရှားနေ၏။

မောင့်ကိုခွင့်လွှတ်ပါ နှင်းရယ်။ နှင်းကို မောင် တမင်လိမ်ညာခဲ့တာ မဟုတ်ပါဘူး။ မောင်ချစ်တဲ့နှင်းကို စွန့်လွှတ်ဆုံးရှုံးရမှာကြောက်လို့ အခုလိုဖြစ်ရတာပါ။

နေထွဋ်သွေး ဘာပြောပြော နှင်း လက်မခံမှာကိုသိမယ့် ဒါကိုပဲ အထပ်ထပ် သူ တောင်းပန်နေမိသည်။





၁

နှင်းက အခုထိ လုံးဝခွင့်မလွှတ်။

"နှင်း"

"ဟင်...ရှင် ဘာလာလုပ်တာလဲ"

"နှင်းနားက အခုထွက်သွား"

"မောင် တောင်းပန်ပါတယ် နှင်းရယ်၊ မောင့်ကို ခွင့်လွှတ်ပေးပါ"

နေထွဋ်သွေးမျက်နှာကိုကြည့်ပြီး နှင်း ရင်တွေပိုနာလာ၏။ နှင်းကို သူ့အတွက် လှည့်စားလိမ်ညာရက်ခဲ့တာကိုလည်း စိတ်နာသည်။

"ရှင့်ကိုယ်ရှင်ကျတော့ သိတတ်လှချည်လား ဦးနေထွဋ်သွေးရယ်၊ ရှင် လိမ်ညာလှည့်စားတာ နှင်းကို ချစ်လို့တဲ့လား"

"မောင် မှားခဲ့ပါတယ် အချစ်ရယ်"

"ဘာအချစ်လဲ၊ နှင်း ရှင့်ကိုမုန်းတယ် သိလား"

"မုန်းတယ်"

"သွား...နှင်းနားက အခုထွက်သွား၊ ရှင်နဲ့မပေါင်းနိုင်ဘူး၊ ကွာရှင်းစာချုပ်မှာ လက်မှတ်ထိုးပြီးပြီ"



www.burmeseclassic.com

www.burmeseclassic.com



"မောင် ခွင့်မပြုဘူး နှိုင်း၊ နှိုင်းဟာ မောင့်ဇနီးအဖြစ် မောင်နဲ့အတူ အမြဲရှိနေမှ မောင့်ဘဝ ပြည့်စုံမယ်"

"အခုမှ စကားတွေ တတ်နေလိုက်တာ၊ ရှင်တစ်ယောက်တည်း ချစ်တတ်တယ်ထင်နေလား ဦးနေထွန်းသွေး၊ ဟောဒီက နှိုင်းကလည်း သိပ်ချစ်တတ်သူပါရှင့်၊ ရှင့်လောက် ကြီးမားတဲ့အပြစ် မရှိခဲ့တဲ့သူကို ရှင် ဘယ်လိုချုပ်ချယ်အမိန့်ပေးခဲ့လဲ"

ပြောရင်း ဝမ်းနည်းလာကာ ပါးပြင်ပေါ် မျက်ရည်တွေ စီးကျသည်။ နေထွန်းသွေးမှာလည်း သူ့အများအတွက် ဘယ်လို တောင်းပန်ရမှန်းမသိ။ သူ့ဘက်က သိပ်မှားခဲ့တာ သေချာသည်။

အခုချိန်မှာ နှိုင်းကိုချစ်လို့ဆိုသည့်စကား မပြောရဲတော့ပါ။ နှိုင်းလည်း သူ့ကိုချစ်လို့ မှန်းနေတာ အပြစ်မဆိုသာ။

"ရှင် ပြန်ပါ"

"နှိုင်းရယ်"

"နှိုင်းဘဝမှာ ရှင့်လိုလူ မရှိတော့ဘူး"

နှိုင်းစကားကြောင့် နေထွန်းသွေး မျက်နှာပျက်ပျက်နှင့် နှိုင်းမျက်နှာလေးကိုသာ စိုက်ကြည့်နေမိသည်။ နှိုင်း သူ့ကိုမုန်း





သွားမှာ ကြောက်လာသည်။

"နှိုင်း"

"ရှင်ပြန်တော့လို့ ပြောနေတာနော်"

"တူ...တူ...တူ"

နှိုင်းတို့ စကားပြောနေတုန်း နေထွန်းသွေးဖုန်းက အသံ မြည်၏။ နံပါတ်ကိုကြည့်လိုက်တော့ လှိုင်း၏ဖုန်းဖြစ်နေ၏။

"ဟဲလို"

"အေး...မလှိုင်းပါ၊ အခုချိန်ရောက်မှ ဘာမှကွယ်ဝှက် မနေချင်တော့ဘူး နေထွန်း၊ နှိုင်းကတော့ မင်းကို စိတ်နာနေမှာ ပဲ၊ အရေးကြီးတာ နှိုင်း ဘာပြောပြော ဘာလုပ်လုပ် မင်းကိုချစ် လို့ဆိုတာ နားလည်ပါ၊ နှိုင်းမှာ မင်းရင်သွေးလေး ရှိနေပြီ"

"ဗျာ"

အံ့ဩတုန်လှုပ်မှုတွေနှင့် စိတ်လှုပ်ရှားစွာ နှိုင်းကို ကြည့် လိုက်တော့ နှိုင်းက မျက်ရည်ကျနေဆဲ။

"ဟုတ်တယ်၊ ကိုယ်ဝန်သုံးလကျော်နေပြီ၊ သားကိုရော အမေကိုပါ သေချာဂရုစိုက်လိုက်ပါ၊ ဒါပဲနော်"



www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်က ဖုန်းချသွားချိန်ထိ နှိုင်း ဝမ်းဗိုက်လေးကို လှမ်းကြည့်ကာ နေထွင့်သွေး ရင်တွေခုန်လာ၏။

"နှိုင်း"

"ဘာမှမပြောနဲ့၊ မကြားချင်ဘူး"

"နှိုင်း့ အော်လည်း မောင် ဂရုမစိုက်ဘူး၊ မောင့်အပြစ်အတွက် နှိုင်း ကြိုက်သလောက် အပြစ်ပေးလည်း ခံမယ်၊ ဒါပေမဲ့ နှိုင်းနဲ့ သားနားက မောင် ဘယ်မှမသွားနိုင်ဘူး နှိုင်း"

"ဟင်...ဒါ...ဒါတွေကို ရှင့်ကို မမလှိုင်း ပြောပြလိုက်တာလား"

"ဟုတ်တယ်၊ သားအမိနှစ်ယောက်ကို ဖေဖေကြီးက ဂရုစိုက်လိုက်ပါတဲ့"

"အို...မမလှိုင်း ကတိမတည်ဘူး၊ ဒီစကားတွေ မပြောပါနဲ့ဆိုတာကို"

"မမလှိုင်း အပြစ်မဟုတ်ပါဘူး နှိုင်းရယ်၊ မောင့်အပြစ်တွေပါ၊ အခုချိန်ကစပြီး မောင့်ချစ်ဇနီးလေး ဘာလုပ်လုပ် မောင် ကျေကျေနပ်နပ်ကြီး ကြည်ဖြူခွင့်လွှတ်ပေးပါ့မယ်"





"ရှင်ခွင့်မပြုလည်း ဂရုမစိုက်ပါဘူး"

"ဟုတ်ပါပြီဗျာ၊ မောင်ကလည်း သဘောပြောတာပါ"

"အို...ဘာသဘောမှ ပြောစရာမရှိဘူး၊ အခုပြန်"

ဒေါသနှင့် နှိုင်း အော်နေပေမယ့် နေထွင့်သွေးက ဂရုမစိုက်ဘဲ နှိုင်းရှိရာ လျှောက်လာသဖြင့် နှိုင်း မျက်လုံးလေး ဝိုင်းသွားသည်။

"ရှင်ပြောနေတာ မရဘူးလား"

"ဟင့်အင်း"

"ဒီလောက်တောင် ပြောမရဝဲ့လူ"

"ကဲဟယ်"

"ကဲ...ကဲ"

နှိုင်းကိုယ်လေးကို နွေးထွေးသန်မာသော လက်များဖြင့် ဆွဲယူသိမ်းပိုက်လိုက်သော လူကို လက်သီးဆုပ်လေးများဖြင့် ထုရိုက်ရုန်းကန်ပေမယ့် မအောင်မြင်ပါ။

"သိပ်ချစ်တယ် နှိုင်းရယ်"

အလွမ်းပြေဝေနေသည့် အနမ်းပင်လယ်ထဲ လျှောက်



www.burmeseclassic.com

www.burmeseclassic.com



သွားချိန်မှာတော့ နှိုင်းကိုယ်တိုင် ဒေါသမုန်တိုင်းမထန်နိုင်တော့ဘဲ စကားသံလေးတွေ ပျောက်ဆုံးသွားရပေမယ့် တစ်ခွန်းသောစကားကိုတော့ ရအောင်ပြောလိုက်သည်။

"ရှင့်ကိုမုန်းတယ်"

ဘ ဘ ဘ



## အခန်း (၁၄)

"ဟယ်...ကိုနှစ်ဦး"

"နှိုင်း"

မထင်မှတ်ဘဲ နှစ်ဦးနှင့်ဆုံလိုက်ရ၍ နှိုင်း အံ့ဩသွားသလို အနားမှာအတူရှိနေသည့် မောင့်မျက်နှာကို ဖျတ်ခနဲ လှမ်းကြည့်လိုက်မိတော့ လှိုက်လှဲသောအပြုံးဖြင့် နှိုင်းကို ပြုံးကြည့်နေသည့် မောင့်အပြုံးမှာ သဝန်တိုခြင်း၊ မနာလိုခြင်းတွေ မတွေ့ရမှ နှိုင်း ကျေနပ်သွားသည်။

"ကိုနှစ်ဦး နေကောင်းတယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့…ဒီနေရာမှာ ကိုနေထွန်းတို့စုံတွဲကို တွေ့ရလိမ့်မယ်လို့ လုံးဝထင်မထားဘူးဗျာ၊ ညစာအတူစားဖို့ ဖိတ်ပါရစေ၊ လက်ခံပါဗျာ"

နှစ်ဦးက ပြုံးပြုံးရွှင်ရွှင် ရယ်ရယ်မောမော ညစာအတူစားဖို့ ဖိတ်ခေါ်ပေမယ့် နေထွန်းသွေးက နှစ်ဦး ဖိတ်ခေါ်မှုကို လက်မခံဘဲ ချက်ချင်းငြင်းသည်။

"အာ…ဒါတော့ လက်မခံပါရစေနဲ့ဗျာ၊ ကျွန်တော်တို့…"

"နှိုင်း လက်ခံတယ် ကိုနှစ်ဦး၊ ဘယ်ကိုလာခဲ့ရမလဲ ဆိုတာသာ ပြော"

"သင့်ခ်ယူးပါဗျာ၊ ညစာအတွက် ပင်လယ်စာကောင်းကောင်းရမယ့် မိုးပြာဆိုင်မှာပဲ စီစဉ်ပါရစေ"

"အိုကေ"

"နှိုင်းတို့ ခုနစ်နာရီရောက်လာမယ်၊ သွားပြီနော် ကိုနှစ်ဦး"

"ခွင့်ပြုပါဦး ကိုနှစ်ဦး"

"ကောင်းပါပြီ ကိုနေထွန်း"





နေထွန်းသွေးမှာ မကောင်းတတ်၍ နှစ်ဦးက နှုတ်ဆက်စကားပြောနေရပေမယ့် စိတ်ထဲမှာတော့ မနာလိုဝန်တိုခြင်းတွေနှင့် ပြင်းထန်ပူလောင်နေသည်။ နေထွန်းသွေး မသွားချင်တာ လက်မခံချင်တာ သိသိနှင့် နှိုင်းက လက်ခံစကားပြောသွားတာ သူ့ကို တမင် အနိုင်ယူချင်၍ပြောမှန်းသိ၍ အသာငြိမ်နေလိုက်ရခြင်းဖြစ်သည်။

ဟိုအရင်စိတ်နဲ့ဆို ဒီပုံစံက လင်မယားနှစ်ယောက် စိတ်ကောက်ကြ စကားများကြမှာ ဖြစ်ပေမယ့် အခုတော့ ကိုယ့်အကြောင်းနှင့်ကိုယ် နှိုင်း စိတ်ဆိုးအောင် ဘာမှမပြောရဲ။

နှိုင်းကလည်း သူ့ကို တမင်ရွဲ့ပြီး တခြားယောကျ်ားလေးအပေါင်းအသင်းတွေနှင့် ရယ်ရယ်မောမော နှုတ်ဆက်တာ၊ စကားပြောတာ၊ ဖုန်းပြောတာ အားလုံး မကျေမနပ် အောင့်သက်သက်နှင့် ဒီအတိုင်း လက်ပိုက်ကြည့်နေရသည်။

"နှိုင်း"

"ရှင် နှိုင်းကို ဘာမှမပြောနဲ့၊ ရှင်ဘာပြောချင်တယ်ဆိုတာ နှိုင်း သိတယ်"



www.burmeseclassic.com

www.burmeseclassic.com



မှန်တင်ခုံရှေ့မှာ အလှပြင်နေသည့် နှိုင်းထံမှ စကားကြောင့် နေထွဋ်သွေး ပါးစပ်ပိတ်သွားသည်။ အနက်ရောင်ဂါဝန်နှင့် နှိုင်းအလှက ရှန်းရှန်းစက်စက် လှချင်တိုင်းလှနေ၏။ သူ့စိတ်အထင်ခါတိုင်းထက် အလှပိုပြင်ထားသလို ထင်မိ၍ ရင်ထဲပူနေ၏။

"တော်ရုံဆို ရပါပြီ နှိုင်းရယ်၊ ဘာလို့ ဒီလောက်အလှတွေ ပြင်နေတာလဲ"

"လှချင်လို့ပေါ့ရှင့်"

နှိုင်းထံမှ ဝန်ခံစကားကြောင့် သူ ဘာဆက်ပြောရမှန်းမသိဖြစ်သွားကာ မကျေမနပ်နှင့် နှိုင်းမျက်နှာလေးကို စိုက်ကြည့်ပစ်လိုက်သည်။

နှိုင်းက သူ့ကို ဂရုမစိုက်။ မှန်ရှေ့မှာ နှုတ်ခမ်းနီဆိုးပင်မပျက်။

ကိုယ့်အပြစ်နဲ့ကိုယ်ဆိုတော့ ခံရုံရှိသည်။ ဒင်နာကို စိတ်မပါဘဲ လိုက်လာခဲ့ရသော်လည်း မျက်နှာကို နှိုင်းမြင်အောင်သဘောထားကြီးလေဟန် ပြုံးထားရတာလည်း ပင်ပန်းသည်။

"နှိုင်း ကံကောင်းတယ်ဗျာ၊ ကိုနေထွဋ်က နှိုင်းကို





သိပ်ချစ်တာမြင်ရတော့ နှိုင်းအတွက် ပျော်ရပါတယ်ဗျာ"

"ကိုနှစ်ဦးကလည်း ကံကောင်းတဲ့သူနဲ့ တွေ့မှာပါဗျာ"

"နှိုင်း ပြောတဲ့အတိုင်းဖြစ်ပါစေဗျာ"

"ကဲ...နှိုင်းတို့ပြန်တော့မယ်"

"ခွင့်ပြုပါဦး"

"ကောင်းပါပြီဗျာ"

အပြန်လမ်းက တိတ်ဆိတ်သလို နှစ်ဦးစလုံး ရင်ထဲမှာအတွေးကိုယ်စီရှိနေကြသည်။ အိမ်ပြန်ရောက်တော့ နေထွဋ်သွေးက အရင် ကားပေါ်ကဆင်းပြီး နှိုင်းဆင်းရန် တံခါးဖွင့်ပေးသည်။

နှိုင်း ကားပေါ်က အဆင်းမှာပဲ

"အ"

"ကိုယ့်ခြေထောက်ကို အကောင်တစ်ကောင် ကိုက်သွားပြီထင်တယ်"

"ဘာအကောင်လဲဟင်"

"မသိဘူး၊ မောင့်ခေါင်းထဲ တစ်မျိုးဖြစ်လာပြီ"

"ဟင်...လာ...လာ၊ နှိုင်းကိုတွဲ မောင်၊ သိပ်မူးနေ



www.burmeseclassic.com

www.burmeseclassic.com



လားဟင်၊ ဖြည်းဖြည်းလျှောက်နော်"

နှင်းက အယုံလွယ်သူ၊ ခံစားလွယ်သူဖြစ်၍ နေထွင့်သွေး ပြောသမျှကို ချစ်သည့်စိတ်ဖြင့် မစဉ်းစားဘဲ ချက်ချင်းယုံပစ်လိုက် ကာ နေထွင့်သွေးကိုယ်ကြီးကို သူမလက်များဖြင့် ဖမ်းထိန်းမှီတွယ် စေလျက် ယောကျ်ားဖြစ်သူကို အိမ်ထဲအရောက် တွဲခေါ်ဖို့ ကြိုး စားနေပုံကို ရင်ခုန်ချစ်မြတ်နိုးစိတ်ဖြင့် နှင်း မမြင်အောင် ပြုံးခဲ့ သူက နေထွင့်သွေး။ ရှင်တွေ ဘာတွေ ပြောရန် သတိမရ အရင်တုန်းက ပုံစံလေးအတိုင်း ခင်ပွန်းသည်အတွက် စိုးထိတ်ပူ ပေနေပုံလေးက နှင်းရင်ထဲက ချစ်မေတ္တာကို ဖော်ပြနေ၍ နှင်း သူ့ကို တကယ်မမုန်းမုန်း သိလိုက်ရသည်နှင့် နေထွင့်သွေးရင်ထဲ အေးမြသွား၏။

"နှင်း"

"ဘာလဲ မောင်၊ ခြေထောက်ဒဏ်ရာ ဘယ်မှာလဲ၊ လာ-ကြည့်ပေးမယ်၊ လိုအပ်ရင် ဆရာဝန်ခေါ်မယ်"

နှင်းက နေထွင့်သွေး ခြေထောက်က ဒဏ်ရာကို လိုက် ရှာနေ၍ နေထွင့်သွေးက နှင်းလက်လေးကို ဖမ်းဆုပ်ဆွဲယူပြီး





နှင်းမျက်နှာလေးကို သူနှင့်မျက်နှာချင်းဆိုင်စေလိုက်၏။

"အခုချိန် မောင် သေသွားရင်..."

"အို...မပြောကောင်း မဆိုကောင်း၊ ဘာတွေလျှောက် ပြောနေတာလဲ၊ မောင်က ဘာဖြစ်လို့သေရမှာလဲ"

"နှင်းက မုန်းလို့လေ"

"အို...အဓိပ္ပာယ်မရှိတာ"

နှင်းက နေထွင့်သွေး မျက်နှာကိုကြည့်ပြီး ချက်ချင်း အကြည့်လွှဲလိုက်တော့ နေထွင့်သွေးက နှင်းမျက်နှာလေးကို ခွတ် လိုက်ကြည့်သည်။

"မောင့်ဘဝမှာ နှင်းအချစ်တွေကို မရရင် သေတာနဲ့ အတူတူပါပဲ အချစ်ရယ်"

"အား"

"ဟင်...မောင် ဘာဖြစ်လို့လဲ"

"ရင်ဘတ်ထဲက နာတယ်"

"ဆရာဝန်ခေါ်လိုက်မယ်နော် မောင်"

"မခေါ်ပါနဲ့ နှင်း"



www.burmeseclassic.com

www.burmeseclassic.com



"အို…ဘယ်ဖြစ်မလဲ"

မောင့်မျက်နှာကိုကြည့်ရင်း နှိုင်း ထိတ်လန့်တုန်လှုပ်စွာ ဘာလုပ်၍ လုပ်ရမှန်းမသိဖြစ်သွားကာ မျက်ရည်ဝဲလာ၏။

"နှိုင်းရှိရင် အားလုံးဖြစ်တယ်၊ မောင့်အပြစ်တွေကို နှိုင်း ခွင့်လွှတ်ရင်…"

"ဟင်…မောင်…မောင်"

နေထွဋ်သွေးက စကားတစ်ဝက်နှင့် နှိုင်းရင်ခွင်ထဲ သူ့ ကိုယ်ကြီး ငိုက်ကျလာတော့ နှိုင်း ကြောက်လန့်တကြား မျက်ရည် ပေါက်ပေါက်ကျလျက် မောင့်အမည်ကို အထပ်ထပ်ခေါ်နေမိ၏။

"မောင်…မောင်"

"မောင့်ကို နှိုင်း ခွင့်လွှတ်ပါတယ်ကွယ်၊ နှိုင်း အခုလို ဖြစ်ရတာ မောင့်ကိုသိပ်ချစ်လို့၊ နှိုင်းအပေါ်မှာ မောင် ကိုယ်ချင်း စာနာတတ်အောင်လို့ အခုလို…အဟင့်…ဟင့်"

"မောင်…မောင်"

"ဗျာ"

"ဟင်…မောင်…မောင်…ဘာမှမဖြစ်ဘူးနော်"





မောင့်ကိုယ်ကြီးကို သိုင်းဖက်ပြီး အားပါးတရ ငိုနေမိရတာ မောင့်အသံကြောင့် အငိုရပ်ပြီး မျက်ရည်တွေနှင့် မောင့် မျက်နှာကိုမော့ကြည့်တော့ ပြုံးနေသည့် မောင့်မျက်နှာကို မြင်လိုက်ရသည်။

"မောင့်ကိုခွင့်လွှတ်တယ်နော်"

"ခွင့်လွှတ်ပါတယ် မောင်ရယ်၊ အဲဒါက အရေးမကြီး ပါဘူး၊ ဆရာဝန်ဆီ နှိုင်းတို့အခု သွားမှဖြစ်မယ်၊ လာ…မောင်၊ လာပါ"

"မောင် ဘာမှမဖြစ်ပါဘူး အချစ်ရယ်၊ နေလို့ကောင်း သွားပါပြီ"

နေထွဋ်သွေး စကားကို နှိုင်းက မယုံ။

"မောင်ပြောတော့ မောင့်ခြေထောက်ကို အကောင်ကိုက် တယ်ဆို"

"ဟုတ်တယ်၊ အဆိပ်ရှိတဲ့ အကောင်တော့မဟုတ်ဘူး"

"ဒါဖြင့် ဘာကောင်လဲ"

"ဟို…အဲဒါက"



www.burmeseclassic.com

"ကြည့်စမ်း၊ နှင်းကို မောင် ညာတာပေါ့လေ ဟုတ်လား..သွား...သွား၊ နှင်းမှာ တကယ်ထင်ပြီး ငိုလိုက်ရတာ၊ မောင့်ကိုမုန်းတယ်"

"ခုနတုန်းကတော့ ချစ်တယ်ဆို"

"အို...မသိဘူး...မသိဘူး၊ လူလိမ်လူညာ"

"ညာလက်စနဲ့ မောင့်ဇနီးကို ဆက်ပြီးလိမ်ညာပါရစေဦးဗျာ"

"မောင်နော်...အို"

မောင့်ရင်ခွင်ထဲ ထွေးခံရောက်သွားပေမယ့် နှင်း နှလုံးသားတွေ မနာကျင်နိုင်တော့ပါ။ မောင်သာ စောစောက တစ်စုံတစ်ရာ တကယ်ဖြစ်သွားရင် နောင်တတွေနှင့် ကျန်ရစ်ခဲ့မည့်အဖြစ်ကို စိုးထိတ်ကြောက်ရွံ့သွားမိပြီးနောက်မှာ မောင့်ကို နှင်း မမုန်းနိုင်မှန်း သိခဲ့ရပါပြီ။

"ချစ်တယ် နှင်းရယ်၊ မောင်တို့မိသားစုလေး ဘယ်တော့မှ မခွဲဘဲ အမြဲအတူနေကြမယ်နော် အချစ်"

"ဟွန်း...အပြောကတော့ ကောင်းနေတာပဲ"





"လက်တွေ့လည်း တကယ်ကောင်းမှာပါဗျာ၊ မယုံရင် ဟောဒီလို"

"မောင်"

"အို"

ညလေပြည်က ချစ်သူနှစ်ဦးကို တိုးဝှေ့ကျီစယ်သွားပေမယ့် စိတ်မဝင်စား။ တစ်စတစ်စ ပြိုကျလာသည့် အချစ်တို့ ဖွဲ့စည်းထားသည့် ကောင်းကင်ထဲ အလိုက်သင့်မျောပါသွားသူနှစ်ဦး၏ လှပသော ချစ်အိပ်မက်က ချိုလွင်လတ်ဆတ်သော အနာဂတ်နေ့သစ်ရှိရာကိုသာ ဦးတည်လျက်။

*ချစ်သူတိုင်း ပျော်ရွှင်ကြည်နူးနိုင်ကြပါစေ။*

*ချစ်ခြင်းမေတ္တာဖြင့်*

မြပုလဲသွယ်